www.burmeseclassic.com

ဂ မ္ဘီ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်

အောင်မြင်စာပေ

# ပြိတ္တ (ဍ)

## မရဏာသိုက်ကျွန်း



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလင်္ကာဆောင်

❖ အမှိုက်တစ်ခုကို မှိုပြီးရပ်နေရင်
အမှိုလဲတဲ့အခါ ကိုယ်လဲ လဲမှာပါပဲ။
ကိုယ့်ခြေထောက်ပေါ် ရပ်နိုင်ခြင်းသာ
စိတ်အချရဆုံး ဖြစ်ပါတယ်။

❖ သာမန်ဥတစ်လုံးကို ဥတဲ့ကြက်မက
အသံကျယ်ကျယ်နဲ့ ကတော်အသံပေးတယ်။
ရွှေဥ ဥတဲ့ငန်းကတော့
လူသိမှာစိုးလို့ တိတ်ဆိတ်ငြိမ်သက်နေတတ်တယ်။

❖ ကြီးကျယ်စွာ ချမ်းသာနေသူတွေမှာ
လူမသိတဲ့ လျှို့ဝှက်ချက်တွေ ရှိကြတယ်၊
တခြားတော့ မဟုတ်ပါဘူး၊
မရိုးသားတဲ့ ဥာဏ်သွားမှုပါပဲ။

# ဒဿနလင်္ကာဆောင်

❖ ချီးမွမ်းတာခံရရင် စိတ်ချမ်းသာတယ်။
ကဲ့ရဲ့ခံရရင် စိတ်မချမ်းသာဘူး။
ချီးမွမ်းခံရတာနဲ့ ကဲ့ရဲ့ခံရတာကြားမှာ
ကိုယ်ဘာလုပ်မိတယ်ဆိုတာ
သိဖို့ကြိုးစားသင့်ပါတယ်။

❖ စိတ်နဲ့တူတဲ့ လိပ်ပြာတစ်ကောင်ဟာ
တစ်နေရာမှာ လျှို့ဝှက်စွာ ပုန်းကွယ်နေတတ်တယ်။
သူ့ကို အပြင်ထွက်လာအောင် လုပ်နိုင်တာ
တစ်ခုပဲရှိတယ်၊
အဲဒါ 'အချစ်' ဖြစ်ပါတယ်။

❖ ဘဝဆိုတာ မီးရထားလမ်းလိုပါပဲ၊
ကွေ့ကွေ့ကောက်ကောက်နဲ့ ခရီးဆက်နေရတယ်။
အချစ်ရဲ့ပဲ့ကိုင်ထိန်းကျောင်းမှု မရခဲ့ရင်
လမ်းချော်တာတွေ ဖြစ်နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

❖ အချစ်က နေလိုလည်း ပူတယ်၊
ရေလိုလည်း အေးမြတယ်၊
မီးလိုလည်း လောင်ကျွမ်းတတ်တယ်၊
ပူလောင်ခြင်းနဲ့ အေးမြခြင်းကို ခံစားတတ်ခြင်းဟာ
အချစ်ကို ခံစားတတ်ခြင်း ဖြစ်ပါတယ်။

❖ တုံ့ပြန်မှုမရတဲ့အချစ်ဟာ
သက်တံ့ရောင်တစ်ခုလိုပါပဲ
ဘယ်အရောင်ကို ဆုပ်ကိုင်ရမှန်း
မသိပဲ ရှိနေတတ်ပါတယ်။

❖ မီးတောက်တစ်ခု ရလာတဲ့အခါ
သင်ကြိုက်သလို အသုံးပြုနိုင်ပါတယ်။
မီးတောက်များလာတဲ့ အခါမှာတော့
ထွက်မပြေးဖို့နဲ့ မီးငြိမ်းသတ်နိုင်ဖို့ အရေးကြီးပါတယ်။

## ဒဿနလက်ဆောင်

❖ ငွေကြေးဖြင့် ဉာဏ်၊ လုံ့လ ဝီရိယ
ကြိုးစားအားထုတ်မှုတို့ကို
ချုပ်ကိုင်နိုင်ပါသော်လည်း
စေတနာတရားကိုတော့
မည်သည့်အရာနှင့်မှ ချုပ်ထိန်းထား၍ မရနိုင်ပေ။

❖ ကျောက်သားထုသည် မာကျောသည်ဆိုသော်လည်း
သေးငယ်သော ရေစက်ကို နေရာပေးရသည်။
တစ်စက်ချင်းကျသော ရေစက်ကြောင့်
ကာလကြာသော် ကျောက်သား၌
အပေါက်ဖြစ်သွားစေသည်။

❖ မှန်နေတဲ့အချိန်မှာ
ထောက်ခံပေးနေသူများထက်
မှားနေတဲ့အချိန်မှာ အကြံကောင်း ပေးနိုင်သူက
ပိုပြီး တန်ဖိုးရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းစာအုပ်တွင် ပါဝင်သောအခန်းများ


အခန်း(၁) ဘုမ္မိသိုက်ကျမ်းနှင့်သိုက်စောင့်များ
အခန်း(၂) လက်ဝဲကိုးသိန်း၊လက်ယာကိုးသိန်း စာရင်းဝင်သိုက်များ
အခန်း(၃) ဘောဂဗလ၏အကြံအစည်များ
အခန်း(၄) အညတြစက္ကောမပညာရှင်
အခန်း(၅) စက္ကောမပညာနှင့်ဆက်နွယ်လာခြင်းများ
အခန်း(၆) မပြောင့်ဖြူးသော ပေတ္တာလမ်း
အခန်း(၇) အန္တရာယ်ကျော့ကွင်း
အခန်း(၈) မင်းကြီးရန်နောင်နှင့် ယိမ်းနွဲ့ပါးဓား
အခန်း(၉) သေမိန့်ပေးမည့် သေမင်းရုပ်တု
အခန်း(၁၀) ဝဋ်ကြွေးကြုံမှာ မလွတ်သာခဲ့
အခန်း(၁၁) ကိုင်းဓားအတွင်းမှ ပရလောကသား
အခန်း(၁၂) နှစ်ပေါင်း '၄၀၀' က အဖြစ်ဆိုးများ
အခန်း(၁၃) ဦးဇန်ကောင်းနှင့်ဗားမဲ့မှတ်တမ်းများ
အခန်း(၁၄) နန်းမတော်မယ်နှင့် နန်းစဉ်ရတနာများ
အခန်း(၁၅) မနော်ရမ္မာရှာသူမြသင်းကြူ
အခန်း(၁၆) မရဏသိုက်ကုန်း






# ဘုမ္မိသိုက်ကျမ်းနှင့်သိုက်စောင့်များ

ပါဠိသက်ဝေါဟာရများ၊ ပါဠိပျက်ဝေါဟာရတို့တွင် 'သိုက်'ဟူသော ဝေါဟာရကို အစုအဝေး၊ အသိုက်အမြုံ၊ အသိုက်အဝန်းဟူ၍ အဓိပ္ပါယ်ဖွင့်ဆို ရေးသားကြသည်ကို တွေ့ရလေသည်။

ကမ္ဘာအဝှမ်းမှာတော့ 'ရတနာသိုက်' နှင့်ပတ်သက်သည့် ရေးသားချက်များတွင် အသက်ဆိုင်ရာနေရာများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး 'သိုက်'ဟူသော ဝေါဟာရကို ယှဉ်တွဲပြီးရေးသား ဖော်ပြကြလေသည်။

ဆော်လမွန်သိုက်၊ အင်ကာရတနာသိုက်၊ တူတန်ခမွန်သိုက်စသည်ဖြင့် ရွှေငွေရတနာပစ္စည်း အမြောက်အများ ရှိသော နေရာများကို 'သိုက်'ဟူသောဝေါဟာရကို ယှဉ်တွဲရေးသားလေ့ ရှိကြလေသည်။

ထို့ကြောင့် 'သိုက်'ဟူသော ဝေါဟာရသည် အစုအဝေး၊ အသိုက်အဝန်း ဟူသောအဓိပ္ပါယ်နှင့် ပိုမိုဆီလျော်မှု ရှိပေလိမ့်မည်။

မြန်မာနိုင်ငံသည် 'သိုက်'အရေအတွက် အမြောက်များဆုံးရှိသောနိုင်ငံတွင် ထိပ်ဆုံးမှပါဝင်လေသည်။ မြန်မာနိုင်ငံတွင် ဆော်လမွန်သိုက်လို၊ အင်ကာသိုက်လို၊ တုတန်ခမွန်သိုက်လို တစ်ကမ္ဘာလုံးက စိတ်ဝင်စားသော ရွှေငွေရတနာပေါင်း မြောက်များစွာရှိသည်။

ရတနာသိုက်ကြီးမျိုး ပြစရာမရှိသော်လည်း ရွှေငွေရတနာအချို့ရှိသော နေရာများကတော့ နေရာအနှံ့ လက်ညှိုးထိုးမလွဲအောင် ရှိခဲ့ကြပေသည်။

အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် ရွှေငွေကျောက်မျက်ရတနာ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံသာမက ကမ္ဘာပေါ်မှာပင် အကြီးဆုံးဟု





ပြော၍ရသော ကျောက်စိမ်းတုံးထွက်သောနေရာ၊ ပတ္တမြား ငမောက်လို ပတ္တမြားထွက်သောနေရာ၊ အကြီးဆုံးပုလဲထွက်သော နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပေသည်။

ထို့ကြောင့် ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများ ပေါများခြင်းဖြစ်သလို သိုက်များလည်း ပေါလှလေသည်။

အဘယ့်ကြောင့်ဆိုသော် ရှေးနှစ်ပေါင်းများစွာကတည်းက ချမ်းသာကြွယ်ဝသူတို့မှာ ၎င်းတို့ပိုင်ဆိုင်ခဲ့သော ရွှေငွေစသည်တို့ကို သူခိုးသူဝှက်တို့ ရှာဖွေမတွေ့နိုင်ကြစေခြင်းငှာ မြေအောက်၌ နည်းအမျိုးမျိုးနှင့် သိုဝှက်ထားခဲ့ကြသောကြောင့်ဖြစ်သည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံ၌ သိုက်အရေအတွက်များပြားခြင်းဖြစ်တော့သည်။ တရားဝင် သိုက်အရေအတွက်ပေါင်း ကိုးသိန်းကိုးသန်းရှိသည်ဟု ရေးသားဖော်ပြကြသည်။

ထိုစာရင်း၌မဝင်သော သာမန်ဥစ္စာသိုက် အမြောက်အများလည်း ရှိကြပေသေးသည်။

(၁၂၇၅)ခုနှစ်ကထုတ်ဝေထားသော ဗမှန်ကန်းစီရင်ရေးထားခဲ့သော "ဘုမ္မိသိုက်ကျမ်း" ရှစ်စောင်တွဲ၌ မြေပေါ်မြေအောက်၌ များစွာရှိခဲ့သော သိုက်ဟုခေါ်သော ရွှေငွေရတနာရှိသည့်နေရာများကို နေရာနှင့်တကွ ရေးသားဖော်ပြထားသည်ကို တွေ့ရပေသည်။

၎င်းဘုမ္မိသိုက်ကျမ်းတွင် ရေးသားထားသော နေရာ



www.burmeseclassic.com

www.burmeseclassic.com



များမှာ များပြားလှသဖြင့် ပြည့်စုံသည်အထိတော့ မဖော်ပြတော့ပေ။ ကျွန်ုပ်ရေးသားပြီးခဲ့သော အခြားစာအုပ်အချို့၌လည်း သင့်သလောက် ထည့်သွင်းရေးသားခဲ့ပြီးဖြစ်သောကြောင့် ယခုမှာတော့ နမူနာအဖြစ်လောက်သာ ရေးသားဖော်ပြပေးပါမည်။

မန္တလေးမတိုင်မီ (မြို့မတည်မီ) မန္တလေးအနောက်တောင်တက်ခရီးနှစ်ခွအဆုံ ကျောက်ပုံအောက်၌ ရွှေတစ်ရေအိုး၊ ငွေတင်း(၁၀၀)ရှိ၏။

မန္တလေးမတိုင်မီ ထိုအရပ်၌ ကုန်းရှစ်ကုန်းရှိ၏။ မြောက်ပါး၌ တောင်ပို့ရှိသည်။ ထိုတောင်ပို့အောက်၌ ရှစ်တောင်ခန့်တူးသော် ရွှေနှင့်ငွေသုံးတင်းရှိ၏။ ငွေလင်ဗန်း၊ ရွှေလင်ဗန်းတို့နှင့် ရွှေတုံး၊ ငွေတုံးတို့လည်းရှိ၏။ ကြေးခွက်(၅၀၀၀)လည်းရှိပေ၏။

တောင်ပြုန်းဘုရားရှေ့၌ နတ်ရုပ်ရှိ၏။ ထိုနတ်ရုပ်အရှေ့မြောက်ထောင့် ငါးတာအကွာ ကျောက်တိုင်ဟောင်းတစ်ခု ရှိ၏။ ထိုကျောက်တိုင်အောက်ခြေ၌ ရွှေဒင်္ဂါး (၁၀၀၀) ရှိပေသည်။

မြင်းခုံတိုင်ရွာ မြို့ထောင့်၌ ကျောက်ဖျာရှိ၏။ ထိုကျောက်ဖျာအောက်၌ ငွေရှစ်တင်းရှိ၏။ မြင်းခုံတိုင် တောင်ဘက်၌ ကျောက်တိုင်ရှိ၏။ ကျောက်တိုင်အောက်၌ လိပ်ရုပ်ရှိ၏။ လိပ်ရုပ်အောက် သုံးတောင်ခန့်တူးသော် ပတ္တမြားနှင့်





လက်ဝတ်တန်ဆာတို့ရှိ၏။

ပုညရှင်ဘုရား အရှေ့ဘက် လှေခါးအဆင်းတွင် ကျောက်ဖျာဖြင့် ဖိမြှုပ်ထားသော ရွှေသုံးရာရှိ၏။

ပျဉ်းမနားအရှေ့မြောက်ထောင့် မယ်ဇလီတောအတွင်း၌ စေတီဟောင်းတစ်ဆူရှိ၏။ စေတီအောက်တွင် အလောင်းစည်သူမင်း ဘုရားပြုပြင်ရန် မြှုပ်ထားခဲ့သော ရွှေစင်ရွှေပြား တစ်ထောင်ရှိသည်။

ငါးသံရောက်နယ်တွင် နဲလွယ်ဘုရားရှိ၏။ ထိုဘုရားမြောက်ဘက်တွင် အရှေ့ဘက်သို့ မျက်နှာမူထားသော ကျောက်သူရုပ်ရှိ၏။ အသက်ရှိ၏။ ချည်မန်းကွင်းစွပ်၍ ရိုက်ပုတ်ထောင်းသော် ရွှေငါးတင်းမြှုပ်ထားသောနေရာကို ညွှန်ပြသဖြင့် ရပေလိမ့်မည်။

စေတနာတောင်ဂူ ခုနှစ်ဆောင်ရှိ၏။ ထိုတောင်တွင် တောင်ဘက်သို့မျက်နှာမူသောဂူ၊ မြောက်ဘက်သို့မျက်နှာလှည့်သောဂူ၊ အရှေ့ဘက်သို့မျက်နှာလှည့်နေသော ဂူသုံးလုံးလည်းရှိ၏။ ထိုဂူသုံးလုံးအလယ်တွင် အုတ်စုန်းနှင့် နှစ်တောင်ခန့် မြေသို့တူးပါက ရွှေနှစ်တင်းကိုပါ ရနိုင်ပေ၏။

တလည်တွင် ကုလားကျောင်းရှိ၏။ တံခါးနံအောက်၌ ရွှေတစ်သောင်းရှိ၏။ စောက်သုံးတောင်ထွာအနက်တွင်ရှိ၏။ ကုလားသုပ်အနောက်မြောက်တွင် သရက်ပင်ရှိ၏။ ထိုနေရာတွင် ခွဲအိုးနှင့်ထည့်သော ရွှေစောက်ငါးတောင်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်မဟာဗောဓိကျောင်းတွင် ကျောက်သူရုပ်ရှိ၏။ ကျောက်သူရုပ်ကို အစီအရင်ပြု၍ စေခိုင်း၍ရသည်။ (၁၀၉)ခု ပြာသိုလပြည့်ကျော် ခုနစ်ရက်၊ တနင်္လာနေ့တွင်ထားသည်။

တက်သေးရွာမြောက်တွင် ဂူသုံးလုံးရှိ၏။ ထိုဂူသုံးလုံးအောက်၌ ငွေနှစ်တင်းစီ၊ ရွှေသန္ဓေတစ်လုံးစီနှင့် ရွှေလင်ဗန်းတစ်ချပ်ရှိသည်။ ထိုဂူသုံးလုံးတံခါးတိုင်မုခ်အထွက်၊ အရှေ့ဘက် တံခါးခုံအောက်တွင် ရွှေနှင့်ငွေတစ်စရွတ်ရှိ၏။

မြောက်အဝင်တံခါးစုံတွင်အောက်၌ အင်္ဂတေထုပ်ရှိ၏။ တစ်တောင်ခန့်တူးမှ ရွှေငွေရတနာရမည်။

ထိုနေရာ၌ နတ်သမီးအစောင့်ထားသည်။

ပန်းငါးမျိုး၊ သစ်သီးငါးမျိုး ခေါပတောင်း၌ထည့်၊ မုန့်ဆီကြော်၊ ငါးဆီကြော်တင်၊ သေဖိုသေမသန့်ပြန့်စွာဖြင့် ပူဇော်၍ ဆီမီးတစ်တိုင်ထွန်းပြီးတူးပါက ရွှေငွေရတနာရသည်။

ထိုဘုရားအနောက်သုံးတာခြားတွင် သင်ပုတ်သင်ကျောက်တိုင်ရှိသည်။ ထိုကျောက်တိုင်အရှေ့ဘက်တစ်ထွာခြားတွင် ငွေသပိတ်တစ်လုံးစာရှိသည်။

ထိုနေရာတွင် ထန်းတက်သမားစောင့်၏။

ထန်းသမားကို သေရည်တစ်မြူ၊ ကျားကိုက်သောနွားသားကို တံစို့ဖြင့်သုံးတစ်ကင်၍ပေး။ ဝက်ကိုဆားနှင့်နယ်





၍ပေး။ ဘုရားကိုဆီမီးလေးတိုင် ထွန်းညှိပူဇော်ပြီး တူးပါက ရွှေငွေရတနာရမည်။

ဝံပုဇတေရွာတွင် တောင်ထန်းပင်ရှိသည်။ ထိုထန်းပင်အရှေ့နှင့် အနောက်ဘက်တွင် ရွှေအိုးတစ်လုံး၊ ငွေအိုးတစ်လုံးရှိသည်။ ထိုနေရာကို သဘက်နှင့်ကျား စောင့်၏။

ခေါတောင်းတွင် ကျားကိုက်အမဲတစ်တစ်၊ ထမင်းတစ်ဆုပ်နှင့် စားဖွယ်ထည့်ပြီး သဘက်ကိုပေး။ ကျားကို ဝက်သားပေး။ ရုက္ခစိုးကိုပါပူဇော်ပြီးတူးပါက ရွှေအိုးငွေအိုးရပေမည်။

ခန်လူရွာတောင်ဘက် ခွေးတစ်ဟောင်ခန့်ကွာသောနေရာတွင် လူနှစ်ဖက်ခန့်ကြီးသော ညောင်ပင်ကြီးရှိ၏။ ထိုနေရာတွင် အလျားနှစ်တောင်၊ အနံနှစ်တောင်ခန့်ရှိသည့် ကျောက်တိုင်အဟောင်းရှိသည်။

ထိုနေရာတွင် အနော်ရထာမင်းထားခဲ့သော ငွေစင်ငွေသားတို့ရှိသည်။ အလျားနှစ်တောင်၊ အနံတစ်တောင်ခန့်ရှိမည်။ ထိုဥစ္စာကိုတူးလျှင် မြွေဟောက်လာရောက်ဟန့်တားလိမ့်မည်။ သံလျက်ဖြင့် ဦးနှိမ်နိုင်မှရမည်။

ရှိန်စော်မြို့တောင်ဘက် နွားတစ်တွန်ခန့်တွင် နှစ်ယောက်ဖက်ခန့်ကြီးသော စောင်ချမ်းပင်ရှိ၏။ ထိုသစ်ပင်အရှေ့ဘက်နားတွင် ရွှေသန္ဓေသုံးလုံး၊ ရွှေတစ်မြူတာနှင့်ကြေးတစ်ရာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသစ်ပင်အောက်ဘက် တစ်တောင်ခြားတွင် ငွေနှင့်ကြေးအခွက်ငါးဆယ်ရှိသည်။ ထိုနေရာကို ကျွတ်စောင့်၏။ ဆိတ်ကုလားလည်းစောင့်၏။ ၎င်းတို့ကိုနိုင်မှ ရမည်။

တံဘက်ဆွဲရွာအနောက်ဆောက်ချိုတွင် နှစ်ခွပေါက်သော ကျီးပင်ပေါက်၏။ ထိုအပါး၌ အင်္ဂတေတိုက်ဖြင့်ထားသော အလျားသုံးတောင်၊ အနံနှစ်တောင်၊ စောက်နှစ်တောင်ထွာခန့် ငွေအပြည့်ရှိသည်။

မြေအောက် တစ်တောင်ကျော်ကျော်ခန့်သာ တူးရ၏။ တူးလျှင် မြွေလာရောက်ဟန့်တားမည်။ ကျွဲနက်လေးကောင် လာရောက်ဟန့်ထားမည်။

ထိုဥစ္စာတို့သည် ကုလားသူကြွယ်နှင့် ဗမာသူကြွယ်တို့ ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများဖြစ်သဖြင့် ၎င်းတို့ပေးမှသာ ရပေလိမ့်မည်။

ရှိန်မော်ရွာတောင်ဘက်၌ အင်းရှိသည်။ အင်းအရှေ့ဘက်တွင် ကျောက်တိုင်တစ်တောင်ခန့် ပေါ်နေလေသည်။

ထိုကျောက်တိုင်အရှေ့တစ်ထွာခြားတွင် ငွေနှင့်ကြေးတစ်တင်းခွဲခန့်ရှိသည်။ ထိုကျောက်တိုင်အောက်၊ အစောက်နှစ်တောင်ခန့်တူးသော် စဥ့်အိုးဖြင့်ထည့်ကာ မြှုပ်ထားသောရွှေငါးပိဿာလည်းရှိ၏။ အိုးမျက်နှာဝကို မောင်းဖြင့်ပိတ်ထားသည်။





ထိုဥစ္စာတို့ကို ခွေးစောင့်သဖြင့် တူးယူသောအခါ လေးဘက်လေးတန်မှ ခွေးလာဟောင်လိမ့်မည်။

အစာပေး၍သော်လည်းကောင်း၊ ခွေးကိုနိုင်လျှင်သော်လည်းကောင်း ဥစ္စာရနိုင်ပေ၏။

ခမောက်ရွာအရှေ့တွင် ဘုရားတစ်ဆူရှိ၏။ ထိုဘုရားတံတိုင်း အရှေ့မုခ်ထွက်တံခါးတိုင်အောက်၌ တစ်တောင်ခန့်သာ နက်သောနေရာ၌ ရွှေတစ်ပိဿာရှိ၏။

ထိုနေရာ၌ ဘိုးသူတော် (သတင်းသုံးဟုရေးသည်) ရှိသည်။ အဝတ်ပုဆိုးတောင်းသော် အဝတ်ဖြူတစ်စပေး၊ ကြက်ကတော်သံကြားရလျှင် ကျောက်စရစ်ကို ဆံဖြူအမှတ်ဖြင့် မန်းမှုတ်ကာချပေးပါက ကြက်သံပျောက်ပေလိမ့်မည်။

ရှိန်စော်ရွာမြောက်၌ရှိသော အင်းတဲချောင်းတောင်ဘက်ငါးတာအခြားတွင် ကျောက်တစ်တိုင်လိပ်ကုန်း ပေါ်လျက်ရှိသည်။ ထိုအောက်နှစ်တောင့်ထွာ၌ အနံနှစ်တောင်ခန့်ရှိသော ငွေသားများရှိ၏။

အစောင့်ကားခွေးဖြစ်သောကြောင့် တူးသည်နှင့်ခွေးများလာဟောင်ပေလိမ့်မည်။ ခွေးဟောင်သံကြားသောအခါ လူများစွာရောက်လာပေလိမ့်မည်။ နိုင်အောင်နှိမ်နှင်းနိုင်မှ ဥစ္စာရပေမည်။

ထိုရှိန်စော်ရွာအရှေ့မြောက်ထောင့်၌ ပုထိုးတစ်ဆူရှိပေသည်။ ထိုဘုရားမြောက်ချောင်းတောင်ဘက်၌ ညောင်



www.burmeseclassic.com

www.burmeseclassic.com



ပင်သုံးပင် တန်းစီလျက်ရှိသည်။

အနောက်စွန်းညောင်ပင်အောက်၌ ငွေတစ်စဥ့်အိုးရှိ၏။ အစောင့်ကား မြွေဟောက်နှစ်ကောင်ဖြစ်သည်။

မြွေဟောက်မျက်စိတွင် ကျောက်ကောင်းများဖြစ်ပြီး ထိပ်၌ ပတ္တမြားရှိသည်။ ထိုမြွေတို့ကို ကောင်းစွာနိုင်မှသာ လိုသောဥစ္စာ ရနိုင်ပေမည်။

အထက်၌ ရေးသားဖော်ပြပေးသော ဥစ္စာသိုက်ရှိသော နေရာများမှာ ဘုမ္မိသိုက်ကျမ်းအတွင်းမှာ ရေးသားဖော်ပြထားသောနေရာများထဲမှ အချို့လောက်ကို သာ ကူးယူဖော်ပြပေးလိုက်ခြင်းဖြစ်ပေသည်။

မူလကျမ်းစာအုပ်ထဲတွင် နောက်ထပ်နေရာပေါင်းများစွာကျန်နေသေးသည်။ ထို့ဖြင့် မူလရေးသားထားသော စာများမှာလည်း မူလအတိုင်း ဖော်ပြမည်ဆိုပါက အဓိပ္ပါယ်ကောက်ယူရန် သတ်ပုံများကွာခြားမှု ရှိပေသည်။

ထို့ကြောင့် ယခုလိုရေးသားဖော်ပြသောအခါမှာတော့ လက်ရှိအသုံးပြုလျက်ရှိသော စကားပြေနှင့်သတ်ပုံအတိုင်း ရေးသားဖော်ပြပေးခဲ့ခြင်းဖြစ်ကြောင်းလည်း သိစေအပ်ပါသည်။

ရှေ့၌ရေးသားဖော်ပြပေးခဲ့သော သိုက်များမှာ သာမန်ဥစ္စာသိုက်များသာ ဖြစ်ပေသည်။

အထိကရ (အထင်ကရ) သိုက်ကြီးများ မပါဝင်သေး





ပေ။ ထိုသိုက်ကြီးများတွင် စီမံအုပ်ချုပ်သော ဘိုးဘိုးကြီးများ၊ သိုက်စောင့်ပုဂ္ဂိုလ်တို့မှာလည်း သာမန်သိုက်စောင့်များနှင့် မတူကြပေ။ ကမ္ဘဇိဒ္ဓိ တန်ခိုးမြင့်မားကြပေသည်။

ထိုသိုက်ကြီးများကို စောင့်ရှောက်နေရသော ပုဂ္ဂိုလ်များလည်း သူ့အဆင့်နှင့်သူ အမျိုးမျိုးရှိကြပေသည်။

အဆင့်အတန်းချင်း မတူကြသလို ကမ္ဘဇိဒ္ဓိတန်ခိုးရှိပုံချင်းလည်း မတူကြပေ။

သိကြားမင်း၊ သိကြားမင်းတာဝန်ပေးထားသော နတ်စစ်သည်များ၊ နတ်မင်းကြီးလေးပါးတို့၏တပည့်များ၊ ထိုသက်အောက်မှ သိုက်ဦးစီး၊ သိုက်ချုပ်ပုဂ္ဂိုလ်များ၊ သိုက်အုပ်ပုဂ္ဂိုလ်များ၊ သိုက်စောင့်ဘိုးဘိုးကြီးများ၊ သိုက်ဒေဝီများ၊ သိုက်မယ်တော်ကြီးများ၊ သိုက်နန်းရှင်များနှင့် သိုက်စောင့်အစေအပါးဟူ၍ သူ့အဆင့်နှင့်သူ ရှိကြသည်။

ကိုးသိန်း၊ ကိုးသန်းမျှ များပြားသောစာရင်းဝင်သိုက်ကြီးများတွင် သိုက်ကိုတာဝန်ယူနေရသော ပုဂ္ဂိုလ်တို့မှာလည်း သူ့အဆင့်နှင့်သူ ရှိနေကြရပေမည်။

(၃၁)ဘုံတွင် ကျင်လည်နေရသောဘဝတွင် သိုက်များနှင့်ပတ်သက်ပြီး တာဝန်ယူပေးနေသောပုဂ္ဂိုလ်တို့ အဘယ်မျှ များပြားမည်ကိုတော့ စဉ်းစားကြည့်လျှင်ဖြင့် သိနိုင်ကြပါလိမ့်မည်။

ထိုမျှများပြားသောသိုက်တို့တွင် အမျိုးအစားလည်း



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ကြပေ။

ဘုရားသိုက်၊ ကျောင်းသိုက် (ဘုရားတည်ရန်၊ ကျောင်းဆောက်ရန်ရည်စူးထားသော ဥစ္စာသိုက်)၊ နဂါးသိုက်၊ ဘီလူးသိုက်၊ တညာသိုက်၊ ဥစ္စာသိုက် (မိမိတို့ဥစ္စာကို ပြန်စောင့်ပေးနေသောသိုက်)၊ ဘုမ္မိသိုက် စသည်တို့ပင် ဖြစ်ကြလေသည်။

ထိုသိုက်များတွင်လည်း သက်ဆိုင်ရာသိုက်စောင့်များတ သူ့နေရာနှင့်သူ ရှိနေကြရပေသည်။

ကိုးသန်း၊ ကိုးသိန်း၊ ကိုးသောင်း၊ ကိုးထောင်၊ ကိုးရာ၊ ကိုးဆယ့်ကိုးသိုက်အပြင် စာရင်းဝင်လက်ဝဲကိုးသိန်း၊ လက်ယာကိုးသိန်းသိုက်များလည်း ရှိကြပေသေးသည်။ သို့သော်လည်း ထိုစာရင်းဇယားများကိုတော့ အသေအချာသိရန် မလွယ်ကူလှပေ။

ရွှေတိဂုံစေတီတော်ဝန်းကျင်၊ ကျိုက်ထီးရိုးစေတီတော်ဝန်းကျင်၊ ဒေးစွန်ပါစေတီတော်နှင့် ပတ်ဝန်းကျင်တို့တွင် သိုက်အရေအတွက်ပေါင်း မြောက်များစွာတို့ရှိကြသည်။

အချို့ဝိဇ္ဇာလမ်း၊ မဟာဂန္ဓာရီလမ်းစဉ်ကို လိုက်စားနေကြသော၊ ပေါက်မြောက်ပြီးကြသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့က ထိုသိုက်စာရင်းများကို မှတ်တမ်းတင်ထားကြသည်။ အဘယ့်ကြောင့်ဆိုသော် . . . ။

တစ်နေရာချင်းစီ၊ ပုဂ္ဂိုလ်တစ်ဦးချင်းစီအလိုက် အမည်





နာမခေါ်၍ မေတ္တာပို့ပေးနိုင်ရန်အတွက်ပင်ဖြစ်ပေသည်။ ရှေ့အခန်းတွင် သိုက်အမည်နှင့် သိုက်စောင့်အမည်အချို့ကို ဖော်ပြပေးပါမည်။



www.burmeseclassic.com

www.burmeseclassic.com







# လက်ဝဲကိုးသိန်း လက်ယာကိုးသိန်း စာရင်းဝင်သိုက်များ

သိုက်လောကတွင် လက်ဝဲကိုးသိန်း၊ လက်ယာကိုးသိန်း စာရင်းဝင် သာသနာပြုထင်ရှားသည့် သိုက်စခန်းနှင့် သိုက်နန်းတော်များနှင့် သိုက်စောင့်ပုဂ္ဂိုလ်များ အကြောင်း အရာကို အက္ခရာစဉ်အလိုက် ဖော်ပြပေးပါမည်။

၁။ ကညင်ကုန်းနဂသိုက်

(အစ်မကြီး နဂါးငွေသင်း၊ စောနန်းကြည်)



www.burmeseclassic.com

www.burmeseclassic.com



စောနန်းရည်၊ စောနန်းအိ)
၂။ ကမ္ဘာအေးလေးသိုက်
(ရှင်စောနွယ်)
၃။ ကဝ (ငါးထပ်ကြီးသိုက်)
(နေကိုးရှင်၊ သိဒ္ဓိတင်၊ စန္ဒကလျာ၊
နန္ဒကလျာ၊ သီရိရတနာ)
၄။ ကဝကန်သိုက်
(နန်းမူ၊ နန်းကြူ)
၅။ ကိုးဆူတန်းသိုက်
(မနှင်းဆီ၊ မစံပယ်၊ မကြီး၊ မငယ်၊ ကရင်မောင်နှမ)
၆။ ကိုးသိန်းကိုးသန်းသိုက်
(စောအောင်၊ စောနှောင်၊ စောမြတ်ကေသီ၊
စောမြတ်ဒေဝီ)
၇။ ကိုးသိန်းကိုးသန်းသိုက်
(မြနန်းရှင်)
၈။ ကိုးနဝင်းမိကျောင်းကန်သိုက်
(ကြည့်မြင်တိုင်၊ စိမ်းမြ၊ စိမ်းလှ)
၉။ ကြခတ်ကုန်းသိုက်
(မမကြီး၊ မမလေး)
၁၀။ ကျားတက်အေးစေတီသိုက်
(မြစန်း၊ မြနန်း၊ မြသီတာ)





၁၁။ ကွဲမင်းကုန်းသိုက်
(စောမြခင်)
၁၂။ ကွဲမြရင်သိုက်၊ ကွဲရင်းသိုက်
(တောပလိမ်မိချေသုံ့)
၁၃။ ကျွန်းညိုကြီးသိုက် (မသိ)
၁၄။ ကျိုးကန်းပါးစပ်သိုက်
(မန်နန်းအုံ၊ စောမြအေး)
၁၅။ ကျိုက္ကလို့သိုက်နန်းတော်
၁၆။ ကျိုက္ခမီသိုက်
(မောင်လူလှ၊ ခင်ရွှေ)
၁၇။ ကျိုက္ခမီရေလယ်ဘုရားသိုက်
၁၈။ ကျိုက်မရောဘုရားသိုက်
(ကျိုက်မြတ်စံထွန်း၊ ဒေးဗလိန်း၊
မနွေစိန်နှင့် ညီအစ်မခုနစ်ဖော်)
၁၉။ ကျိုက်ခေါက်ဆံတော်ရှင်သိုက်
(မမကြီး၊ မမလေး)
၂၀။ ကျိုက်ခေါက်ဆံတော်ရှင်တောင်ဘက်မုခ်သိုက်
(လှလေးမွန်၊ လှလေးနွယ်၊ လှလေးသွယ်၊
သရက်ပင် မောင်နှမ၊ စောညွန့်ရည်)
၂၁။ ကျိုက်ဋ္ဌောသိုက်
(မယ်ဖရဲ)



www.burmeseclassic.com

www.burmeseclassic.com



၂၂။ ကျိုက်ထီးရိုးရင်ပြင်သိုက်
(စောနန်းသိင်္ဂီ၊ စောနန်းဒေဝီ၊ မြရကေသီ၊
နန်းရွှေရင်၊ နန်းရွှေကျင်)
၂၃။ ကျိုက်ထီးရွက်သိုက်
(ကိုနန္ဒ၊ လွှမ်းစန္ဒာ၊ မခင်လွှမ်း)
၂၄။ ကျိုက်ဒေးစကိုးသိုက်
(စောနန်းခင် (နဂသူဇာ)၊ စောနန်းမြ၊ စောနန်းလှ၊
စောနန်းကြည်၊ စောနန်းရီ၊ စောနန်းဒေဝီ၊
စောနန်းကေသီ)
၂၅။ ကျိုက်ဒေးပါး၊ ကျိုက်ဒေးပြားသိုက်
(မင်းရန်အောင်၊ မင်းရန်နောင်၊ စောမြတ်မူ)
၂၆။ ကျိုက်ဒေးအပ်ဆံတော်ရှင်သိုက်
(မြလေးနွယ်၊ မြလေးသွယ်၊ မြခေမာ)
၂၇။ ကျိုက်ဒေးဝိသိုက်
(ဘုရားဂေါပက - ကိုနန္ဒ၊ စောနန်းကလျာ၊
စောနန်း သီတာ)
၂၈။ ကျိုက်ဖူး - ကျိုက်ပိသိုက်
(စောပုမယ်၊ စောပုရှင်၊ စောပုခင်၊ စောထွန်းအောင်)
၂၉။ ကျိုက်ဗောမိသိုက်
(ပြုံးရည်၊ ပြုံးကြည်)
၃၀။ ကျိုက်မယ်ကော်သိုက် (ဖလေး)





(ကိုလှလှနှင့်မယ်ရှုပ၊ ငွေနန်းတင်၊ ရွှေနန်းရှင်၊
နန်းငယ်၊ နန်းထွေး(ဖလေး)၊ စန်းငွေယုံ၊
စန်းငွေယဉ်၊ စန်းငွေရည်)
၃၁။ ကျိုက်မှော်ဝန်းသိုက်
(မြအေးရွှေ၊ မြအေးငွေ)
၃၂။ ကျိုက်လတ်မြို့ သရုမိကျောင်းသိုက်
၃၃။ ကျိုက်ဝိုင်းသိုက်
(ရေကင်းသူ၊ မငွေပွင့်)
၃၄။ ကြည့်မြင်တိုင် မြတ်စောညီနောင်သိုက်
(စောနန်းဒေဝီ၊ စောနန်းကေသီ)
၃၅။ ကောင်းမှုတော်သိုက်
(စောနန္ဒ၊ စောကလျာ)
၃၆။ ကေလာသ၊ မြနန်းရွှေဂူသိုက်
(ရှင်မမယ်ဖြူ၊ ကိုပိုးအောင်၊ မမြတ်လှ၊
ကိုဖိုးထူး၊ မောင်ကံထူး)
၃၇။ ကျောင်းဆောက်သိုက်
(မောင်စိန်မြင့်)
၃၈။ ကျောက်ဆည်မြို့ဆည်တော်သိုက်
၃၉။ ကျောက်တန်းကျိုက်မှော်ဝန်းသိုက်
(စောရန်ပိုင်၊ စောခက်နွယ်၊ စောခက်သွယ်)
၄၀။ ကျောက်ဖြူမြို့ အုန်းတော်သိုက်



www.burmeseclassic.com

www.burmeseclassic.com



၄၁။ ကျောက်သမ္ဘာန်သိုက်
(ဖသာဥ ရွှေနန်းကျင်) (မန္တလေး)
၄၂။ ကျောက်သင်္ဘောသိုက်
(သုဘာဝတီ၊ နန္ဒကုမ္မာ၊ သုတိတာ) (မန္တလေး)
၄၃။ ကြောင်တရာသိုက်
(လှလေးမယ်၊ လှလေးနွယ်၊ လှလေးသွယ်၊
လှလေးကြွယ်)
၄၄။ ကြောင်တရာသိုက်
(ခင်ခင်အေး၊ ခင်ခင်လေး၊ စောဝဏ္ဏ)
၄၅။ ချင်းတွင်းမြစ်သင်္ဘောဦးသိုက်
၄၆။ ချမ်းသာကြီးဘုရားသိုက်
(ခင်မာနွယ်၊ ခင်မာသွယ်)
၄၇။ ခေတ္တရာမြို့ဟောင်း နန်းတော်ကုန်းသိုက်
၄၈။ ခေတ္တရာမြို့ဟောင်း မြရိုးသိုက်
၄၉။ ခေတ္တရာမြို့ဟောင်း ရဟန္တာကန်ဘောင်သိုက်
၅၀။ ဂန္ဓာမာလာတောင်သိုက်
(သက္ကလမိဖုရား၊ သက္ကလစန္ဒီ၊ သမီးရူပစန္ဒီ)
၅၁။ ငါးဆူတန်းသိုက်
(စောမြနွယ်၊ စောအောင်နိုင်)
၅၂။ ငါးဆူတောင်၊ မြရွှေရောင်သိုက်
(လှရွှေအောင်၊ မြရွှေသာ၊ မြရွှေဆာ)





၅၃။ ငါးသိုင်းချောင်းမြို့၊ ရွှေကူဆန်ဘုရားသိုက်
၅၄။ စကုမြို့ (ဆည်တော်သိုက်) စမတောင်သိုက်
(လှလေးမယ်၊ လှလေးသွယ်)
၅၅။ စက်တော်ရာဘုရားသိုက်
(စောနန်းသိမ်၊ စောနန်းခင်၊ စောနန်းရှင်)
၅၆။ စစ်ကိုင်းကောင်းမှုတော်သိုက်
၅၇။ စစ်ကိုင်းဆွမ်းဦးပုညရှင်သိုက်
(မြကလျာ၊ မြနန္ဒာ၊ မြသန္တာ၊ ဦးထွန်းအောင်)
၅၈။ စစ်ကိုင်းလွမ်းစေတီဘုရားသိုက်
(မောင်ဖုန်း)
၅၉။ စစ်ကိုင်းမန်ကျည်းစဥ်သိုက်
၆၀။ စစ်တောင်းမြစ်ပေါင်းလောင်းသိုက်
၆၁။ စစ်တွေကန်းတော်သိုက်
၆၂။ စူဠာမဏိဆုတောင်းပြည့်သိုက် (သုံးခု)
(စောကလျာ၊ စောမာလာ၊ စောရူပ)
၆၃။ စိန်ပြောင်ထိန်လင်းသိုက်
(ပဲခူးရိုးမတောင်ခြေ)
၆၄။ ဆီတန်းနိသိုက်
(မဆောင်းမိ)
၆၅။ ဆယ်ထပ်ကြီး၊ နဂါးယက်သိုက်
(စောနန်းခင်၊ စောနန်းမွန်)



www.burmeseclassic.com

www.burmeseclassic.com



၆၆။ ဆူးလေသိုက်
(မြလေးငွေ)
၆၇။ ဆင်နင်းသိုက်
(လှိုင်ထိပ်ခေါင်တင်)
၆၈။ ဆင်မနင်းသိုက်
(မလေးနွယ်၊ မမြလေးသွယ်၊ မမြသာငယ်)
၆၉။ ဆင်ဦးတိုက်သိုက်
(မမြလေး)
၇၀။ ဆည်တော်ရှင်သိုက်
(ရှင်မအောင်ဖြူ မောင်ဖိုးထူး၊ မောင်ရွှေဖူး)
၇၁။ ဇလွန်ပြည်တော်ပြန်ဘုရားသိုက်
(စောအောင်နိုင်၊ စောအောင်ခိုင်၊
နန်းစောအေး၊ နန်းမူအေး)
၇၂။ ဇမ္ဗူအေးမြဥသျှောင်သိုက်
(မြလေးသွယ်၊ မရွှေသိမ့်၊ ကိုကျင်စိန်)
၇၃။ ဇင်းကျိုက် ကျောက်သမ္ဗန်သိုက်
(မမြစိန်၊ မမြငြိမ်း)
၇၄။ ဇင်းကျိုက်လောင်းလှေရှင်သိုက်
(ဦးလေးတော်ကုမာရ၊ အဒေါ်ဒေါ်စန္ဒာ၊
စောရူပရှင်၊ စောရူပစန္ဒာ)
၇၅။ ဇင်းကျိုက်တောင်နဂါးသိုက်





၇၆။ ညောင်တုန်းဥသျှစ်မောင်နှမသိုက်
၇၇။ ညောင်ရမ်းမြို့ကန်တော်ဦးသိုက်
၇၈။ ညောင်လေးပင်မြို့၊ မယ်ညာမယ်ပါသိုက်
၇၉။ ညီအစ်မသုံးဖော်သိုက် (မြတ်စွာဘုရားသိုက်)
(မြောက်ပိုင်း ရှမ်းပြည်၊ လားရှိုးမြို့၊ မာန်ဆုဘုရား)
(စောသုန္ဒာ၊ စောစန္ဒာသီရိ၊ စောနန်းနွယ်)
၈၀။ တကောလက်ပန်သိုက်
(စောဖိုးပိုက်၊ စောဖိုးထိုက်၊ စောမြသန္တာ)
၈၁။ တွံတေးရွှေဆံတော်ဘုရားသိုက်
(ဒဂုံခင်လေးနွယ်၊ စောဖိုးသာ)
၈၂။ တန့်ကြည်တောင်သိုက် (ပြည်)
၈၃။ တန့်ကြည်တောင်နဂါးသိုက် (ပုဂံတစ်ဖက်ကမ်း)
၈၄။ တိုက်ကြီးမြို့၊ ဂျိုးဖြူသိုက်
၈၅။ တောင်ကိုးလုံးသိုက်
(စောနန်းဒေဝီ၊ စောနန်းကေသီ)
၈၆။ တောင်ငူမြို့၊ မြတ်စောညီနောင်သိုက်
၈၇။ တောင်စွန်းသိုက်
(မငွေယွန်း၊ မငွေစွန်း)
၈၈။ တောင်ညိုလေးစခန်းသိုက်
(အစ်မတော်မမြစိမ်း)
၈၉။ တောင်တွင်းကြီး၊ ရွှေအင်သာသိုက်



www.burmeseclassic.com

www.burmeseclassic.com



၉၀။ ထိန်တောမိုးညို၊ ခွက်မအင်းသိုက်
၉၁။ အေးစွန်ဝါဘုရားသိုက်
၉၂။ အေးဒရဲမိကျောင်းရဲရွာသိုက်
(ဝုလဲရတ်နာဒေဝီသိုက်)
၉၃။ ဒေါနတောင်သိုက်
(စောကျော်လှ၊ စောနန်းရည်၊
သခုရွှေတိဂုံအရှေ့မြောက်ရောက်နေ)
၉၄။ ဒေါနတောင်သိုက်
(ကိုရှုပ၊ မမယ်လှ၊ စောနန်းကြည်၊
စောနန်းကျင်၊ စောနန်းသီ)
၉၅။ ဒေါနတောင်ရုက္ခစိုးသိုက်
၉၆။ ဓမ္မသိုက်ချုပ်သိုက်
(လှမျိုးနွယ်၊ လှမျိုးသွယ်၊ လှမျိုးကြွယ်)
၉၇။ ဓါတ်တော်ကုန်းသိုက်
(မမနွဲ့၊ မမသွဲ့)
၉၈။ နာဂရေအင်ဒူဘုရားသိုက် (ပုသိမ်မြို့)
၉၉။ နဂါးရစ်တောင်၊ ငွေးချိုတောင်သိုက်
(စောနန်းရှင်၊ စောခွန်သာ၊ စောခွန်ချို)
၁၀၀။ နှင်းဆီကုန်းသိုက်
(မမစီ၊ မမသီ၊ မမနီ)
၁၀၁။ နို့သာနီသိုက် (သာကလ)





၁၀၂။ နန်းဦးအောင်စကြာသိုက်
(ဦးသောကြာ၊ ရှင်ခင်ကြီး၊ စုကြီး၊ စုလတ်)
၁၀၃။ နေမိဒ္ဒရသိုက်
(မြစိမ်းရောင်၊ မမယ်ညို၊ မမယ်လှ)
၁၀၄။ ပန်းတောင်းသိုက်
(စံအောင်၊ စံထားလှိုင်၊ စံစုလွင်၊ စံနန်းတင်)
၁၀၅။ ပဲခူးကိုးသိန်းကိုးသန်းသိုက်
၁၀၆။ ပဲခူး၊ ရွှေမော်ဓောဘုရားသိုက်
၁၀၇။ ပဲခူး၊ ရွှေအပ်ထုတ်ဘုရားသိုက်
၁၀၈။ ပဲခူး၊ ပါဒကြီးသိုက်
(မနှင်းမြ၊ မနှင်းလှ)
၁၀၉။ ပဲခူးဘုရားလေးသိုက်
(ဆရာမနိုင်နှစ်ဆောင်ပြိုင်သိုက်)
၁၁၀။ ပဲခူးဟင်္သာကုန်းသိုက်
၁၁၁။ ပုဂံကျောင်းသိုက်
(မကြွေ၊ မမင်းပေါ)
၁၁၂။ ပုဂံနန်းတော်ကုန်းသိုက်
၁၁၃။ ပုဂံမြစည်းခုံသိုက်
၁၁၄။ ပုဂံရွှေစည်းခုံသိုက်
၁၁၅။ ပုဂံဥဒေါင်းပလ္လင်သိုက်
(မြကုလျာ၊ မြသီတာမောင်နှမခုနှစ်ဦး)

www.burmeseclassic.com



၁၁၆။ ပြည်ခေတ္တရာရွှေတံခါးသိုက်
၁၁၇။ ပြည်သုဒ္ဒဿနတောင်ရှက္ခစိုးသိုက်
၁၁၈။ ပြည်မြို့လေးထပ်မြင့်ရွှေငါးကြင်းသိုက်
၁၁၉။ ပြည်၊ ဧရာဝတီ ရွှေဘုံသာသိုက်
၁၂၀။ ပါဒကြီး ကျိုက်ဒါးငြိမ်းသိုက်
(မယ်ဆာ၊ ခင်အေးနွယ်၊ ခင်မျိုးသွယ်)
၁၂၁။ ပန်းတင်ကုန်းစေတီနှင့်ပုသိမ်မြို့ သိုက်ချုပ်မယ်တော်
(ဥမ္မာဒန္တီမိဖုရား)
၁၂၂။ ပေါ်တော်မူသိုက်
(မြနန်းကြည်)
၁၂၃။ ပေါင်းတလည်၊ ရွှေကလေးသိုက်
၁၂၄။ ပုပ္ပါးတောင်သိုက်
၁၂၅။ ပုပ္ပါးသီလတောင်သိုက်
(ခင်မာနွယ်၊ ခင်မာသွယ်၊ ရွှေလေးရင်၊ ရွှေမြရင်၊
တောပလိရာဇာ၊ ရွှေမာလာ)
၁၂၆။ ပျော်ဘွယ်မြို့၊ မဟာမင်္ဂလဇေယျသိဒ္ဓိ
ဘုရင်သိုက်နန်း
၁၂၇။ ပွင့်ဖြူမြို့ကျောင်းတော်ရာသိုက်
၁၂၈။ ပျဉ်းမနားမြို့၊ ဆင်ဖြူတောင်သိုက်
၁၂၉။ ပျဉ်းမနားမြို့၊ ညီမတော်သိုက်
၁၃၀။ ပျဉ်းမနားမြို့၊ အစ်မတော်သိုက်





၁၃၁။ ပျဉ်းမနားမြို့မယ်ဒက်ရှင် (ဂမုန်းရှင်သူငယ်သိုက်)
၁၃၂။ ပင်လယ်မျောက်တစ်ရာဘုရားသိုက်
၁၃၃။ ပိဿနိုးမြို့ဟောင်းသိုက်
၁၃၄။ ပေါင်းထည်မြို့ရွှေကျောင်းတော်သိုက်
၁၃၅။ ပုသိမ်မြို့၊ ကန်ကြီးဒေါင့်ဘုရားသိုက်
၁၃၆။ ပုသိမ်သုံးဆင့်သိုက်
၁၃၇။ ပုသိမ်၊ ကန်တော်မောင်နှမသိုက်
၁၃၈။ ပုသိမ်ကန်ရွာမောင်းတိသိုက်
(မဝါဖြူ၊ မဝါပေါက်)
၁၃၉။ ပုသိမ်စက်တော်ရာဘုရားသိုက်၊ နဂါးသိုက်
၁၄၀။ ပုသိမ်တကောင်းဘုရားသိုက်
၁၄၁။ ပုသိမ်ဘုရားကြီးကုန်းသိုက် (ဘုရားသိုက်၊
နဂါးသိုက်၊ သရဲသိုက်၊ ဘီလူးသိုက်)
၁၄၂။ ပုသိမ်မဟာဗောဓိဘုရားသိုက်
၁၄၃။ ပုသိမ်မော်တင်စွန်းသိုက်
(မြသီရိ၊ မြနှင်းဆီ၊ မြဒေဝီ၊ မြကေသီ၊ မြနန်းတင်)
၁၄၄။ ပုသိမ်မော်တင်ဘုရားသိုက်
၁၄၅။ ပုသိမ်ရန်ကင်းတောင်ဘုရားသိုက်
၁၄၆။ ပုသိမ်ရေကြည်ရေနောက်ဘုရားသိုက်
၁၄၇။ ပုသိမ်ရွှေစည်းခုံဘုရားသိုက်
၁၄၈။ ပုသိမ်ရွှေမုဋ္ဌောသိုက်



www.burmeseclassic.com

www.burmeseclassic.com



(ပြာဖြူသိုက်၊ နဂါးသိုက်)
၁၄၉။ ပုသိမ်ရွှေမြင်ဘုရားသိုက်
၁၅၀။ ပုသိမ်ရွှေစက်ထုံးဘုရားသိုက်
၁၅၁။ ပုသိမ်လေးမျက်နှာဘုရားသိုက်
၁၅၂။ ပုသိမ်သံပယ်ဘုရားသိုက်
၁၅၃။ ဖလေးသိုက်
(စန်းငွေယုံ၊ စန်းငွေယဉ်၊ စန်းငွေရည်)
၁၅၄။ ဖလားကြီးရွာသိုးနားစီးသိုက်
(စောမြရှင်)
၁၅၅။ ဖျာပုံကြက်လျှာစွန်းသိုက်
(အောင်မင်း၊ အောင်သင်း၊ အောင်လင်း)
၁၅၆။ ဖျာပုံ ခရေပင်ဇောက်ထိုးသိုက်
၁၅၇။ ဖျာပုံ မငေးကြီးနောက်ပြန်ထိုးသိုက်
၁၅၈။ ဖျာပုံလိပ်ခုကုန်းသိုက်
၁၅၉။ ဖိုးဦးတောင်စကြိုသိုက်
၁၆၀။ ဗဟန်းရွှေကြက်ယက်သိုက်
၁၆၁။ ဗူးဘုရားသိုက်
(မနန်းမိ၊ မနန်းအိ)
၁၆၂။ ဘော်ကြိုသိုက်
(ကြံတိုင်းအောင်၊ ဝဏ္ဏအောင်)
၁၆၃။ ဘောက်ထော်ကိုးနဝင်းသိုက်





(စောခက်နွယ်၊ စောခက်သွယ်၊ စောရန်အောင်)၊
၁၆၄။ ဘုရားလေးမြိုင်သိုက်၊ ကိုးနဝင်းသိုက်
(စောနန္ဒ၊ ရူပစန္ဒီ၊ ရူပစန္ဒာ)
၁၆၅။ ဘုရားလေးမြိုင်သိုက်
(မမင်းယာ၊ မမင်းသာ၊ မမင်းညွှာ)
၁၆၆။ မကွေးမြသလွန်သိုက်
(ဘောဒါ၊ ဘောကျော်၊ ဘောဒါသီ)
၁၆၇။ မကွေးပန်းရစ်တောင်သိုက်
၁၆၈။ မိုးကုတ်ပတ္တမြားသိုက်
၁၆၉။ မုန်ကင်းသိုက်
(မနှင်းရွှေ၊ မနှင်းငွေ)
၁၇၀။ မိကျောင်းအိုင်သိုက်
(ရွှေပသီ၊ ငွေပသီ)
၁၇၁။ မဂ်လွန်းမော်ဂါလွန်းသိုက်
(မသင်းထုံ၊ မသင်းအုံ၊ မသင်းဆုံ၊ မောင်အောင်လှ၊
မုခါဆက်၊ မြနန်းဒေဝီ၊ မြဒေဝီ၊ မြလှဒေဝီ)
၁၇၂။ မင်္ဂလာဒုံသိုက်နန်းကုန်းသိုက်
၁၇၃။ မဟာအောင်သိဒ္ဓိသိုက်
(စုလေး၊ မောင်ကိုလေး၊ မြသီတာ)
၁၇၄။ မြစည်းခုံသိုက်
(မောင်စဏ္ဏ၊ မြနန္ဒီ၊ မြစန္ဒီ)



www.burmeseclassic.com

www.burmeseclassic.com



၁၇၅။ မြစိမ်းသိုက်
၁၇၆။ မြစိမ်းတောင်သိုက်
၁၇၇။ မြတံဘက်ကျော်သိုက်
၁၇၈။ မြပုခက်သိုက်
(ရှင်မိအုန်း)
၁၇၉။ မြရာရှင်သိုက်
(နန်းသိင်္ဂီ၊ ခင်နန်းနွယ်၊ ခင်နန်းသွယ်၊ စောခွန်နောင်)
၁၈၀။ မြသိုက်
(မြစောနန်း၊ စောယုခိုင်၊ စောနန်းခက်)
၁၈၁။ မြစ်ကြီးနား အင်းတော်ကြီးသိုက်
၁၈၂။ မြောက်ကွန်းဇောတိကသိုက်
၁၈၃။ မယန်းကန်သိုက်
(မယ်စန္ဒီ၊ မယ်သန္တာ၊ ကိုလူလု၊
စောနန်းဒေဝီ၊ စောဥမ္မာဒေဝီ)
၁၈၄။ မအူပင်သိုက်
(မမင်းကလျာ၊ မမင်းဇံနှင့်ညီအစ်မခုနှစ်ဖော်)
၁၈၅။ မုပလ္လင်ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားသိုက်
(နန်းကျော့ကေခိုင်)
၁၈၆။ မင်းဘူးရွှေစက်တော်သိုက်
(ဦးတင်မောင်)
၁၈၇။ မင်းဘူးရွှေစက်တော်အလယ်သိုက်





(နာဂစန္ဒာလှိုင်)
၁၈၈။ မိတ္ထီလာကန်တော်ကြီးသိုက်
(မြနန်းရှင်၊ မောင်ရွှေဘနှင့်မောင်နှမခုနှစ်ဖော်)
၁၈၉။ မိတ္ထီလာရွှေယင်းတော်သိုက်
၁၉၀။ မန္တလေးပုထိုးတော်ကြီးသိုက်
၁၉၁။ မန္တလေးမင်းကွန်းသိုက်
၁၉၂။ မန္တလေးအိမ်တော်ရာသိုက်
၁၉၃။ မုံရွာ၊ ရွှေဘတောင်သိုက် (ဖိုးဝန်းတောင်)
၁၉၄။ မြို့လေးစွန်းသိုက်
(မင်းအောင်၊ မင်းနောင်)
၁၉၅။ မြင်ဗာဟုဘုရားသိုက်
၁၉၆။ မြင်းမူသဒ္ဒေးသိုက်
၁၉၇။ မောင်ဒီဘုရားသိုက်
(မောင်ဒီ)
၁၉၈။ မော်လမြိုင်ဘီလူးကျွန်း ဘီလူးသိုက်
၂၀၀။ မော်လမြိုင်တနသ်ာရီသိုက်
(မမင်းစိန်)
၂၀၁။ မော်တင်စွန်းဘုရားသိုက်
၂၀၂။ မြောင်းမြမြို့ ရွှေဘုံသာဘုရားသိုက်
၂၀၃။ ယင်းတော်မြို့ ပုဆိုးဖြူတောင်သိုက်
၂၀၄။ ရတနာမဥ္ဇူရသိုက်



www.burmeseclassic.com

www.burmeseclassic.com



(လှသူဇာ၊ လှမူယာ၊ မြသူဇာ၊
နန်းသူဇာ၊ နန်းဟေမာ၊ နန်းခေမာ)
၂၀၅။ ရမည်းသင်းမြို့ရွှေမြင်တင်သိုက်
၂၀၆။ ရန်ကုန်သိမ်တော်ကြီးသိုက်
၂၀၇။ ရန်ကင်းတောင်သိုက်
(အမေမယ်ယက္ခ၊ စောရန်အောင်၊
လူပျိုတော်မောင်ကျော်)
၂၀၈။ ရန်ကင်းတောင်သိုက် (လွမ်းစေတီ)
(မလှဝါ၊ မလှသာ၊ မလှထား၊ မလှညွှာ၊
မလှမာ၊ မြစန္ဒာ)
၂၀၉။ ရန်ကင်းတောင်သိုက်
(စောမြတ်လှ၊ စောမြတ်မူ၊ စောနန်းလှိုင်၊
စောနန်းခိုင်၊ စောနန်းနိုင်)
၂၁၀။ ရန်ကင်းတောင်သိုက်ချုပ်
(မယ်ညို)
၂၁၁။ ရှမ်းပြည်နယ်တောင်ပိုင်းဟော်နန်းသိုက်
၂၁၂။ ရှမ်းပြည်နယ်တောင်ပိုင်းအင်းထိန်သိုက်
၂၁၃။ ရှမ်းပြည်နယ်ဇော်ဂျီသိုက်
၂၁၄။ ရှမ်းပြည်နယ်မြောက်ပိုင်းဟော်နန်းသိုက်
၂၁၅။ ရှမ်းပြည်နယ်မြောက်ပိုင်းဘော်ကြိုသိုက်
၂၁၆။ ရှမ်းပြည်နယ်စပ်ဘုရားသုံးဆူသိုက်





(တောင်ကြီးနန်းလှိုင်ထွန်းနှင့် မောင်နှမတစ်စု)
၂၁၇။ ရှမ်းသိုက်
(အစ်မတော်စောမွန်လှ၊ စောနန်းနွယ်၊
စောမြတ်နွယ်)
၂၁၈။ ရေတံခွန်တောင်သိုက်
(စန္ဒသူ)
၂၁၉။ ရေတာရှည်မယ်ဒက်မယ်နက်သိုက်
၂၂၀။ ရေနံချောင်းပတ္တမြားမျက်ရှင်သိုက်
၂၂၁။ ရေနံချောင်းရွှေလောင်းကိုးလောင်းသိုက်
(ကိုမိုးတင်၊ မငွေခင်)
၂၂၂။ ရေနံချောင်းဝန်မင်းသိုက်
၂၂၃။ ရွှေကွန်ချာသိုက်
(မြနှင်း၊ မြသင်း)
၂၂၄။ ရွှေကျင်မြို့ရွှေနန်းတော်သိုက်
၂၂၅။ ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားသိုက်
(စောမြတ်နီလာ၊ စောမြတ်သီတာ၊
စောမြတ်မာလာ)
၂၂၆။ ရွှေစာရံသိုက်
(စောဥမ္မာ၊ စောသန္တာ၊ စောစန္ဒာ၊ စောမာလာ၊
စောကလျာ၊ စောနန္ဒ(ကျား)၊ နန်းခန်းနွယ်မောင်နှမ)
၂၂၇။ ရွှေစာရံသိုက်



www.burmeseclassic.com

www.burmeseclassic.com



(ရွှေဇာကြည်၊ ရွှေစာရည်)
၂၂၈။ ရွှေစည်းခုံသိုက်
(စောဖသာ၊ ညီစောမြသာ)
၂၂၉။ ရွှေဆံတော်
(မယ်သာနိုး)
၂၃၀။ ရွှေတိဂုံသိုက်
(ရာဇကုမာရ၊ ရာဇကုမ္မာ၊ ခမောင်ဘီ၊ ကျင်စာနီ)
၂၃၁။ ရွှေတိဂုံသိုက်
(မင်းအောင်၊ မင်းနောင်)
၂၃၂။ ရွှေတိဂုံအလယ်ပစ္စယံသိုက်
(စောအောင်စွာ၊ စောအောင်သာ)
၂၃၃။ ရွှေတိဂုံယက္ခသိုက်
(ခင်အေးမွန်)
၂၃၄။ ရွှေတိဂုံရှင်စောပုဘုရားသိုက်
(ရန်ကြီးအောင်၊ ရန်အောင်စိုး၊ ရန်နောင်စိုး)
၂၃၅။ ရွှေတောင်မြို့ ရွှေတောင်သိုက်
၂၃၆။ ရွှေတောင်မြို့ ငွေတောင်သိုက်
၂၃၇။ ရွှေတောင် မှော်သလုံးသိုက်
(စောရှင်၊ စောမာလင်း)
၂၃၈။ ရွှေနတ်တောင်သိုက်
(မငွေစိန်)





၂၃၉။ ရွှေဘိုအောင် မြေကုန်းသိုက်
၂၄၀။ ရွှေဘုန်းပွင့်သိုက်
(မင်းသူဇာ ဆားလင်း(စလင်း)၊ မြသန္တာ)
၂၄၁။ ရွှေဘုံသာ၊ ရွှေဘုံသာသိုက်
(အစ်မတော် မမြစိမ်း၊ မမြသိမ်း၊ မြေငြိမ်း)
၂၄၂။ ရွှေမြို့စိန်ရောင်ခြည်ဘုရားသိုက်
၂၄၃။ ရွှေမုဋ္ဌောသိုက်
(မြနန်းရီ၊ မြနန်းကြည်၊ စောမွန်ရည်)
၂၄၄။ ရွှေလောင်းငွေလောင်းသိုက်
(လှဘေရီ၊ လှကေရီ၊ နန်းကေရီ၊ မင်းသုတ)
၂၄၅။ ရွှေသာကျောင်းတိုက်
(စောရန်အောင်၊ စောရန်နောင်၊ စောစန္ဒာ)
၂၄၆။ လယ်တွင်းကိုးခရိုင်သိုက်
၂၄၇။ လောကသရဖူသိုက်
(မိမိကြီး၊ မိမိလေး)
၂၄၈။ လေးကျွန်းစုမြေဘုရားသိုက်
၂၄၉။ ဝင်ဒါမီယာခါတ်ပေါင်းစုသိုက်
(စောနန်းမူ)
၂၅၀။ ဝေဘူတောတောင်သိုက်
(မငွေတောင်၊ စန္ဒကလျာ၊ ရူပစန္ဒာ၊ ရူပကလျာ၊
စောစန္ဒာ၊ စောနန္ဒာ၊ စောသန္တာ)



www.burmeseclassic.com

www.burmeseclassic.com



၂၆၆။ သန်လျင်မင်းတရားကြီးနန်းသိုက်
(ကိုတင်အောင်၊ ကျင်မောင်)
၂၆၇။ သန်လျက်စွန်းသိုက်
(အေးစန္ဒာ၊ မူ၊ သူ)
၂၆၈။ သုံးခွအဇ်ဘုရားကြီးအလုံသိုက်
(စန္ဒကိန္ဒ)
(မယ်သန်၊ မယ်သယ်၊ မမင်းဇံ)
(မယ်ခေမာနှင့် နန္ဒဗလ)
၂၆၉။ သုံးခွအဇ်ဘုရားသိုက်
(စောရင်သိုက်စခန်း) (စောရင်နွယ်) (စောလေးနွယ်၊
စောခင်သွယ်)
၂၇၀။ သစ်ချတောင်သိုက် (သစ္စာတောင်)
(မမွေး) (ကေတု၊ လှဒေဝီ၊ လှကေသီ)
၂၇၁။ သိမ်တောင်လေးကုန်း၊ ရွှေရင်မျှော်သိုက်
(အောင်ထူး၊ မသင်းအုံ)
၂၇၂။ သမ္မမောခေါ်သိုက်
၂၇၃။ ဟင်္သာတမြပလ္လင်သိုက်
(ဦးဝဏ္ဏ၊ ဒေါ်စိမ်းမြ၊ ရွှေကျိုးဖြူ၊ မူလခဲ၊ သာလာရ)
၂၇၄။ ဟိုင်းကြီးကျွန်းဘုရားသိုက်
၂၇၅။ အကောက်တောင်ဘုရားသိုက်
(စောမြတ်သီတာ)





၂၇၆။ အရိုးတောင်သိုက်
၂၇၇။ အလယ်ရိုးမ (ညောင်မှုတ်ဆိတ်သိုက်)
(အလကဖွမိဖုရား၊ မမြလေးသိမ်၊ ကိုနန္ဒ)
၂၇၈။ အာလကပွသိုက်
၂၇၉။ အမရပူရ ရတနာဂူသိုက်
၂၈၀။ အမရပူရဥယျာဉ်တော်သိုက်
၂၈၁။ အင်းစိန်သာမုကန်တော်သိုက်
၂၈၂။ အင်းတကော်သိုက်
(အောင်တော်မူ၊ မြစန္ဒာ၊ မြသန္တာ)
၂၈၃။ အင်းလေးကန်ရှမ်းသိုက်
(စောရန်ရှင်း၊ စောရန်ကင်း၊
စောရန်အောင်၊ စောဥမ္မာ)
၂၈၄။ အင်းလေးကန်ရှမ်းနဂါးသိုက်
(စောနန်းရည်၊ စောလှရည်၊ စောသန္တာ)
၂၈၅။ အင်းမမြို့ရွှေကျွန်းတောသိုက်
၂၈၆။ အင်းဝသိုက်
(စောကေသီ၊ စောဒေဝီ)
၂၈၇။ အင်းဝတော်နန်းသိုက်
(စောဒေဝီ)
၂၈၈။ အင်းဝနန်းတွင်းသိုက်
၂၈၉။ အင်းဝတံတားဦးသိုက်



www.burmeseclassic.com

www.burmeseclassic.com



၂၉၀။ အင်းဝတံတားဦး မင်္ဂလာစေတီသိုက်
(မင်းကြီးရန်နောင်၊ ရွှေစကားမင်းကြီး၊
စောလုံမိဖုရား)
၂၉၁။ အောင်ဇမ္ဗူအေးသိုက်
(လှကလျာ၊ နန်းကလျာ၊ အေးကလျာ)
၂၉၂။ အောင်ပင်လယ်မိန်းမလှကျွန်းသိုက်
၂၉၃။ အင်းဝနန်းမတော်မယ်နုသိုက်
၂၉၄။ အင်းဝလေးထပ်ကြီးဘုရားသိုက်
၂၉၅။ အင်းဝသူဌေးကြီးဘောဂဗလသိုက်
(သူဌေးကြီးဘောဂဗလနှင့် ခင်စောမူ)

ထိုကဲ့သို့ထင်ရှားသောသိုက်များအပြင် မျောက်တစ်ရာသိုက်၊ နေသူရိန်သိုက်၊ ရွှေစာရံသိုက်၊ မရမ်းကုန်းဘုရားသိုက်၊ ကျွန်းညိုကြီးသိုက်၊ ထော်စီထော်ပိုင်သိုက်၊ ဘီလူးမဂယက်သိုက် အစရှိသော ထင်ရှားသောသိုက်အရေအတွက်တို့လည်း ပါဝင်သေး၏။ နောက်ထပ်မြောက်များစွာသောသိုက်တို့လည်းရှိကြပေဦးမည်။ ပြည်ပဒေသများတွင် ထင်ရှားသော သိုက်ကြီးအချို့လည်း ရှိပေးသေး၏။

(၁) တူတန်ခမွန်သိုက် (အီဂျစ်)
(၂) ဆော်လမွန်သိုက်
(၃) အင်ကာရတနာသိုက် (ပီရူး)
(၄) မြစ်နှစ်ခွသိုက် (ယိုးဒယား)





(၅) မာန်ဇော်ဂျီသိုက် (သီဟိုဠ်)
(၆) ရွှေမြစ်သိုက် (အင်္ဂလန်)
(၇) မဟာရာဂျာသိုက် (အိန္ဒိယ)
(၈) ဝူတန်ရဇာသိုက် (တရုတ်)
(၉) ဂိုဘီသဲကန္တာရသိုက်
(၁၀) အတ္တလန္တစ် ရွှေမြို့တော်သိုက်

အစရှိသောသိုက်ကြီးများမှာ တစ်ကမ္ဘာလုံးသိသော ကမ္ဘာကျော်သိုက်ကြီးများပင်ဖြစ်သည်။ ကျန်ရှိနေသေးသော ကမ္ဘာကျော်သိုက်ကြီးများလည်း ရှိနေကြပေသေးသည်။

ထိုကဲ့သို့ပင် မြန်မာနိုင်ငံအတွင်းမှာလည်း ဘုမ္မိစာရင်းဝင်သိုက်ပေါင်းများစွာ၊ ကိုးသိန်းကိုးသန်းစာရင်းဝင်သိုက်ကြီးများ၊ လက်ဝဲကိုးသိန်း၊ လက်ယာကိုးသိန်းစာရင်းဝင်သိုက်ကြီးများလည်း ကျန်ရှိနေပါသေးသည်။ ထိုသိုက်စာရင်းတို့တော့ မပဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်များကသာ အပြည့်အစုံသိနိုင်ကြပါပေလိမ့်မည်။

ထို့ကြောင့် ယခုဖော်ပြသော သိုက်စာရင်းများမှာ ဗဟုသုတအဖြစ် သဘောလောက်မျှသာဖြစ်ပါကြောင်း၊ စိတ်ဝင်စားသူတို့ ဖြည့်စွက်လေ့လာကြရန်သာ ဖြစ်ပါကြောင်း ကြိုတင်အသိပေးထားလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com







# ဘောဂဗလ၏ အကြံအစည်များ

အချိန်ကာလမှာ သက္ကရာဇ်(၈၈၀) ပြည့်နှစ်အချိန်ကာလဖြစ်ပြီး အင်းဝနေပြည်တော်ကြီး ကောင်းစွာနေစဉ်အချိန်ကာလလည်းဖြစ်သည်။

ထိုအချိန်ကာလတွင် အင်းဝနေပြည်တော်အား မိုးညှင်းစော်ဘွားတပ်များက ဝင်ရောက်တိုက်ခိုက်ရန် အားယူနေသော အချိန်ကာလလည်းဖြစ်သည်။

ထို့ကြောင့် အင်းဝနေပြည်တော်တွင် နေထိုင်ကြသူ



www.burmeseclassic.com

www.burmeseclassic.com



တို့မှာ နေ့ရောညပါ စိုးရိမ်ထိတ်လန့်မှုများဖြစ်နေကာ တိုင်းပြည်မငြိမ်မသက်ဖြစ်နေသောကြောင့် စိတ်မအေးရ သောအချိန်ကာလမျိုးလည်း ဖြစ်ပေသည်။

ထိုအချိန်တွင် အုပ်ချုပ်ရေးပိုင်းကလည်း အင်းဝနေပြည်တော်လုံခြုံရေးအတွက်လောက်သာ ဂရုစိုက်နေကြရသဖြင့် နေပြည်တော်နှင့် ပတ်ဝန်းကျင်တဝိုက်တွင်လည်း တောမီးလောင် တောကြောင်လက်ပမ်းပေါင်းခတ် ဆိုသကဲ့သို့ လူဆိုး၊ သူခိုး ဓားပြတို့ ထကြွသောင်းကျန်းလျက် ရှိနေကြပေသည်။

ယခင်က တစ်နှစ်လျှင်တစ်ကြိမ်၊ နှစ်ကြိမ်ပင်စကြားခဲ့ရသော ခိုးဆိုးလုယက်ခြင်း၊ ဓားပြတိုက်ခြင်းတို့မှာ နေပြည်တော် အင်းဝ မငြိမ်မသက်ဖြစ်နေသောချိန်တွင် မိုးဦးကျတွင် မှိုပွင့်များ ပွင့်လာသကဲ့သို့ နေရာအနှံ့အပြားတွင် ပေါ်ပေါက်လျက်ရှိနေပေတော့သည်။

အင်းဝမြို့သည် မြန်မာသက္ကရာဇ် (၇၂၆)(ခရစ်နှစ် ၁၃၆၄)နှစ်တွင် တည်ခဲ့သော ရှေးမြို့ဟောင်းလည်းဖြစ်သည်။

ထို့ကြောင့် 'ထုတ်ခွန်သာ၊ အင်းဝတည်'ဟု ဆိုစမှတ်ပြုခဲ့ကြခြင်းဖြစ်၏။ ရှေးမြန်မာဘုရင်တို့၏ မြို့တော်လေးကြိမ်ဖြစ်ခဲ့သော မြို့တော်လည်းဖြစ်၏။

ရှေးအခါက အင်းဝကို အဝဟုပင် ပြောဆိုရေးသားကြသည်။ အဘယ့်ကြောင့်ဆိုသော် ဒုတ္တာဝတီမြစ် သို့မဟုတ်





မြစ်ငယ်မြစ်ဝ၌ တည်ထားသောကြောင့်ဖြစ်သည်။

ဒုတ္တာဝတီမြစ်ကို မြစ်ငယ်မြစ်ဟုခေါ်ဝေါ်ခြင်းမှာ မြစ်ကြီးဟုခေါ်သည့် ဧရာဝတီမြစ်နှင့် ဆက်သွယ်နေသောကြောင့်ပင်ဖြစ်၏။

ရေကြာအင်း၊ စနီးအင်း၊ ညောင်စောက်အင်း၊ ဝက်ချေးအင်း၊ ဥန္နဲအင်း၊ လင်းစံအင်း၊ အင်းမအင်း၊ ဘေးမဲ့အင်း၊ ဝမ်းဘဲအင်းဟူသည့် အင်းကိုးအင်းရှိသောနေရာ၌တည်သော မြို့ဖြစ်သောကြောင့် 'အင်းနဝ'ဟူ၍ ခေါ်ဝေါ်ရာမှ အင်းဝဖြစ်လာသည်ဟုလည်း ပြောစမှတ်ပြုခဲ့ကြသည်။

အင်းဝသည် မြန်မာမင်းများ ထီးနန်းစိုက်သောမြို့များတွင် လေးကြိမ်တိုင်အောင် သက်တမ်းရှည်ကြာခဲ့သော မြို့ဟောင်းတစ်မြို့လည်းဖြစ်ပေသည်။

ရန်သူများမဝင်ရောက်နိုင်စေရန် တံခါးအထပ်ထပ်၊ အပြင်မြို့ရိုးတွင် ကျုံးတစ်ထပ်၊ အတွင်းမြို့ရိုးတွင် ကျုံးတစ်ထပ်တို့ဖြင့် ကာရံထားလေသည်။

ကျုံးနှစ်ထပ်ကာရံထားသည့်အပြင် အနောက်ဘက်တွင် ဧရာဝတီမြစ်ကြီးက ကာရံတားဆီးတားထားသောကြောင့် ရန်သူတို့ ကျုံးကျော်နှောက်ယှက်သည့် ဘေးအန္တရာယ်မှာ အတော်ပင်စိတ်ချရသည်ဆိုသော်လည်း နောက်ပိုင်း မိုးညှင်းစော် ဘွား၏ရှမ်းစစ်သည်များ ကျုံးကျော်ရန်ပြုလာသောအခါမှာတော့ ရှေ့တွင်ရေးသားဖော်ပြခဲ့သည့်အ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း စိုးရိမ်ထိတ်လန့်သော အခြေအနေသို့ တဖြည်းဖြည်း ရောက်ခဲ့ရလေသည်။

ထိုကဲ့သို့ တိုင်းပြည်မငြိမ်မသက် ဖြစ်လာသောအခါ လူဆိုး၊ သူခိုး၊ ဓားပြတို့၏ လုယက်တိုက်ခိုက်ခြင်းများ ပေါ်ပေါက်လာသောကြောင့် အင်းဝနေပြည်တော်နှင့် အနီးပတ်ဝန်းကျင်၌ရှိသော ကျေးရွာများမှာနေကြသည့် စီးပွားဥစ္စာချောင်လည်သူတို့မှာ မနေဝံ့ကြတော့သဖြင့် အင်းဝမြို့တွင်းသို့ ရွှေ့ပြောင်းနေထိုင်လာကြသည်။

မြို့တွင်းနေကြသော သူဌေး၊ သူကြွယ်၊ ကုန်သည်၊ ပွဲစားစသော လူချမ်းသာစာရင်းဝင်သူတို့မှာလည်း စိတ်မအေးကြရသဖြင့် မိမိတို့ပိုင်ဆိုင်သော ရွှေငွေဥစ္စာပစ္စည်းတို့ကို လုံခြုံစိတ်ချသောနေရာ၌ထားရန် ကြိုးတင်စီမံသမှုပြုနေကြရပေသည်။

မြို့တွင်းမှာနေကြသည့် သူဌေးသူကြွယ်တို့မှာ အခြေအရံအသင်းအပင်း၊ အစောင့်အရှောက်များ ရှိကြသဖြင့် သာမန်သူခိုး၊ ဓားပြတို့ရန်အတွက် မစိုးရိမ်ရသော်လည်း မိုးညှင်းရှမ်းများ လက်အောက်သို့ အင်းဝနေပြည်တော်ကျရောက်ပါက ကြုံတွေ့ရမည့်အန္တရာယ်တို့ကို ကြိုတင်ပူပန်နေကြရပေသည်။

သို့ကြောင့် မိမိတို့ပိုင်ဆိုင်သော ရွှေငွေဥစ္စာပစ္စည်းတို့ကို ရှမ်းစစ်သည်တို့မယူနိုင်စေရန် ကြိုတင်စီမံမှုများ ပြုလုပ်





လျက်ရှိ နေကြလေသည်။

ထိုသို့ကြိုတင်စီမံနေကြသော သူဌေးများထဲတွင် အင်းဝနေပြည်တော်၌ အချမ်းသာဆုံး စာရင်းဝင်တစ်ဦးဖြစ်သော သူဌေးကြီးဘောဂဗလလည်း တစ်ဦးအပါအဝင် ဖြစ်ပေသည်။ သူဌေးကြီးဘောဂဗလသည် အသက်(၅၀)ကျော်အရွယ် ခန့်သာရှိသေးပြီး ဘုရားတရားကြည်ညိုလေးစားသူလည်း ဖြစ်သည်။

သူဌေးကြီးဘောဂဗလ၏ ချမ်းသာကြွယ်ဝမှုများမှာ အင်းဝနေပြည်တော်သာမကဘဲ ရပ်ဝေးရပ်နီးကပါ ကြားသိသဖြင့် ပျံ့နှံ့ကျော်ကြားမှုလည်းရှိပေသည်။

၎င်းသည် အရွယ်ကောင်းသောဘဝတွင် ဇနီးသည် ဆုံးပါးသွားခဲ့ရသော်လည်း နောက်ထပ်အိမ်ထောင်သစ် မထူထောင်တော့ဘဲ သမီးဖြစ်သူနှင့်သာ နေထိုင်လေသည်။

တစ်ဦးတည်းသောသမီးဖြစ်သူ မြလေးနွယ်မှာ လှပချောမောရုံမက လိမ္မာယဉ်ကျေးသူတစ်ဦးလည်း ဖြစ်ပေသည်။ အသက်(၂၅)နှစ်အရွယ်ခန့်ရောက်နေပြီး မိန်းကလေးတစ်ယောက်၏ အစွမ်းကုန်လှပတင့်တယ်သော အချိန်အရွယ် ရောက်နေပြီဖြစ်သော်လည်း ပြည့်စုံသောဘဝတွင် အပူအပင် မရှာလိုသောကြောင့် အေးအေးပင်နေလေသည်။

သူဌေးကြီး၏ ချမ်းသာကြွယ်ဝသော ဂုဏ်သတင်းတို့သည်လည်းကောင်း၊ မြလေးနွယ်၏လှပသောဂုဏ်သတင်း



www.burmeseclassic.com

www.burmeseclassic.com



သည်လည်းကောင်း အင်းဝနေပြည်တော်၌သာမကဘဲ ပတ်ဝန်းကျင်ရွာများအထိပါ ပျံ့နှံ့ကျော်ကြားမှုရှိပေသည်။

ထို့ကြောင့် မြလေးနွယ်၏ မေတ္တာကိုဆွတ်ခူးရရှိဖို့ သူဌေးသူကြွယ်၊ ကုန်သည်ပွဲစား၊ မင်းစိုးရာဇာအသိုင်းအဝန်းမှ လူပျိုလူရွယ်တို့က နည်းအမျိုးမျိုးဖြင့် ကြိုးစားကြသော်လည်း တစ်ဦးတစ်ယောက်မှ မရခဲ့ကြပေ။

တစ်နေ့တော့ သူဌေးကြီးက သမီးဖြစ်သူကို ပြောပြလေသည်။

"သမီး... အခုဆိုရင် အင်းဝနေပြည်တော်ရဲ့သတင်းက စိတ်မချရတော့တဲ့အခြေအနေမျိုး ရောက်နေပြီ၊ ရှမ်းစစ်သည်တွေက ဝင်ရောက်တိုက်ခိုက်ဖို့ ပြင်ဆင်နေကြတယ်လို့ သတင်းကြားရတယ်..."

"ဒီတော့ ဘယ်လိုလုပ်မလဲဖေဖေ..."

"သမီးအတွက် အဖေစိတ်မအေးရဘူးဖြစ်နေတယ် ငါ့သမီးလည်း အချိန်တန်အရွယ်ရောက်နေပြီဆိုတော့ သင့်တော်တဲ့သူနဲ့ ထိမ်းမြားလက်ထပ်ပေးချင်တယ်၊ ဒါမှ အရေးအကြောင်းပေါ်လာရင် သမီးအတွက် ကာကွယ်စောင့်ရှောက်ပေးမယ့်သူ ရှိမှာပေါ့..."

"သမီးက အဲ့ဒါတွေကို စိတ်မဝင်စားသေးပါဘူး နောက်ပြီး ဖေဖေ့ကိုလည်း တစ်ယောက်တည်းထားခဲ့ရမှာ ဘယ်လိုမှ စိတ်မချပါဘူး၊ သမီးသဘောကတော့ ဘယ်လို





အခြေအနေပဲဖြစ်ဖြစ် ဖေဖေနဲ့ပဲအတူတူနေချင်ပါတယ်.."

ဟုပြောရာ သူဌေးကြီးလည်း ထပ်မပြောသာတော့ပေ။

"ဒါထက်.. ကျွန်မတို့ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းတွေအတွက် ဖေဖေဘယ်လိုစီမံမှာလဲဟင်..."

မြလေးနွယ်က စိုးရိမ်သောကရှိသောအသံဖြင့်မေးလိုက်သည်။

"ဒီအရေးကလည်း စိတ်မအေးရပါဘူးကွယ်... ဒါပေမယ့် နေပြည်တော်အတွင်းကို ရန်သူတွေကျူးကျော်ဝင်ရောက်မလာခင်မှာတော့ ဦးရိုးတော်ဦးဒိဗ္ဗနဲ့ လူယုံတော်ယက္ခကြီးတို့နဲ့ တိုင်ပင်ပြီးတော့ လုပ်သင့်တာတွေလုပ်ဖို့တော့ ရှိပါတယ်..."

ဟုပြောမှ မြလေးနွယ်လည်း အတန်အသင့် စိတ်သက်သာရာရသွားလေတော့သည်။

သူဌေးကြီးအနေဖြင့်သမီးဖြစ်သူကို စိတ်ချမ်းသာစေရန် ပြောလိုက်ခြင်းမျိုးမဟုတ်ဘဲ တိုင်းရေးပြည်ရေးမငြိမ်မသက် ဖြစ်လာကတည်းက အတွင်းလူယုံတော်များဖြစ်ကြသော ဦးရိုးတော်ဦးဒိဗ္ဗနှင့် ယက္ခကြီးတို့နှင့် ကြိုတင်တိုင်ပင်ကာ စီစဉ်စရာ ရှိသည်တို့ကို ကြိုတင်စီစဉ်နေသည်လည်း ရှိပေသည်။

"ဦးကြီးတော်.. တိုင်းရေးပြည်ရေးအခြေအနေက



www.burmeseclassic.com

www.burmeseclassic.com



စိတ်မအေးရတဲ့ အခြေအနေမျိုး ရောက်နေပြီမဟုတ်လား"

"ဟုတ်တယ်. . . မကြာခင်မှာ ရှမ်းစစ်သည်တွေ အင်းဝအထိ တက်သိမ်းတော့မယ့် အခြေအနေမျိုးရောက်နေ တော့ စိတ်မအေးစရာဘဲ. . ."

ဦးဒိဗ္ဗက ရင်လေးနေသောအသံဖြင့်ပြောရာ အနား မှာရှိနေသော လူယုံတော်ဦးယက္ခကြီးကပါ သက်ပြင်းတစ် ချက် ချလိုက်လေသည်။

"ငါသတင်းကြားရတာတော့ အခြားသူဌေးသူကြွယ် တွေ အခြားအရပ်ဒေသတွေကို ရွှေ့ပြောင်းသူကရွှေ့ပြောင်း မရွှေ့ပြောင်းနိုင်သူတွေကတော့ သူတို့ပိုင်တဲ့ ရွှေငွေရတနာ တွေကို သင့်တော်တဲ့နေရာတွေမှာ သိုဝှက်သိမ်းဆည်းဖို့စီစဉ် နေကြတယ်လို့ ကြားရတယ်. . ."

"ဒီလိုဖြင့် ကျွန်တော်တို့လည်း အချိန်ဆွဲနေလို့တော့ မသင့်တော့ဘူး. . လုပ်စရာရှိတာအမြန်လုပ်ကြမှတော်မယ်"

"မင်းက ဘယ်လိုများ အကြံအစည်ရှိထားလို့လဲ. ."

ထိုအခါ သူဌေးကြီးကဦးရှီးတော်နှင့် လူယုံတော်ကြီး တို့အား ၎င်းကြံစည်စိတ်ကူးထားသော အကြံအစည်များကို ပြောပြလိုက်လေသည်။

၎င်းအစီအစဉ်မှာ အခြားမဟုတ်ပေ။

မြစ်ငယ်မြစ်တစ်လျှောက်တွင် သူဌေးကြီးဦးဘောဂ ဇလ ပိုင်ဆိုင်သော လယ်မြေကေပေါင်း မြောက်များစွာရှိသေ





သည်။ ထိုနေရာများထဲမှ သင့်တော်သောနေရာတစ်နေရာ တွင် အစီအမံပြုလုပ်ပြီး ရွှေငွေရတနာတို့ကို သိုဝှက်မြှုပ်နှံ ထားရန်ပင် ဖြစ်ပေသည်။

ထိုစကားကြားတော့ ဦးဒိဗ္ဗကမေးသည်။

"ဒီလိုလုပ်ဖို့ကလွယ်ပါ့မလား. . ၊ ဒီအကြောင်းကိုသိ တဲ့ လူတွေက တစ်ချိန်မှာသစ္စာဖောက်ပြီး တစ်ချိန်ချိန်မှာ အန္တရာယ် မြန်ပေးလာရင် မခက်ပေဘူးလား. . ."

"ဒါကတော့ လုပ်ကတည်းက လူယုံတော်တွေချည်း ရွေးချယ်အသုံးပြုရမှာပါ။ ဒီကိစ္စကိုတော့ ယက္ခကြီးကို တာဝန် ပေးထားပြီးသားပါ. . ."

ထိုစကားကြားတော့ အနားမှာရှိနေသောယက္ခကြီး က ၎င်းကိုယ်တိုင် ကြိုတင်စီစဉ်ထားသောကိစ္စများကို ပြော ပြလေသည်။ ဘောဂဇလသူဌေးကြီးက. . . .

"ဒါ့အပြင် အခြားစီစဉ်ထားတာတွေလည်း ရှိပါသေး တယ် ဦးရှီးတော်"

ဟု ပြောလိုက်လေသည်။

"ဘာတွေများလဲ. . . ဘောဂဇလရဲ့. . ."

"တခြားတော့မဟုတ်ပါဘူး၊ ရွှေငွေရတနာတွေကို ဝှက်ထားတဲ့အဆောက်အဦးတဝိုက်မှာ ရန်သူတွေဝင်လာရင် သေစေလောက်တဲ့ စက္ကောမအတတ်ပညာနဲ့ ယန္တရားတပ် ဆင်ဖို့လည်း စဉ်းစားထားပါတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ဦးဒိဗ္ဗမှာ များစွာအံ့ဩသွားလေသည်။ ကွမ်းတမြုံ့မြုံ့ဝါးနေခြင်းပင် ရုတ်တရက်ရပ်တံ့သွားသည်။

"မေးပါရစေဦး . ။ ရှေးနှစ်ပေါင်းများစွာကတည်းက ဒီလိုပညာတွေ ရှိခဲ့တယ်ဆိုတာတော့ ကြားဖူးခဲ့ပါရဲ့ . . ဒါပေမယ့် အခုလောက်နှစ်တွေ ကြာခဲ့ပြီဆိုတော့ ဒီလိုပညာမျိုး တတ်ကျွမ်းတဲ့သူမျိုးတွေရော ရှိသေးလို့လားကွယ် . . ."

"ကျွန်တော်စုံစမ်းပြီးပါပြီ . ။ ဟိုးစစ်ကိုင်းဘက်မှာ စက္ကောမအတတ်ပညာတတ်ကျွမ်းတဲ့ လူရွယ်တစ်ယောက်ရှိတယ်ဆိုတာ သိရပြီးပါပြီ . . ။ ကျွန်တော်တို့စီမံဆောက်လုပ်မယ့် အဆောက်အဦးမှာ သူ့ကိုခေါ်ပြီး စက်ကြိုးယန္တရားတွေ တပ်ဆင်မှာပါ ဦးရီးတော်"

"ကောင်းပါလေ့ကွယ် . . ။ ဒီအကြံအစည်သာ အကောင်အထည်ဖော်လို့ အောင်မြင်ရင်တော့ ငါတို့ရဲ့ဥစ္စာပစ္စည်းတွေ လုံခြုံစိတ်ချလို့ရပြီပေါ့ကွယ် . . ."

ဟုပြောလိုက်လေသည်။ ထို့နောက် . . ဦးဒိဗ္ဗက ဦးယက္ခကြီးဘက်သို့လှည့်ကာ . . .

"မင်းကရော အလုပ်သမားတွေ စုဆောင်းတဲ့ကိစ္စ အတော်ကလေး ခရီးပေါက်နေပြီလား . . ."

ဟု မေးပြန်လေသည်။

"သစ္စာရှိမယ့်လူယုံတော်တွေကိုသာ စုဆောင်းထား





ပါတယ် . . အလုပ်သမားအတော်များများလည်း ရထားပြီးပါပြီ . ."

"ဒီအကြောင်းက ဘယ်သူမှသိလို့မဖြစ်တာဆိုတော့ ခင်း သူတို့ကိုစေခိုင်းတဲ့နေရာမှာ ဥပါယ်တံမျဉ်နဲ့ ပြောဆိုစေခိုင်းမှသင့်မယ် . . ."

ဦးဒိဗ္ဗက လူကြီးပီပီ တွေးတောပူပန်သောစကားမျိုး ပြောလေသည်။

ဒီအတွက်တော့ စိတ်မပူပါနဲ့ ဦးကြီးတော် . . သူတို့ တို့ ဘုရားတည်ဖို့လို့ပြောပြီး ခေါ်လာခဲ့မှာပါ . ။ ဘုရားမပြီးချင်း ဘယ်မှမပြန်ရ၊ မသွားရဘူးလို့လည်း တစ်ခါတည်းမှာ ထားပြီးပါပြီ . . ."

"ကောင်းပါလေ့ကွယ် . . ကောင်းပါလေ့၊ ဒီအတိုင်းဆိုရင်တော့ မကြာခင် ငါတို့အစီအစဉ်ကြီးက ချောချောမောမောနဲ့ ပြီးမြောက်အောင်မြင်မှာ အသေအချာပဲ . . ။ နေ့ကောင်းရက်သာ ရွေးချယ်ပြီး လုပ်ငန်းစတင်ဖို့သာ ပြင်ဆင်ပေတော့ ယက္ခကြီး . ."

"ကောင်းပါပြီ . . . သူဌေးမင်း . ."

ဟု ပြောဆိုတိုင်ပင်ထားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







# အညတြစက္ကောပညာရှင်

ယခုအချိန်(မျက်မှောက်ကာလ)ကာလမှ ပြန်လည်ရေတွက်လျှင် နှစ်ပေါင်းလေးရာကျော် ငါးရာနီးပါးလောက်က အင်းဝမြို့တော်နှင့် ပတ်ဝန်းကျင်အခြေအနေများမှာ ယခုမြင်တွေ့နေသော အခြေအနေများနှင့် များစွာကွာခြားလှပေသည်။

အင်းဝမြို့တည်ထားသောနေရာမှာ အရှေ့ဘက်



www.burmeseclassic.com

www.burmeseclassic.com



တွင် မြစ်သာချောင်းက ပတ်စီးပြီး ဒုတ္တာဝတီမြစ်နှင့် သွားရောက်ဆက်သွယ်ထားသည်။

ဒုတ္တာဝတီမြစ်ဟုခေါ်သော မြစ်ငယ်မြစ်က အင်းဝမြို့၏ မြောက်ဘက်မှပတ်ဝန်းပေးထားသည်။

ဧရာဝတီမြစ်ကြီးက အနောက်ဘက်မှ ကာဆီးဝန်းရံပေးထားပြန်ရာ ရေမြေသဘာဝကောင်းမွန်သော အရပ်ဒေသဖြစ်ပေသည်။ မြစ်ချောင်းများနှင့်နီးသော နေရာများတွင် အခြေချနေထိုင်သူတို့မှာ လယ်ယာ၊ ဥယျာဉ်ခြံ၊ စိုက်ခင်းများစိုက်ပျိုးရာတွင် များစွာဖြစ်ထွန်းအောင်မြင်ကြလေသည်။

သို့သော် ရှေးအခါက လူနေထိုင်မှုမများလှသောကြောင့် မြစ်ငယ်မြစ်၊ မြစ်သာမြစ်နှင့် ဧရာဝတီမြစ်ကမ်းပါးတလျှောက်တွင် ဓနထိုင်သူမရှိသလောက် နည်းပါးလှပေသည်။

အချို့နေရာများတွင် မှိုင်းညို့နေသော သစ်တောကြီးများနှင့် လူတစ်ရပ်ကျော်မျှမြင့်မားသော ကိုင်းတောကြီးများသာ ရှိပေသည်။

မြစ်ငယ်မြစ်ကမ်း တစ်နေရာမှာတော့ သူဌေးကြီးဘောဂဗလပိုင်ဆိုင်သော မြေဧကအတော်များများရှိပေသည်။

တစ်နေ့သ၌ ကိုင်းတောကြီးများ ဝန်းရံဖုံးအုပ်နေသော ထိုနေရာသို့ လူတစ်စုရောက်လာကြလေသည်။ ထိုလူများမှာ အလုပ်သမားများဖြစ်ပြီး ဦးဆောင်လာသူမှာ ဘောဂဗလသူဌေးကြီး၏ ကျွန်ယုံတော် ယက္ခကြီးပင်ဖြစ်ပေသည်။



ယက္ခကြီးမှာ အသက်(၄၀)ကျော်အရွယ်ခန့်သာ ရှိသေးသော်လည်း ဘီလူးတစ်ကောင်ကဲ့သို့ ခက်ထန်ကြမ်းတမ်းသူဖြစ်သည်။ ၎င်းခေါ်လာသော အလုပ်သမားများမှာ လူ(၂၀)ကျော်ခန့် ရှိပေသည်။

ထိုနေရာရောက်တော့မှ ယက္ခကြီးက အလုပ်သမားတို့ကို ပြောပြလေသည်။

"မင်းတို့ဒီနေရာမှာ ငါခိုင်းတာကိုပဲလုပ်ရမယ်၊ အလုပ်လုပ်နေတဲ့အချိန်မှာ ဘယ်သူမှရွာမပြန်ရဘူး. . အလုပ်အားလုံးပြီးမှ ပြန်ခွင့်ရကြမယ်. . ."

"ကျုပ်တို့က ဒီမှာဘာလုပ်ရမလဲ. . ."

"တိုင်းပြည်မငြိမ်မသက် ဖြစ်နေတဲ့အချိန်မှာ ငါတို့သူဌေးကြီးက ဒီနေရာမှာဘုရားတစ်ဆူတည်ဖို့ ဆန္ဒရှိတယ်၊ နောက်ပြီး အင်းဝမြို့တော်ပျက်စီးတဲ့အခါ လာနေရောက်ခိုလှုံဖို့ စံအိမ်တော်တစ်ဆောင်လည်း ဆောက်ရမယ်. . ."

ဒီတော့မှ အလုပ်သမားများမှာ ၎င်းတို့ကိုခေါ်လာသော အကြောင်းရင်းကို သိရပေတော့သည်။

"မင်းတို့ကို တစ်ခါတည်းမှာထားရဦးမယ်. . .၊ ဒီအကြောင်းတွေကို ဘယ်သူမှမပြောဖို့အရေးကြီးသလို သစ္စာရှိဖို့လည်းအရေးကြီးတယ်၊ သစ္စာပျက်ရင်တော့ မင်းတို့ထိုက်နဲ့





www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ကံပဲ. . . ”

ယက္ခကြီးက အလုပ်သမားများအပြင် ၎င်းကိုအကူညီပေးနိုင်မည့် လူအချို့ကိုလည်း တစ်ပါတည်းခေါ်လာလေသည်။ ထိုသူများက အလုပ်သမားများကို မျက်ခြည်မပြတ်စောင့်ကြည့်ပေးကြရပေသည်။

ထို့နောက် မြစ်ငယ်မြစ်ကမ်းနှင့် အတန်ငယ်ဝေးသောနေရာတွင် မြေနေရာရွေးချယ်ပြီး လုပ်ငန်းစတင်ကြလေတော့သည်။ မြစ်ကမ်းတစ်လျှောက်တွင် ပိတ်ဆီးနေသောသစ်ပင်များ၊ ကိုင်းတောကြီးများကို မခုတ်မထွင်ဘဲ ဒီအတိုင်းထားသောကြောင့် ထိုနေရာတွင်အလုပ်လုပ်နေကြသည်ကိုပင် မသိနိုင်၊ မမြင်နိုင်တော့ပေ။

ကမ်းခြေနှင့်အတော်ပင်ဝေးသော ကိုင်းတောကြီးများကို ခုတ်ထွင်ရှင်းလင်းပြီး မြေကွက်များဖော်သည်။

ထို့နောက် လိုအပ်သောအုတ်များရစေရန် အုတ်ဖုတ်ရန်အတွက် အုတ်ဖိုကြီးများတည်သည်။

အုတ်ဖုတ်သောနေရာမှ မီးတောက်မီးလျှံတို့က ကိုင်းတောအတွင်းမှ လျှံထွက်နေကြသည်။

မြစ်ငယ်မြစ်အတွင်းမှ သွားလာနေကြသောလှေများမှ လူတို့က ထူးထူးခြားခြားကိုင်းတောကြီးများအတွင်းမှ မီးနီးများထွက်နေသည်ကိုတော့ မြင်ကြရသည်။

သို့သော် သစ်တောများနှင့် ကိုင်းတောကြီးခံနေ





သောကြောင့် ဘာလုပ်နေမှန်းတော့မသိရ၊ မမြင်ကြရပေ။

ယက္ခကြီးက ၎င်းတို့အလုပ်လုပ်နေသော ပတ်ဝန်းကျင်တွင် လူယုံတော်အစောင့်များ ချထားလေသည်။

အပြင်မှဝင်ရောက်စပ်စုသူတို့ကို အတွင်းသို့ဝင်ခွင့်ပေးကြသလို အတွင်းမှ အလုပ်လုပ်နေသူများကိုလည်း အပြင်ထွက်ခွင့်မပေးဘဲ နေ့ညမပြတ်စောင့်ကြည့်လျက်ရှိကြသည်။ တစ်နေ့တော့ အလုပ်သမားခေါင်းဆောင်တစ်ယောက် ရောက်လာပြီးပြောသည်။

“ဆရာယက္ခ. . ၊ ဒီမှာအလုပ်လုပ်နေတဲ့ အလုပ်သမားတစ်ယောက် အတော်ကလေး နေမကောင်းဖြစ်နေတယ်၊ သူကအလုပ်မလုပ်နိုင်တော့လို့ ရွာပြန်ပြီးဆေးကုချင်တယ်လို့ ခွင့်တောင်းနေတယ်. . . ”

ထိုစကားကြားတော့ ယက္ခကြီးမျက်နှာပေါ်မှာ ဘဝင်မကျသည့် အရိပ်ယောင်များပေါ်လာသည်။

“နေမကောင်းတာပဲ. . . ဒီမှာဆေးကုရင်ကော မရဘူးလား. . . ”

“သူက ရွာပြန်ပြီးဆေးကုချင်တယ်လို့ပဲပြောပါတယ်”

“အေးလေ. . . ဒီလောက်ပြန်ချင်နေတော့လည်း မှတ်ထားလို့ဘယ်ဖြစ်မလဲ. . ပြန်ခွင့်ပေးရမှာပေ့ါ၊ ဒါပေမယ့် ဆေးစရာရှိတာမေး. . မှာစရာရှိတာတွေမှာဖို့ သူ့ကို ငါ့ဆီကို ပေးလိုက်ကြ. . . ”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောသဖြင့် အလုပ်သမားအချို့က နေမကောင်းဖြစ်နေသူကိုတွဲခေါ်လာပြီး ယက္ခကြီးနေထိုင်သောတဲအတွင်းသို့ ပို့ထားခဲ့ကြသည်။

ထိုလူကတော့ နေမကောင်းသဖြင့် အားမရှိသည့်ကြားမှ ယက္ခကြီးထံရောက်လာသဖြင့် တုန်တုန်ရင်ရင်ဖြစ်နေရှာပေသည်။ ယက္ခကြီးက ထိုသူကိုကြည့်ပြီး . .

"မင်းကြည့်ရတာ အတော်အားနည်းနေပုံပဲ . . ဒီအတိုင်းပြန်လို့တော့ဖြစ်မှာမဟုတ်ဘူး . . မင်းအတွက် အဖော်လေးဘာလေး ထည့်ပေးမှဖြစ်မှာပေါ့ . . ."

ဟုပြောသည်။

"အဖော်မလိုပါဘူးဗျာ . . ပြန်ခွင့်ပေးရင် ကျုပ်ဖာသာရွာရောက်အောင်ပြန်နိုင်ပါတယ် . . ."

"အေးပါကွာ . . ဒီလောက်ပြန်ချင်နေမှတော့ ပြန်ရစေမပေါ့ . . ၊ ဒါပေမယ့် ဒီကနေ့တော့ အချိန်မရှိတော့ဘူး . . မနက်စောစောမှသာပြန်ပေတော့ . ."

ဟုပြောပြီး တဲအတွင်းမှာသာထားလေသည်။

ညအချိန်ရောက်တော့ ထိုတဲဘက်မှ ညည်းညူသံအချို့ ကြားကြရသည်။

"ကျုပ်ပြန်ပါရစေ . . ရွာကိုပြန်ခွင့်ပေးပါ . . ."

ဟု ဗလုံးဗထွေးရေရွတ်ပြောဆိုနေသည့် အသံများဖြစ်သည်။ ညဉ့်နက်ပိုင်း အလုပ်သမားများအိပ်ချိန်ရောက်





သောအခါမှ ထိုအသံများ ပျောက်သွားတော့သည်။

သန်းခေါင်ယံအချိန်ရောက်တော့ ယက္ခကြီးတဲအတွင်းမှ လူနှစ်ယောက်ထွက်လာသည်။ ၎င်းတို့သည်အဝတ်အထောင်းများဖြင့် ပတ်ထားသော အထုပ်တစ်ထုပ်ကိုထမ်းကာ မီးဖိုကြီးများ ရှိရာသို့သွားကြသည်။

ထိုအခြေအနေကိုတော့ အလုပ်သမားများမသိကြ၊ မမြင်ကြတော့ပေ။

မီးဖိုကြီးရှိရာသို့ ရောက်သောအခါ မီးပုံအတွင်းသို့ ထိုအထုပ်ကို ပစ်ထည့်လိုက်ပြီး ပြန်ထွက်သွားကြသည်။

နောက်တစ်နေ့ရောက်သောအခါ နေမကောင်းဖြစ်နေသူကို ရွာပြန်တာမမြင်သဖြင့် မေးသောအခါ အလုပ်သမားများကို ကြီးကြပ်နေသူကပြောသည်။

"သူရွာပြန်တာ ဘယ်သူမှမသိစေချင်တာနဲ့ မိုးမလင်းခင်ကတည်းက ပြန်ပို့ပေးလိုက်တယ် . . သူကတော့ ဘယ်တော့မှ ပြန်လာမှမဟုတ်တော့ဘူး . . ."

ထိုစကားကြားတော့ ကျန်အလုပ်သမားများမှာ အဓိပ္ပာယ်အမျိုးမျိုး တွေးမိကြသော်လည်း ထပ်မမေးဝံ့ကြသဖြင့် မမေးကြတော့ပေ။

ဤသို့ဖြင့် ရက်အနည်းငယ်ကြာတော့ ညအချိန်ရောက်လာလျှင် ကိုင်းတောကြီးအတွင်းမှ အော်ဟစ်ညည်းညူသံလို အသံမျိုးကို အလုပ်သမားအချို့က ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုရွာပြန်ပို့ပေးကြပါ၊ ငါ့မိန်းမနဲ့ကလေးတွေ မျှော်နေကြတယ်. . ပြန်ပို့ပေးကြပါ. . ."

ဟူသောအသံဖြစ်သည်။ ထိုအသံကို ကြားဖူးသည့် အထင်နှင့်အချို့က ထကြည့်ကြသည်။ ထိုအခါ ကိုင်းတော နားတွင် သွားလာနေသော လူတစ်ယောက်ပုံသဏ္ဍာန် ဝိုးတဝါးလှမ်းမြင်ကြရသည်။

အသေအချာကြည့်တော့မှ အခြားမဟုတ်ဘဲ နေမ ကောင်းသဖြင့် ရွာကိုပြန်ခွင့်တောင်းသူနှင့်တူကြောင်း သတိပြု မိကြလေသည်။

ဤသို့ဖြင့် ရွာပြန်ချင်သူများ၊ အလုပ်ဆက်မလုပ်ထိ သူများ၊ ၎င်းတို့အားဆန့်ကျင်ပြီး ထိုနေရာမှထွက်ပြေးရန် ကြ စည်သူတို့ကို အပြင်သို့ပြန်ထွက်ခွင့်မပေးဘဲ မပြန်လ ရောက်အောင် ပို့ပေးတတ်ကြလေသည်။

ပထမတော့ အလုပ်သမားများက မရိပ်မိကြပေ

နောက်ပိုင်း ထိုနေရာတွင် သရဲသဘက်များနှ မကျွတ်မလွတ်သူများက အခြောက်အလှန့်များလာတော့ သိလာကြရသည်။ ညအချိန်ရောက်လာလျှင် ပျောက်သွ သူတို့၏ ပုံသဏ္ဍာန်တို့ကို မြင်တွေ့ကြရသည်။

ထိုအခြေအနေများကိုသတိပြုမိတော့မှ မိမိတို့ လုပ်လုပ်နေသောနေရာမှ အလုပ်သမားအချို့ ပျောက်ဆုံး သွားသော အကြောင်းရင်းကို ရိပ်မိကြလေသည်။





ထိုသို့ရိပ်မိပြီးနောက်တွင် မည်သူမှ ရွာပြန်ချင်သည် ဟု မပြောဝံ့ကြတော့ပေ။

၎င်းတို့အလုပ်လုပ်သောအုတ်ဖိုမှ ပြုလုပ်ကြသော အုတ်ချပ်ကြီးများမှာ သာမန်အုပ်ချပ်အရွယ်အစားမျိုး မဟုတ် ပေ။ အရွယ်အစားထုထည်ကြီးမားပြီး များစွာခိုင်ခံ့အောင် ပြုလုပ်ထားသော အုတ်ချပ်ကြီးများပင် ဖြစ်ပေသည်။

လိုအပ်သောအုတ်ချပ်များနှင့် ပစ္စည်းများစုံလင်သော အချိန်တွင် ဘောဂဗလသူဌေးကြီးကိုယ်တိုင် ထိုနေရာသို့ ရောက်လာပြီး ကြည့်ရှုစစ်ဆေးလေသည်။

၎င်းနှင့်အတူ ဦးရှီးတော်ဦးဒိဗ္ဗနှင့် အသက်(၃၀)ကျော် အရွယ်လောက်သာရှိသေးသော လူရွယ်တစ်ယောက်လည်း ပါလာလေသည်။

ထိုလူရွယ်၏အမည်မှာ မောင်ဒီပဖြစ်ပြီး ဗိသုကာ ပညာနှင့် စက်ယန္တရား(စက္ကောမအတတ်) အတတ်ပညာများ ကို တတ်ကျွမ်းသူဖြစ်သည်။

၎င်းသည် အင်းဝနှင့်မန္တလေးကြားရှိ ရွာတစ်ရွာတွင် နေထိုင်သူဖြစ်ပြီး မိခင်ကြီးကို လုပ်ကိုင်ကျွေးမွေးနေသူ ဖြစ် သည်။

သူသည် စက္ကောမအတတ်ဟုခေါ်သော ယန္တရားအ တတ်ကိုတတ်ကျွမ်းသော်လည်း ထိုပညာနှင့်အသက်မွေးဝမ်း ကျောင်းမပြုဘဲ လျှို့ဝှက်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို ဆွေမျိုးအရင်းအချာလောက်သာ သိကြလေသည်။

မောင်ဒီပက အကြောင်းရှိသဖြင့် ထိုပညာကိုလျှို့ဝှက်ထားကာ သာမာန်ပိသုကာပညာဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုသောကြောင့် ကြီးပွားချမ်းသာခြင်းမရှိဘဲ လောကဝတ်ငှရုံလောက်သာ ရရှိနေခြင်းဖြစ်သည်။

ထိုသတင်းကို ဘောဂဗလသူဌေးကြီးကြားသောအခါ လူအချို့ကိုလွှတ်ကာ မောင်ဒီပအား ခေါ်ခိုင်းလေသည်။

မောင်ဒီပရောက်လာသောအခါ ကောင်းမွန်စွာကျွေးမွေးဧည့်ခံပြီး သိချင်သည်များကို မေးမြန်းကြည့်လေသည်။ ထိုသို့ပြောဆိုနေစဉ် မနီးမဝေးမှာ မြလေးနွယ်ကပါရှိနေလေသည်။

"မောင်ရဲ့နာမည်ဘယ်လိုများခေါ်ပါသလဲ. . ."

"မောင်ဒီပလို့ခေါ်ပါတယ်. . ."

"အကျိုးအကြောင်းပြောပြပါဦး. . ."

"ဖခင်ကြီးမရှိတော့တဲ့ နောက်ပိုင်းမှာ မိခင်ကြီးနဲ့နှစ်ယောက်တည်းနေထိုင်ပြီး ကျွန်တော့်တတ်ကျွမ်းတဲ့ ပိသုကာပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုပါတယ်ခင်ဗျား. ."

"ကောင်းတာပေါ့ကွယ်. . । မောင်ဒီပရဲ့ ပိသုကာလက်ရာတွေကတော့ အင်းဝမှာလည်း တွေ့မိပါရဲ့၊ ယဉ်ယဉ်ရှယ်ရှယ်နဲ့ ဒီလိုပညာမျိုးတတ်တော့ အသက်မွေးဝမ်း





ကျောင်း မခက်ပေဘူးပေါ့. . ."

"မပိုလှဲသော်လည်း မိခင်ကြီးကိုတော့စိတ်ချမ်းသာအောင် ထားနိုင်ပါတယ်ခင်ဗျား. . ."

"ဒါလည်း ကုသိုလ်စုခြင်းတစ်မျိုးပဲပေါ့. . အခု မောင်ဒီပတို့ခေါ်ရတာ တခြားမဟုတ်ပါဘူး. . ကျုပ်ရဲ့စံအိမ်တော်အသစ်ဆောက်တဲ့အခါ မောင်ဒီပတတ်ကျွမ်းတဲ့ပညာနဲ့ ဆောက်လုပ်ပေးဖို့ အပ်နှံချင်လို့ပါ. . ."

"ကျွန်တော် ကြိုးစားပြီး ဆောင်ရွက်ပေးပါ့မယ်. . । သူဌေးကြီးအလိုရှိရာသာ ပြောပြပါ. . ."

သူဌေးကြီးဘောဂဗလက သူအလိုရှိသော စံအိမ်တော်ပုံစံကို အကြမ်းဖျင်းပြောပြရာ မောင်ဒီပကလည်း အသေအချာပင် မှတ်သားထားလေသည်။

ထိုသို့ပြောပြပြီးတော့မှ သူဌေးကြီးက လိုရင်းကိစ္စကို စတင်ပြောပြလေသည်။

"မောင်ဒီပကို တစ်ခုတော့မေးချင်ပါတယ်. . အမှန်အတိုင်း ပြောပြမလား. ."

"ပြောပါ့မယ်. . သိချင်တာရှိရင် မေးသာမေးပါ"

"တခြားတော့မဟုတ်ပါဘူး. . မောင်ဒီပက စက္ကောမအတတ်ပညာတတ်တယ်ဆိုတာ အမှန်ပဲလား. ."

"ဘယ်လိုများကြားသိတာပါလဲ. . ."

"မောင်ဒီပနဲ့နီးစပ်ရာ အသိုင်းအဝန်းကို စုံစမ်းလို့သိရ



www.burmeseclassic.com

www.burmeseclassic.com



တာပါ. . ."

မောင်ဒီပ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်တော်ဒီပညာတတ်တာမှန်ပေမယ့် ဒီပညာနဲ့တော့ အသက်မွေးဝမ်းကျောင်းမပြုပါဘူး. . ."

"ဘာကြောင့်လဲ. . ."

"အကုသိုလ်များတဲ့အလုပ်မျိုးမို့ပါ. . ."

"ဒါပေမယ့် ကျုပ်ကတော့ အကူအညီတောင်းရပေလိမ့်မယ်. . ၊ ဒါကြောင့် မောင်ဒီပကိုလည်း အခြေအနေတွေ အမှန်အတိုင်း ပြောပြပါ့မယ်. . ."

ဟု အစချီကာ တိုင်းပြည် မငြိမ်မသက်ဖြစ်နေသော အချိန်ကာလတွင် မိုးညှင်းရှမ်းစစ်သည်များရန်ကိုလည်း စိုးရိမ်နေရကြောင်း၊

ထို့ပြင် သူခိုးဓားပြတို့ရန်ကလည်း ကြောက်ရွံ့ရကြောင်း၊

ထို့ကြောင့် ယခုတည်ဆောက်မည့်အိမ်နှင့် စေတီနေရာတွင် များပြားလှသောရွှေငွေရတနာတို့ [illegible]ဝှက်မြှုပ်နှံလိုကြောင်းနှင့် နောက်တွင် မသမာသူများ ဝင်ရောက်နှောက်ယှက်ပါက အကာအကွယ်ရစေရန်အတွက် စက္ကောမအ[illegible]တတ်ဖြင့် အကာအကွယ်ပြုလုပ်ပေးစေကြောင်း တောင်းပန်ပြောဆိုလေရာ ပထမတော့ မောင်ဒီပအတန်တန်ပင် ငြင်းပယ်[illegible]လသည်။





နောက်ပိုင်း အနီးအနားမှာရှိနေသော မြလေးနွယ်အပါ ဝင်ရောက်ပြီးတောင်းပန်ပြောဆိုတော့မှ မငြင်းသာသောဘဲ ပြုလုပ်ပေးပါမည်ဟု လက်ခံပေးလိုက်ရပေသည်။

"ကောင်းပါပြီ. . သူဌေးကြီးရဲ့ သဘောဆန္ဒအတိုင်း ဆောင်ရွက်ပေးဖို့ ကျွန်တော်သဘောတူပါတယ်၊ ဒါပေမယ့် တစ်ခုတော့ တောင်းဆိုချင်ပါတယ်. ."

"ဘာများလဲကွယ်. ."

"တခြားတော့မဟုတ်ပါဘူး၊ ကျွန်တော်လုပ်ပေးနေတာကို ဘယ်သူမှမသိစေချင်ပါဘူး. . နောက်ပြီး စက်ကြိုးသန္တရားတွေ တပ်ဆင်တဲ့နေရာမှာလည်း တခြားလူတွေကို ခေါ်သုံးလို့ မရပါဘူး. ."

"ဘာကြောင့်လဲ. . ."

"ကိုယ့်ရဲ့လျှို့ဝှက်ထားတဲ့အချက်တွေ အပြင်လူတွေ သိလို့မဖြစ်ပါဘူး. . ၊ ဒီလိုသိသွားရင် တစ်ချိန်မှာကိုယ့်ကိုပြန်ပြီး အန္တရာယ်ပေးနိုင်ပါတယ်. ."

"မှန်ပါတယ်. ."

"နောက်တစ်ချက်က ဒီအကြောင်းတွေကို ဘာမှမသိတဲ့လူတစ်ယောက်ကိုခေါ်သုံးတဲ့အခါမှ အန္တရာယ်ဖြစ်မှာစိုးလို့ပါ. ."

"ကောင်းပါပြီ. . မသိစေရပါဘူး၊ မောင်ဒီပစိတ်တိုင်းကျတဲ့အတိုင်းသာ ပြုလုပ်ပါ၊ ဒါထက်. . မေးပါရစေဦး. ."



www.burmeseclassic.com

www.burmeseclassic.com



မောင်ဒီပမှာရော စေခိုင်းရမယ့်အလုပ်သမားတွေ ရှိကြသလား. . "

"ရှိပါတယ်ခင်ဗျာ. . ဒီအတွက်တော့ သူဌေးမင်းစိတ်မပူရပါဘူး. . . "

"ကျုပ်ကလည်း ဒီလိုလုပ်တာကို. . ဘယ်သူမှမသိစေချင်ပါဘူး. . . ၊ ဒီတော့ မောင်ဒီပက အလုပ်ကိုလက်ခံပြီဆိုရင်တော့ တစ်ရက်လောက် အလုပ်လုပ်နေတဲ့နေရာ သွားကြည့်ကြတာပေါ့"

"ကောင်းပါပြီခင်ဗျာ. . . "

ထို့နောက် သူဌေးကြီးက နေရာမှထရင်း မနီးမဝေးနေရာတွင်ထိုင်နေသော သမီးဖြစ်သူမြလေးနွယ်ရှိရာဘက်သို့ လှည့်ပြောလိုက်လေသည်။

"သမီးရေ. . မောင်ဒီပအတွက် လိုအပ်တဲ့ ငွေကြေးကို လုံလောက်အောင်သာ ထုတ်ပေးလိုက်ပါကွယ်. . "

ဟုပြောဆိုမှာကြားပြီး အပေါ်သို့တက်သွားလေသည်။ ထိုအခါမှ နှစ်ယောက်သား စကားပြောခွင့်ရလေသည်။

"ဒါထက် ရှင့်နာမည်ကဘယ်သူလဲ. . "

"မောင်ဒီပလို့ခေါ်ပါတယ်. . မမလေး. . . "

"ရှင်ကကျွန်မထက် အသက်ပိုကြီးပုံရပါတယ်. . မမလေးလို့မခေါ်ပါနဲ့. . ကျွန်မနာမည် မြလေးနွယ်လို့ခေါ်





တယ်"

"ကောင်းပါပြီ. . "

"အခု ရှင်ဘယ်လိုလုပ်မလဲ. . "

"အလုပ်လုပ်ရင် အသုံးပြုဖို့ အလုပ်သမားတွေပြန်ခေါ်ရပါမယ်. . ၊ နောက်တစ်ခုက အလုပ်လုပ်ရင် နေရပ်ပြန်နိုင်တော့မှာမဟုတ်လို့ မိခင်ကြီးအတွက် စားနပ်ရိက္ခာ ပြန်ပို့ပေးဖို့ ကျွန်တော့်ကိုပြန်ခွင့်ပေးပါ. . "

"ကောင်းပြီလေ. . ရှင့်အတွက်လိုတဲ့ငွေကို ကျွန်မထုတ်ပေးလိုက်ပါမယ်. . ပြီးမှသာ ပြန်ခဲ့ပေတော့. . "

ဟုပြောဆိုပြီး ငွေတိုက်အတွင်းမှငွေများကို ထုတ်ပေးလေသည်။ တကယ်တော့ မောင်ဒီပမှာ သူဌေးကြီးဘောဂလေး၏ တစ်ဦးတည်းသော သမီးမြလေးနွယ်၏ အလှအပဂုဏ်သတင်းတို့ကို ကြားခဲ့ပြီးဖြစ်ပေသည်။

မြင်တွေ့ခွင့်မရှိခင်ကတည်းက မြင်တွေ့ချင်နေရာသခုကဲ့သို့ အနီးကပ်မြင်တွေ့ခွင့် ရသောအခါမှာတော့ ကျော်ကြားနေသောဂုဏ်သတင်းကဲ့သို့ပင် လှပချောမောသူတစ်ယောက်ဖြစ်ကြောင်းတွေ့ရသဖြင့် စိတ်ထဲ၌ကြိတ်လျက် ဝမ်းသာကျေနပ်နေမိပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com







# စကြောမပညာနှင့် ဆက်နွယ်လာခြင်းများ

စကြာမယန္တရား အတတ်ပညာသည် ရောမ ခေါမတိုင်းသားတို့ တတ်ကျွမ်းသောပညာရပ်ဖြစ်သည်။

ရောမတိုင်း၌ ဘူတာဝါဟာယန ယန္တရားအတတ်ကို တတ်မြောက်ကြသူတို့သည် ၎င်းတို့အမည်နာမများကို ပေါင်း၌ ဆေးမင်ကြောင်ဖြင့်ထိုးကာ ပြုစုထားကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တတ်ကျွမ်းကြသူများထဲမှ တစ်ဦးတစ်ယောက်သည် အခြားတိုင်းပြည်နိုင်ငံသို့ထွက်သွားလျှင် အဆိုပါပညာ ပြန့်ပွားမည်စိုးသောကြောင့် ယန္တရားဖြင့် လိုက်လံသတ်ဖြတ်လေ့ရှိကြသည်။

ပါဋလိပုတ်ပြည်သားတစ်ဦးသည် ရောမတိုင်း၌ ထိုပညာရပ်များရှိသည်ကို သတင်းကြားသဖြင့် အဆိုပါအဖိုးတန်လှသောပညာရပ်များ သွားရောက်သင်ကြား၍ တတ်မြောက်လျှင် မိမိတိုင်းပြည်သို့ ယူဆောင်ခဲ့မည်ဟူသောအကြံဖြင့် ခေါမရောမတိုင်းသို့ သွားလေသည်။

ရောမတိုင်းသို့ရောက်သောအခါ ယန္တရားအတတ်ကို တတ်မြောက်ကျွမ်းကျင်သော ဆရာကြီးတစ်ဦးကိုရှာဖွေ၍ မိမိ၌ ပါလာသောဥစ္စာရတနာတို့ကို အဖိုးအခအဖြစ်ပေး၍ ယန္တရားအတတ်ပညာများကို သင်ယူလေသည်။

ထိုသူသည် ဆရာကြီးထံ၌နေရင်း ယန္တရားအတတ်ပညာများကို သင်ယူနေစဉ်မှာပင် ဆရာကြီး၏သမီးနှင့် ချစ်ကျွမ်းဝင်ကာ လက်ထပ်ကြလေသည်။

စက္ကောမဆရာကြီးလည်း မိမိသားမက်ဖြစ်သော တပည့်အား မိမိတတ်ကျွမ်းသော စက္ကောမယန္တရားအတတ်ပညာများကို မချွင်းမချန်သင်ကြားပေးပြီး တတ်မြောက်သောအခါ ၎င်း၏ပေါင်၌တပည့်ဖြစ်သူ၏အမည်ကို စာရင်းရေးမှတ်ထားလေသည်။





ပါဋလိပုတ်ပြည်သားသည် ဆရာကြီး၏သမီးနှင့် အိမ်ထောင်ကျပြီးနောက် သားတစ်ယောက်ထွန်းကားခဲ့လေသည်။

ထိုသားအရွယ်ရောက်လာသောအခါ ဖခင်ဖြစ်သူက. . .

"ငါ့သား. . အဖသည် ပါဋလိပုတ်ပြည်သားတစ်ဦးဖြစ်ပေတယ်. .၊ စက္ကောယန္တရားအတတ်ပညာကို သင်ကြားတတ်မြောက်လိုသဖြင့် ရောမတိုင်းသို့ရောက်ခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပေပြီ. .၊

ယခု ငါသည် ပါဋလိပုတ်ပြည်သို့ပြန်ပေအံ့. .၊ ငါပြန်သည့်အကြောင်းကိုသိပါက ခေါမတိုင်းသားတို့က ၎င်းတို့ပညာ ပြန့်ပွားမည်စိုးသောကြောင့် ငါ့အားယန္တရားဖြင့် လိုက်လံသတ်ဖြတ်ကြပေလိမ့်မည်. . .၊

ငါ့သားကတော့ ငါသေသွားလျှင် ငါ၏ပေါင်ကိုဖြတ်၍ အတွင်း၌သိုဝှက်ထားသော ယန္တရားအတတ်ပညာကို ထုတ်ယူ၍ ပါဋလိပုတ်ပြည်သို့ ရောက်အောင်သွားပါလေ. .၊ ရောက်လျှင် ထိုပညာနှင့်ပင် အသက်မွေးကျောင်းပြုပါလေ"

ဟုမှာကြားပြီးနောက် ရောမတိုင်းမှ ထွက်ပြေးကြလျှင် ယန္တရားတို့ဖြင့် လိုက်လံသတ်ဖြတ်သောကြောင့် ဖခင်ဖြစ်သူမှာ သေလေသည်။

ယန္တရားတို့က ဖခင်၏ဦးခေါင်းကိုဖြတ်၍ ပြန်သွား



www.burmeseclassic.com

www.burmeseclassic.com



သောအခါ သားဖြစ်သူက ဖခင်မှာကြားခဲ့သည့်အတိုင်း ပေါင်၌သိုဝှက်ထားသော ယန္တရားအတတ်ပညာများကိုထုတ်ယူ၍ ပါဠိ လိပ်ပုတ်ပြည်သို့သွား၍ နေထိုင်ခဲ့လေသည်။

အဇာတသတ်မင်းသည် သရီရဓါတ်တော်ကိုထားသောအခါ ထိုဆရာကိုရာဇဂြိုဟ်ပြည်သို့ခေါ်၍ စီရင်လေ၏။ ထိုသူ၏ အနွယ်ဖြစ်သော သား၊ မြေးတို့ကို ခေါ်တွေ့လေသည်။

မင်းကြီးလည်း ထိုသူတို့ကိုတွေ့လျှင် ဝမ်းမြောက်ဝမ်းသာ အသပြာတစ်ထောင်ပေး၍ ယန္တရားစက်ကိုဖျက်စေ၏။

ထို့နောက်မှ မြေကိုတူး၍ တံတိုင်းခုနှစ်ထပ်တို့ကို အစဉ်အတိုင်း ပယ်ရှားလျက် ရဟန်းတော်တို့၏အစီအမံဖြင့် ဓါတ်တော်တိုက်ကြီးကို လှူဒါန်းခဲ့သည်။

တစ်နေ့သ၌ သီရိဓမ္မာသောကမင်းကြီးသည် အသောကာရာမကျောင်းသို့သွား၍ ခြောက်သောင်းမျှလောက်သော ရဟန်းတို့ကို အလှူကြီးပေး၍ ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်တော်မူ၏။

မင်းကြီးသည် တရားတော်၌အလွန်ကြည်ညိုလှသဖြင့် တစ်ပါးတစ်ပါးသော ဓမ္မက္ခန္ဓာကိုရည်၍ စေတီတစ်ဆူ တစ်ဆူစီ တည်တော်မူလိုသော အကြံရှိတော်မူသည်ဖြစ်၍ ဘုရားသခင်၏ သရီရဓါတ်တော်တို့ကို တောင့်တတော်မူ၏။

သံဃာတော်တို့လည်း "ရာဇဂြိုဟ်ပြည်၌ အဇာတ





သတ်မင်း ခဲယဉ်းစွာမြှုပ်ထား၍ ကိုးကွယ်တော်မူသော သရီရဓါတ်တော်ခုနစ်စရွတ်တို့ကို မင်းကြီးပင့်၍ စေတီတည်လတ္တံ့" ဟု မိန့်တော်မူကုန်၏။

မင်းကြီးလည်း ဝမ်းမြောက်တော်မူလှ၍ "ဓါတ်တော်ထားရာကို သိသောသူသည် အသပြာထောင်ထုပ်ကိုယူလေ" ဟု၍ ဆင်တွင်တင်၍ မြို့ထက်ဝန်းကျင်ကိုလည်းရှာ၏။

မည်သူမျှသိသူဟူ၍ မပေါ်ထွက်ကုန်။

ရက်လည်သောနေ့၌ ရဟန်းမိန်းမတစ်ယောက်သည် သိကြောင်းကိုဆို၏။

မင်းကြီးလည်း ထိုရဟန်းမိန်းမကိုပင့်၍မေး၏။

ရဟန်းမိန်းမကလည်း. . .

"ငါခုနစ်နှစ်အရွယ် သာမဏေအခါက ဆရာနှင့်အတူ ပန်းနံ့သာတင်၍လိုက်ဖူးသည်၊ ငါ့ဆရာရဟန်းမနှင့် ဤအရပ်သော မြေအဖို့တွင် နံ့သာပန်းပူဇော်၍ ရှိခိုးဖူးသည်။"

ဟု ပြောပြသည်။

သီရိဓမ္မာသောကမင်းကြီးလည်း ရဟန်းမိန်းမပြောပြ၍ စေတီကိုသိလျှင် မိမိ၏မှူးမတ်ပရိသတ်နှင့်တကွ သွား၍ ဓါတ်တော်ရှိရာသို့ရောက်သောအခါ များစွာသော အသက္ကာရကိုပြု၍ တူးဖော်စေသည်ရှိသော် ကျောက်စ်တောအမိုး၌မြင်၍ ထုတ်ငင်ရလေ၏။

ထို့နောက်အုတ်ကျွတ်အမိုး၊ ထို့နောက်သံအမိုး၊ ထို့



www.burmeseclassic.com

www.burmeseclassic.com



နောက်ကြေးဖြူအမိုး၊ ထို့နောက်ကြေးနီအမိုး၊ ထို့နောက် သလွဲဖြူအမိုး၊ ထို့နောက်သလွဲမည်းအမိုးတို့ကိုလည်း အစဉ်အတိုင်းထုတ်ယူစေသည်။

ထိုအမိုးများကုန်လျှင် အလုံးစုံရတနာအတိပြီးသော ပြာသာဒ်၏ တံတိုင်းခုနစ်ထပ်အတွင်းတွင် ဝင်းဝင်းညီးသော ဓား၊ လှံ၊ သံလျက်ကိုစွဲငင်၍ အသက်ရှိသောသူများကဲ့သို့ ပြေးလွှားနေကြသောယန္တရားစက်ရုပ်တို့ကို မင်းနှင့်တကွ သော သူအပေါင်းတို့မြင်လျှင် ရင်သပ်လက်တီးချီးမွမ်းအံ့ဩ ကုန်လျက် တစိုက်မက်မက် ကြည့်မျှော်လျက်သာနေကုန်၏။

ထို့နောက်မှ မင်းကြီးလည်း ဤသို့အကြံရ၏။

"အထက်ကစီရင်တတ်သူမရှိဘဲ အဇာတသတ်မင်း သည် ဤယန္တရားပညာကို မထားနိုင်လေရာ စက်ယန္တရား ပညာကိုတတ်သော အဆက်အနွယ်ကို ရှာဦးအံ့. . ."

ဟု အသပြာတစ်ထောင်ထုပ်ကို ဆင်ကျောက်ကုန်း ထက်တင်၍. . .

"အကြင်သူသည် ယန္တရားစက်ကို ဖျက်နိုင်တုံအံ့၊ ထိုသူသည် ဤအသပြာကိုယူလော့. . ."

ဟုကြွေးကြော်၍ရာဇဂြိုဟ်မြို့၌လှည့်စေ၏။

ထိုအခါ အထက်ရောမတိုင်းကလာ၍ စေတီကိုစီရင်ခဲ့သော ဆရာ၏သားမြေးများတို့ကြားလေသော် ငွေထုပ်ကို သိမ်းယူပြီးလျှင် မင်းကြီးအထံသို့ သွားလေ၏။





မင်းကြီးလည်း ထိုသူတို့ကိုတွေ့လျှင် ဝမ်းမြောက်ဝမ်းသာ အသပြာတစ်ထောင်ပေး၍ ယန္တရားစက်ကိုဖျက်စေ၏။

ထို့နောက်မှ မြေကိုတူး၍ တံတိုင်းခုနှစ်ထပ်ကို အစဉ်အတိုင်းဖယ်ရှားလျက် ရဟန်း၊ သံဃာပါသမျှသော မှူးမတ်ဗိုလ်သတ်နှင့်တကွ ဓါတ်တော်ပြာသာဒ်ကို လက်ျာရစ်သုံးကြိမ်လှည့်၍ ဖူးမျှော်ကြသည်။

ထိုနေရာတွင် ရှင်မဟာကဿပမိဋ္ဌာန်၍ ထွန်းခဲ့သော ဆီမီးတိုင်၌ မီးမသေသေးသည်ကိုမြင်၍ အလွန်အံ့ဩကြကုန်၏။ ဘုရင်မင်းကြီးနှင့် အဖွဲ့သည် ပြာသာဒ်အတွင်းသို့ဝင်၍ ရွှေအတိပြုလုပ်ထားသောမြင်းရုပ်ကို ယန္တရားအကြည် ဖြင့် ဖွင့်လေ၏။

ရွှေမြင်း၏ဝမ်းတွင်း၌ကား ဝရဇိန်ကဲ့သို့ ထွန်းလင်းတောက်လျက်တည်သော ဓါတ်တော်အစုကိုမြင်လေသော် မင်းကြီးသည် အလွန်ဝမ်းမြောက်ရွှင်ကြည်သောစိတ် ဖြစ်တော်မူ၍ လိုအင်ဆန္ဒ ပြည့်ဝလေသည်။

စိတ်ဘဝင်ချမ်းမြေ့တော်မူသော မင်းကြီးသည် ခုနစ်ရက်ပတ်လုံး ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့် ဓါတ်တော်များကိုပူဇော်ချီးမြှောက်ပြီးမှ ပြာသာဒ်နှင့်တကွ မြင်းရုပ်ကိုထုတ်၍ ကောင်းစွာသုတ်သင်ဆင်ယင်ပြီးသော် တံခွန်ကုက္ကားမုလေးပွားတို့ဖြင့် စည်လည်လျက် မြို့တွင်းသို့ဝင်၍ ပြာသာဒ်ဦးတင်းထက်၌ ထားတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



သီရိဓမ္မာသောကမင်းကြီးသည် မြတ်စွာဘုရား၏ ဓါတ်တော်မွေတော်များကို ဤသို့ရအောင်ဖော်ထုတ်၍ယူပြီးမှ မိမိပြည်သို့ပြန်တော်မူခဲ့သည်။

မြတ်စွာဘုရား၏ သရီရဓါတ်တော်များကို ဇမ္ဗူဒိပ်ကျွန်းအားလုံး၌ နေရာအနှံ့တွင် ကိုးကွယ်စေခြင်းငှာ ရှစ်သောင်းလေးထောင်သောမြို့နိုင်ငံတို့၌ တစ်မြို့လျှင် စေတီတစ်ဆူစီတည်စေဟုမိန့်ကြား၍ (၉၆)ကုဋေသောအသပြာတို့ကို အမတ်တို့အားအပ်၍ စေတီတည်စေ၏။ စေတီအနီးတွင် ကျောင်းလည်းတစ်ဆောင်စီ ဆောက်စေသည်။

ဘုရင်မင်းကြီးသည် အဆိုပါ စေတီတော်များနှင့်ကျောင်းများကို တည်ဆောက်စေသောအခါ အားလုံးပြီးမြောက်အောင်မြင်စေရန် တန်ခိုးအာနုဘော်ကြီးမားသောဣန္ဒဂုတ္တအမည်ရှိသော ရဟန္တာမြတ်ကိုတောင်းပန်၏။

ထိုရဟန္တာအရှင်မြတ်သည် မိမိ၏တန်ခိုးစွမ်းအင်ဖြင့်စောင်မသဖြင့် အချိန်ကာလသုံးနှစ် ရှိသောအခါ အလုံးစုံသော ကျောင်းစေတီတို့ ပြီးစီးအောင်မြင်လေသည်။

အဆိုပါစေတီတို့တည်သောအခါ လကိုရာဟုဖမ်းသည့်နေ့တွင် တပြိုင်နက်တည်ကုန်၏။ လကိုရာဟုဖမ်းသောနေ့တွင် တပြိုင်နက်ပြီးကုန်၏။ စေတီနှင့်ကျောင်းများပြီးကြောင်းကို ရှစ်သောင်းလေးထောင်သော မင်းတို့သည်ကမ္ပည်းစာနှင့်တပြိုင်တည်း ရောက်လာကြလေသည်။





တစ်ဖို့သောဓါတ်တော်ကို ပါဋလိပုတ်ပြည်မြစ်နားဝယ် တစ်ကောသခွဲအရပ်ကို လက်ဝါးပြင်ကဲ့သို့ညီညွတ်စေရန် အထူးထူးသောရတနာတို့ဖြင့် တန်ဆာဆင်လျက် မဟာစေတီတည်လေ၏။

မြန်မာနိုင်ငံအတွင်းရှိ စေတီအတော်များများလည်းထိုစဉ်က အသောကမင်းကြီးသည် ဆက်စပ်နေသည်ဟုယုံကြည်ကြသည်။

ယင်းသို့ သီရိဓမ္မာသောကမင်းကြီးသည် အဇာတသတ်မင်းယန္တရားစက်ဖြင့် ခဲယဉ်းစွာထားသောဓါတ်တော်တို့ကိုယူ၍ ရှစ်သောင်းလေးထောင်သောစေတီတို့ကို တည်ထားစေသည် ဟူသောသတင်းစကားကို ရောမတိုင်းကိုအစိုးရသော မင်းကြီးကြားသိလေသည်။

ထိုအခါမင်းကြီးက. . .

"အဘယ်သူသည် ယန္တရားစက်ကို ဖျက်လေသနည်း"

ဟု မှူးမတ်တို့ကိုမေးတော်မူ၏။

မှူးမတ်တို့က. . .

"အကျွန်ုပ်တို့၏ ကျွန်းနိုင်ငံတွင် အတတ်ပညာသင်ရန် လာဖူးသောသူ၏သားတစ်ယောက်သည် ပါဋလိပုတ်ပြည်တွင်ရှိ၏. . ၊ ထိုသူကို ဖျက်ဆီးစေပါသည်. . "

ဟု လျှောက်တင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည်. . . 'ထိုသူကိုသတ်အံ့' ဟုကြံ၍ သံ ဖြင့်ပြီးသော ယန္တရားတံတင်းကိုပြုလုပ်စေပြီးလျှင် ဖုတ်သွင်း သော ယောကျာ်းရုပ်ကို သန်လျက်စွဲကိုင်စေပြီး တံတင်းထဲ၌ ထည့်၍ အပေါ်ကလျှို့ဝှက်သော ယန္တရားအဖုံးကိုပြု၍. . .

"ရတနာတံတင်းလက်ဆောင် ဆက်သလိုက်ပါ သည်"

ဟု သီရိဓမ္မာသောကမင်းကြီးအား ဆက်သလေ သည်။

သီရိဓမ္မာသောကမင်းကြီးလည်း ဆက်သလာသော သံတို့ကို လက်ဆောင်ပဏ္ဏာတုန့်ပြန်၍ ထိုတံတင်းကို ယန္တရား တတ်သောဆရာထံပြ၍ "သင်ဖွင့်လော့" ဟုစေ၏။

ယန္တရားတတ်သောဆရာလည်း မိမိပညာဖြင့် တိုင်း ထွာ၍စူးစမ်းသော် ရတနာတံတင်းမဟုတ်ကြောင်း၊ မိမိရန်သူ ပါကြောင်းကိုသိ၍. . .

"အရှင်မင်းကြီး. . . ဤတံတင်းသည် အကျွန်ုပ်ကို သတ်စိမ့်သောငှာသာ ဆက်သလာပါသည်၊ ရတနာတံတင်း မဟုတ်ပါ၊ အကျွန်ုပ်ကဲ့သို့ ဘူတဒ္ဓဝါဟနယန္တရားစက်တတ် သောသူကို ဤဇမ္ဗူဒိပ်ကျွန်း၌ အလွန်ရောက်ခဲရခဲပါသည်၊ အကျွန်ုပ်၏ ဖခင်သည် ဤအတတ်ကို ရောမတိုင်းသို့သွား၍ အသက်ကိုစွန့်စားသဖြင့် သင်ယူရပါသည်. . .၊

ယခုအကျွန်ုပ်ရှိကြောင်းကိုသိ၍ သတ်ခြင်းငှာဆက်





ရောက်လာပါသည်။ အကျွန်ုပ်၏အသက်ကို သနားတော်မူ ပါ"

ဟုလျှောက်ထားလျှင် မင်းကြီးကလည်း. . .

"သင့်အားပေးလိုက်သည်မဟုတ်၊ ငါ့ကိုသာဆက်သ သည်၊ အဘယ်အကြောင်းဖြင့် သင့်ကိုသတ်အံ့သနည်း. . "

ဟု မေးပြန်၏။

"ဘုန်းတော်ကြီးလှသော တရားမင်းမြတ်. . ဖုတ် သွင်းအပ်သောလူရုပ်သည် ထိုးခုတ်ရန်လက်နက်နှင့်တကွ ဤတံတင်း အတွင်း၌ပါပါသည်. . ၊ ဖွင့်မိလျှင် ထိုရန်သူသည် အကျွန်ုပ်ကို မြန်စွာသတ်၍ သူ့အရပ်သို့ပြန်ပါလိမ့်မည်. . "

ဟုလျှောက်ထား၏။

မင်းကြီးက. . .

"အဘယ်အကြောင်းဖြင့် သင်သိသနည်း. . "

ဟုမေးလျှင် ယန္တရားတတ်သောဆရာက. . .

"ဥပါယ်တံမျဉ်ဖြင့်ပြုသည်ကိုမြင်၍ သိပါသည်. . "

ဟု သံတော်ဦးတင်၏။

ထိုအခါမင်းကြီးက အမတ်တို့ကို. . . "အဘယ်သို့ပြု ရင်သနည်း. . " ဟုတိုင်ပင်ပြန်၏။

အမတ်တို့ကလည်း. . .

"ဤသူ့စကားကို မယုံကြည်အပ်. . ၊ လေးမြားကိုရှိ တတ်စွာဆက်လာသည်ဖြစ်ရကား ရတနာတံတင်းသာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရာသည်”

ဟုလျှောက်ကြလေသည်။

ဆရာယောကျ်ားကလည်း မိမိကိုသတ်အံ့သော... လာကြောင်း လျှောက်ပြန်သော်. . အမတ်တို့က. .

“အဘယ်သို့ပြုသင့်သနည်း. .” ဟုမေး၏။

မီးပုံကြီး၌ ပစ်ချသင့်ကြောင်းကိုဆိုသော် အမတ်... က မင်းကြီးအားဤသို့လျှောက်ကြ၏။

“အရှင်မင်းမြတ်. . . ယန္တရားတတ်သော ဆ... သည် အရာမဟုတ်သည်၌တွေးတော၍ ကြောက်ဘိ... ဤသို့ကြံတိုင်း ဟုတ်မည်မထင်ပါ. . .”

ဟုလျှောက်ကြ၏။

မင်းကြီးလည်း အမတ်တို့၏စကားကို ယုံကြည်တော်... မူ၍ ထိုသူကို ‘တံတင်းဖွင့်လော့’ ဟုမိန့်တော်မူ၏။

ထိုသူလည်း မိမိအိမ်သို့သွား၍ သားမယားတို့... ဥစ္စာပစ္စည်းပေး၍ မှာထားပြီးလျှင် မင်းအိမ်သို့ပြန်ခဲ့၍ ... ရာထူးကို မင်းကြီးအားဆောက်နှင်း၍ တံတင်းကိုကိုင်... ရတနာသုံးပါးကိုအောက်မေ့လျက် သော့ချက်ဖြင့်ဖွင့်လေ... 

ထိုသို့ဖွင့်သောခဏ၌ တံတင်းထဲမှလူသည် ထွ... လေ၍ ထိုသူကိုဝါးညွန့်ကဲ့သို့ဖြတ်၍ ရောမတိုင်းသို့ပြန်... ၏။

ထိုအခါမှ သိရှိမှသောကမင်းကြီးလည်း ကြော...





ယန္တတကြားဖြစ်၍ အမတ်တို့ကို များစွာအပြစ်တင်တော်မူ၏။

ယန္တရားဆရာ သေဆုံးသွားသော်လည်း ၎င်း၏မျိုးနွယ်ဆက်တို့သည် ပါဋလိပုတ်၌ပင် ကျန်ခဲ့လေသည်။

ထိုကဲ့သို့ကျန်ခဲ့သောအဆက်အနွယ်များက ၎င်းတို့တတ်ကျွမ်းသောပညာတို့ကို လက်ဆင့်ကမ်းအမွေပေးပြီး အဆင့်ဆင့်သင်ယူခဲ့ကြရာ နောက်ဆုံးအင်းဝခေတ်သို့ရောက်လာပြီး မောင်ဒီပတို့လက်ထက်တိုင်အောင်ပင် ဖြစ်ခဲ့လေသည်။

မောင်ဒီပကို ၎င်း၏အဘိုးနှင့်ဖခင်ဖြစ်သူတို့က သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

သို့သော် သူတို့သည် ထိုပညာဖြင့်အသက်မွေးဝမ်းကျောင်းမပြုခဲ့ကြပေ။ အသက်မွေးဝမ်းကျောင်းပြုရန်လည်း အခွင့်အရေး မရရှိခဲ့ကြပေ။

ထို့ကြောင့် ထိုပညာနှင့်ပတ်သက်သည့်အကြောင်းများကို လူသိမခံတော့ဘဲ မျိုးရိုးအစဉ်အဆက် ပိသုကာပညာနှင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့ကြခြင်းဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







# မပြောင့်ဖြူးသော မေတ္တာလမ်း

နောက်ထပ်လအနည်းငယ်ကြာတော့ ဒုတ္တဝတီမြစ်ဟုခေါ်သော မြစ်ငယ်မြစ်ကမ်းတစ်နေရာ၌ရှိ သူဌေးကြီးဘောဂဗလ ပိုင်ဆိုင်သောမြေပေါ်တွင် အဆောက်အဦးများစတင်ဆောက်လုပ်ကြလေတော့သည်။

ကမ်းဘက်တွင် သစ်တောများနှင့်ကိုင်းတောကြီးများက ခံနေသောကြောင့် အတွင်းဘက်၌ မည်ကဲ့သို့သော အ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်အဦးများ ဆောက်လုပ်နေသည်ကိုတော့ ပတ်ဝန်းကျင်မှ မသိနိုင်ကြပေ။

ထိုနေရာတစ်ဝိုက်တွင် စောင့်ကြပ်နေသူတို့ကလည်း ထို နေရာရောက်သည်အထိ အဝင်မခံကြပေ။

အတွင်းဘက်မှာတော့ ယက္ခကြီးခေါင်းဆောင်သော အလုပ်သမားများက လိုအပ်သောအုတ်များ ဖုတ်ပေးခြင်း ကျွန်းသစ်အစရှိသောသစ်များကို ခွဲစိတ်ဖြတ်တောက်ပေးခြင်း စသော အလုပ်ကြမ်းများ လုပ်ပေးကြရသည်။

စေတီတည်သောကိစ္စနှင့် စံအိမ်တော်ဆောက်လုပ်သောနေရာမှာ မောင်ဒီပက သူ့လူများနှင့်သာလုပ်ကိုင်လေသည်။

ထိုနေရာသို့လာကတည်းက အလုပ်လုပ်ရန်လူများကို သူနှင့်အတူတစ်ပါတည်း ခေါ်ဆောင်လာခြင်းဖြစ်ပေသည်။ ထိုလူများကြည့်ရသည်မှာ တစ်မျိုးဖြစ်နေသည်။ ရောက်ကတည်းက တခြားလူများနှင့် စကားပြောခြင်း၊ ရောရောထွေးထွေး နေထိုင်ဆက်ဆံခြင်းမျိုးမရှိဘဲ မောင်ဒီပ စေခိုင်းသည့်အတိုင်းသာ အလုပ်လုပ်ကြလေသည်။

မောင်ဒီပကလည်း သူခေါ်လာသော အလုပ်သမားများကို အခြားအလုပ်သမားများနှင့်မထားဘဲ သီးခြားပင်ထားလေသည်။ သတ္တိကောင်းလှသည်ဆိုသော ယက္ခကြီးတို့ပင် ထိုလူများ၏အမူအယာကို မြင်တွေ့ရသောအခါ စိတ်





ထဲမှာတစ်မျိုးဖြစ်ကာ ကြောက်ရွံ့လာသကဲ့သို့ ရှိကြလေသည်။ အဆောက်အဦးများ ဆောက်သောအခါ ဦးရှီးတော် ဦးဒိဗ္ဗကိုယ်တိုင်လာရောက်ကြီးကြပ်ကာ လိုအပ်သည်များအား ပြောဆိုစေခိုင်းလေသည်။

သူဌေးကြီးဘောဂဝလလည်း မကြာခဏလာရောက်ကြည့်ရှုလေသည်။ သူဌေးကြီးလာတိုင်း သမီးဖြစ်သူမြလေးနှယ်လည်း ပါလာတတ်လေသည်။

မောင်ဒီပက စက်ယန္တရား(စက္ကောမ)များ လျှို့ဝှက်တပ်ဆင်ထားမှုများအကြောင်းကိုတော့ ဦးဒိဗ္ဗအပါအဝင် အခြားသူများကိုပင်မပြောဘဲ သူဌေးကြီးတစ်ဦးတည်းကိုသာ လျှို့ဝှက်စွာ ပြောပြထားလေသည်။

ထို့ကြောင့် စံအိမ်ကြီးနှင့် မြေတိုက်ခန်းမှာတပ်ဆင်ထားသော လျှို့ဝှက်ယန္တရားများအကြောင်းကိုတော့ မောင်ဒီပနှင့် သူဌေးကြီးတို့သာ သိကြလေသည်။

တစ်ခါတစ်ရံ ဦးဒိဗ္ဗကမေးသော်လည်း မောင်ဒီပက မပြောပေ။ ထို့ကြောင့် မောင်ဒီပအပေါ်မှာ စိတ်ထဲမှကြိတ်ကာ မကျေမနပ်မှုများ ဖြစ်နေခဲ့လေသည်။

အလုပ်လုပ်သောနေရာသို့ သူဌေးကြီးမလာရောက်နိုင်ပါက မောင်ဒီပက အင်းဝ၌ရှိသော သူဌေးကြီးနေအိမ်သို့သွားကာ လိုအပ်သောလျှို့ဝှက်ချက်တို့ကို ပြောပြပေးရလေသည်။ ထိုသို့တွေ့ရင်းမှပင် လူငယ်လူရွယ်တို့သဘာဝ မြလေး



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

မောင်ဒီပပြောပြသော အကြောင်းများမှာ ရှေ့အခန်း၌ ရေးသားဖော်ပြခဲ့သော အကြောင်းအရာများပင် ဖြစ်ပေသည်။

"ဒီလောက်တန်ဖိုးကြီးတဲ့ ပညာတွေကို ဘာကြောင့် လျှို့ဝှက်ထားတာလဲဟင်. . ."

"ရှင်ဘုရင်သိရင် အန္တရာယ်ဖြစ်နိုင်ပါတယ်၊ နောက်တစ်ချက်က ယန္တရားအတတ်ပညာတွေက လူတွေရဲ့အသက်တွေကို သေစေနိုင်ပါတယ်. .၊ ယန္တရားအတတ်ပညာနဲ့ စီရင်ထားတဲ့နေရာတစ်ခုကို လျှို့ဝှက်ချက်မသိဘဲ ဝင်တဲ့သူတိုင်း သေစေနိုင်ပါတယ်. .၊ ဒါကြောင့် အသုံးမပြုတော့ဘဲ လျှို့ဝှက်ထားတာပါ"

"ဒါဖြင့် ဒီမှာရော ဘာကြောင့်လာပြီးလုပ်ပေးတာလဲ"

မြလေးနွယ်က စကားလမ်းခင်းပေးသောအနေဖြင့် မေးလိုက်ရာ မောင်ဒီပက အတော်ကြာအောင်စဉ်းစားနေပြီးတော့မှ ပြန်ပြောလေသည်။

"သူဌေးကြီးအတွက်တော့ လုပ်ပေးသင့်တယ်ထင်လို့ လုပ်ပေးတာပါ၊ နောက်တစ်ချက်ကတော့ မြလေးနွယ်အတွက်လည်း ပါပါတယ်. . ."

"ရှင်. . . ကျွန်မအတွက်ပါတယ်၊ ဘယ်လိုပါတာလဲ





နွယ်နှင့် ခင်မင်ရင်းနှီးခွင့်ရခဲ့ကြလေသည်။

တစ်နေ့တော့ မောင်ဒီပရောက်သွားစဉ် သူဌေးကြီးကိုမတွေ့ရဘဲ မြလေးနွယ်နှင့်သာ တွေ့ရလေသည်။

"ဟော. . ကိုဒီပပါလား. . လာပါ. . ထိုင်ပါ"

ဟု အိမ်ထဲခေါ်ပြီး အစားအသောက်များဖြင့် သူမကိုယ်တိုင် ဧည့်ခံပေးလေသည်။ အစေအပါးများကလည်း အဝေးမှာပင်နေကြသဖြင့် လွတ်လပ်စွာပင် စကားပြောခွင့်ရကြလေသည်။

"သူဌေးကြီးဘယ်သွားပါသလဲ. . ."

"ဖေဖေက ရွှေနန်းတော်ကအခေါ်ရှိလို့ သွားရပါတယ်၊ ကိုဒီပရောက်လာတဲ့အခါ စောင့်ဆိုင်းနေဖို့လည်း မှာသွားပါတယ်. . ."

"ကောင်းပါပြီ. . ."

"ဒါထက်. . အချိန်ရတုန်းမေးချင်ပါတယ်. ."

"မေးပါ. . ကျွန်တော်သိသမျှပြောပါ့မယ်"

"တခြားတော့မဟုတ်ပါဘူး. . ကိုဒီပတတ်ကျွမ်းတဲ့ စန္တာမအတတ်ပညာအကြောင်းကို စိတ်ဝင်စားလို့ပါ"

ထိုစကားကြားတော့ မောင်ဒီပက သက်ပြင်းတစ်ချက်ချလိုက်လေသည်။ သို့သော်လည်း မေးနေသူမှာ အခြားသူမဟုတ်ဘဲ အလုပ်ရှင်လည်းဖြစ်၊ သူစိတ်ဝင်စားနေသည့် အမျိုးသမီးတစ်ယောက် ဖြစ်သောကြောင့် ပြန်ပြောပြရပေ



www.burmeseclassic.com

www.burmeseclassic.com



ဟင်"

"မြလေးနွယ်ကလည်း လုပ်ပေးစေချင်တယ်မဟုတ်လား. . ၊ နောက်တစ်ချက်က ကျွန်တော်တတ်ကျွမ်းတဲ့ပညာနဲ့ အကာအကွယ်ပေးချင်လို့ပါ. . ."

ထိုစကားကြားတော့ မြလေးနွယ်က ခေါင်းငုံ့သွားလေသည်။

"မြလေးနွယ်ရဲ့အလှဂုဏ်သတင်းက တစ်နယ်လုံးသိကြပါတယ်၊ အားလုံးလည်း စိတ်ဝင်စားကြပါတယ်. . အမှန်ပြောရရင်တော့ အဲ့ဒီအထဲမှာ ကျွန်တော်လည်းပါပါတယ်"

ထိုစကားကြောင့် တစ်ချက်ပြန်မော့ကြည့်သည်။

"ကျွန်တော်တို့ဘဝအခြေအနေနဲ့ အခုလိုစိတ်ဝင်စားရုံကလွဲပြီး တခြားဘာမှမျှော်လင့်လို့မရပါဘူး. . ၊ ဒါပေမယ့် မမျှော်လင့်ဘဲ ဒီအခွင့်အရေးကပေါ်လာတယ်. . ၊ ဒါကြောင့် ကျွန်တော်အလုပ်လုပ်ပေးဖို့ လက်ခံပေးခဲ့တာပါ. . ."

"လက်စသတ်တော့ ကိုဒီပက ကျွန်မကို မေတ္တာစကား ပြောနေတာကိုး. . ၊ စကားပြောတာကောင်းလို့ ကိုယ့်ကို မေတ္တာစကားပြောနေမှန်းတောင် စောစောကမရိပ်မိခဲ့ပါဘူး. ."

ဟု အပြုံးမပျက်ပြန်ပြောလေရာ မောင်ဒီပမှာ အတော်ပင် အနေရခက်သွားလေသည်။

"ကျွန်တော့်ကို အခွင့်အရေးယူပြောတယ်လို့တော့





ထင်ပါနဲ့. . ၊ တကယ့်ကို မေတ္တာစစ်နဲ့ပြောတဲ့စကား ဖြစ်ပါတယ်၊ ဒါပေမယ့် အခြေအနေက မိုးနဲ့မြေလိုကွာခြားလှလေတော့ အညတြတစ်ယောက်အနေနဲ့သာ ခွင့်လွှတ်ပေးပါ"

ထိုအခါ မြလေးနွယ်က တည်ငြိမ်သောအသံမျိုးဖြင့် ပြောလေသည်။

"ကိုဒီပက မေတ္တာအကြောင်းပြောနေပေမယ့် သိပ်တော့သိပုံမရသေးဘူး. . ၊ ဘာဖြစ်လို့လဲဆိုတော့ တကယ့်မေတ္တာနဲ့ ချစ်ခင်ကြတဲ့သူတွေကြားမှာ ဘယ်လိုကွာခြားမှုမျိုးမှ မရှိနိုင်ပါဘူး. . ."

"ဒီစကားကြားရတာ တကယ်ပဲဝမ်းသာပါတယ်. . ၊ မြလေးနွယ်ကသာ ကျွန်တော့်မေတ္တာကို စဉ်းစားလက်ခံပေးရင် ကျွန်တော့်ဘက်က ဘဝနဲ့အသက်နဲ့ရင်းပြီး ဘာမဆိုလုပ်ပေးနိုင်ပါတယ်. . ."

ဟု ပြောလိုက်လေသည်။

နောက်ပိုင်း တွေ့ပါမြင်ပါများလာသောအခါ မြလေးနွယ်ကလည်း မောင်ဒီပအပေါ်တွင် သံယောဇဉ်ဖြစ်လာပြီး မေတ္တာတုံ့ပြန်ပေးလိုက်လေသည်။

ချစ်သူဘဝမရောက်ခင်က အဆင်မပြေမည်ကိုတွေးပြီး စိတ်ပူပန်ကြရသည်။ ချစ်သူဘဝရောက်ခဲ့ပြီးတော့လည်း ခေါင်းရမှာကို တွေးတောပူပန်ကြရလေသည်။

အခွင့်အရေးသာသဖြင့် နှစ်ယောက်ချင်းတွေ့ခွင့်၊



www.burmeseclassic.com

www.burmeseclassic.com



စကားပြောခွင့်သာသောအခါတိုင်းမှာပင် ထိုကိစ္စအတွက် ဆွေးနွေးတိုင်ပင်ကြလေသည်။

"မောင်တော့ မြလေးနဲ့ချစ်ရတာ ကြည်နူးပျော်ရွှင်စိတ်လည်းဖြစ်ရပါရဲ့. . ၊ တဖက်ကလည်း စိုးရိမ်ပူပန်တဲ့စိတ်တွေကလည်း အတော်ကလေးဒုက္ခပေးကြပါရဲ့. ."

မြလေးနွယ်ကလည်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်မသဘောကတော့ ဂုဏ်ပကာသနတွေထက် ချစ်ခြင်းမေတ္တာကိုပဲ တန်ဖိုးထားပါတယ်. ."

"ဒါကလည်း မြလေးသဘောတစ်ခုဆိုရင်တော့ ဟုတ်တာပေါ့ကွယ်. . မြလေးရဲ့ဖခင် သူဌေးမင်းသိသွားရင် ဒီကိစ္စကို သဘောတူခွင့်ပြုပေးနိုင်မယ်မထင်ဘူး. . ."

"ဖေဖေက ကျွန်မအပေါ်မှာတော့ အတော်ကလေး ချစ်ခင်ပြီး နားလည်ခွင့်လွှတ်မှုလည်းပေးပါတယ်. . ၊ မေမေ မရှိတော့တဲ့အချိန်ကစပြီး စိတ်ချမ်းသာအောင်လည်း အလိုလိုက်ပေးခဲ့ပါတယ်၊ ကျွန်မတို့အကြောင်းကိုသိရင်လည်း ဒီလိုပဲခွင့်လွှတ်ပေးနိုင်လိမ့်မယ်လို့တော့ မျှော်လင့်မိပါတယ်. . ."

မည်သို့ပင်ရှိစေ. . ထိုစကားကြားရသည်ကတော့ မောင်ဒီပအတွက် အတော်ပင်အားရှိစရာ ဖြစ်ခဲ့လေတော့သည်။

ဤသို့ဖြင့် လအနည်းငယ်ကြာသောအခါမှာတော့





စေတီတော်ကြီး တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဘောဂဗလ အိမ်တော်ကြီး တည်ဆောက်သောအလုပ်များမှာ အတော်ပြီးစီးခဲ့လေသည်။

စေတီတော်ကြီးအောက်ဖက် ပဌာပနာတိုက်အတွင်း၌သော်လည်းကောင်း၊ စံအိမ်တော်ကြီးအတွင်းအပြင် လျှို့ဝှက်နေရာများမှာသော်လည်းကောင်း စက္ကောမအတတ်ဖြင့် ယန္တရားများ တတ်ဆင်ထားလေသည်။

ထိုလျှို့ဝှက်ချက်များကိုတော့ မောင်ဒီပနှင့် သူဌေးကြီးဘောဂဗလတို့နှစ်ဦးလောက်သာ ပြည့်စုံစွာသိကြပြီး ဦးဒိဗ္ဗနှင့်မြလေးနွယ်တို့ပင် သင့်တော်သလောက်သာ သိခွင့်ရကြလေသည်။

မောင်ဒီပအနေဖြင့်လည်း ၎င်းသင်ယူထားသော စက္ကောမအတတ်ပညာကို ယခုကဲ့သို့အသုံးပြုခွင့်ရသောအခါတွင် တတ်ကျွမ်းသမျှ အစွမ်းကုန်ပြုလုပ်ပေးလေသည်။

ထိုသို့ပြုလုပ်ရာမှာတော့ ၎င်းခေါ်ယူလာသောအပေါင်းအသင်းများနှင့်သာ ပြုလုပ်သောကြောင့် အခြားသူများမြင်ခွင့်၊ သိခွင့်မရကြပေ။

ခြေတစ်ချက်နင်းရုံ၊ ခလုတ်တစ်ချက်ထိရုံနှင့် နေရာအနှံ့မှထွက်လာသော မြှားစက်၊ လှံစက်၊ ဓါးစက်များ၊ လူတစ်ယောက်ကဲ့သို့ အသက်ဝင်လှုပ်ရှားနိုင်သော စက်ရုပ်အစောင့်အထောင်ချောက်များ၊ အခန်းထဲရောက်သွားသည်နှင့် မြန်



www.burmeseclassic.com

www.burmeseclassic.com



မထွက်နိုင်ဘဲ သေစေနိုင်သော အစီအရင်ထောင်ချောက်တ
ကို စီမံတပ်ဆင်ထားပေလေသည်။

အချို့နေရာများတွင် ဝင်သွားပြီးသည်နှင့် ပြန်မထွက်
နိုင်သောနေရာသို့ ရောက်သွားကြလေသည်။ ထိုလျှို့ဝှက်
ချက်များကတော့ စီစဉ်ပြုလုပ်သူနှင့် သူဌေးကြီးတို့သာ သိကြ
လေသည်။

နောက်ထပ်လအနည်းငယ် ကြာသောအခါမှာတော့
စေတီတည်ခြင်း၊ ဘောဂဗလစံအိမ်တော်ကြီး တည်ဆောက်
ပြီးစီးသွားလေတော့သည်။

ထိုအခါ သူဌေးကြီးက ၎င်းတို့ပိုင်ဆိုင်သော ရွှေငွေ
ကျောက်မျက်ရတနာတို့ကို မူလနေရာမှ အသစ်ဆောက်
သော စံအိမ်တော်၏ မြေအောက်တိုက်ခန်းအတွင်းသို့ ထည့်
သွင်းခဲ့ပြီးလည်း ဖြစ်လေသည်။

ထိုအလုပ်များကိုတော့ ယက္ခကြီးက ၎င်းခေါ်ခိုင်း
ထားသော အလုပ်သမားများနှင့်ပင် လုပ်ကိုင်ဆောင်ရွက်စေ
လေသည်။ အလုပ်များအားလုံးပြီးသောအခါ အလုပ်သမား
များက ပြောဆိုကြသည်။

"ကျုပ်တို့လည်း ရွာကထွက်လာပြီးကတည်းက ရွာ
ကိုပြန်မရောက်တော့တာ အတော်ကြာပြီ၊ ကျန်ခဲ့တဲ့သား
မယားတွေ သားသမီးတွေလည်း ဘယ်လိုနေထိုင်ကြမလဲ
မသိတော့ပါဘူး"





"ဟုတ်တယ်. . ဒီမှာအလုပ်ပြီးရင်တော့ ကျုပ်တို့ပြန်
ခွင့်ရစေ. ."

"ပြန်ရမှာပေါ့ကွာ. . မပြန်ခင် မင်းတို့ကိုသူဌေးကြီး
က ကျေးဇူးဆပ်တဲ့အနေနဲ့ ငွေတွေလည်းပေးမယ်၊ အကျွေး
အမွေးနဲ့ ဧည့်ခံကျွေးမွေးချင်သေးသတဲ့"

"ပြီးမှပဲပြန်ရမှာပေါ့. ."

"ဟုတ်တာပေါ့ကွာ. . နေလက်စနဲ့နေပြီး သူပေးတာ
ယူ၊ သူကျွေးတာစားပြီးမှပဲ ပြန်ကြပေါ့ကွာ. ."

ထိုသို့ပြောပြီး ညဦးပိုင်းအချိန် ရောက်သောအခါ
အသစ်ဆောက်လုပ်ထားသော စံအိမ်တော်ကြီး၏ မြေ
အောက်ခန်းတစ်ခန်းသို့ ခေါ်သွားရာ အားလုံးကြောက်
ကြောက်လန့်လန့်နှင့် လိုက်သွားကြရလေသည်။

ထိုအခန်းသို့ရောက်သောအခါ ကောင်းမွန်လှသော
အစားအသောက်၊ သေရည်သေရက်တို့ဖြင့် ကျွေးမွေးဧည့်ခံ
ရာ ထိုအစားအသောက်မျိုး မစားသောက်ဖူးကြသော
အလုပ်သမားတို့မှာ အငမ်းမရစားသောက်ကြရာ မထနိုင်
တော့လောက်အောင် ဖြစ်နေကြတော့သည်။

ထိုအချိန်ရောက်တော့မှ အခန်းတွင်းသို့ ယက္ခကြီးဝင်
လာပြီးပြောသည်။

"ကိုင်း. . စားသောက်ပြီးပြီဆိုတော့ ဒီအခန်းမှာပဲ
အေးအေးဆေးဆေး နေကြဦးပေါ့. . ဘာဖြစ်လို့လဲဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့က မကြာခင်မှာပဲ သေကြရတော့မှာကွ. . .”

ထိုစကားကြားတော့ အားလုံးထိတ်လန့်တုန်လှုပ်သွားကြလေသည်။ သို့သော် နေရာမှမထနိုင်ကြတော့ပေ။ အစားအသောက်များထဲမှာထည့်ထားသော အဆိပ်ကြောင့် မလှုပ်နိုင်ကြတော့ပေ။

“ဒီတော့. . . မင်းတို့ သေသွားကြပြီးတဲ့နောက်မှာလည်း ဒီစံအိမ်ကြီးမှာပဲ အမြဲနေပြီး စောင့်ရှောက်ပေးကြပေါ့ကွာ. .”

ဟုပြောပြီး တံခါးပိတ်သွားလေတော့သည်။

မြေအောက်ခန်းတစ်ခန်းထဲမှာ ရောက်နေကြသည့် အလုပ်သမားများကတော့ ပြန်လမ်းမရှိကြတော့ပေ။

ထိုအကြောင်းကိုတော့ မောင်ဒီပတို့ပင် မသိလိုက်ကြပေ။ တစ်နေ့တော့ မောင်ဒီပက သူဌေးကြီးနှင့်တွေ့သောအခါ ပြောလေသည်။

“သူဌေးကြီး အလိုဆန္ဒရှိရာအတိုင်း စီမံဆောင်ရွက်ပေးပြီးပြီမို့ ကျွန်တော်ပြန်ပါတော့မယ်. .”

“ပြန်တာပေါ့ကွယ်. . မပြန်ခင် မင်းနဲ့ပြောစရာလေးတွေ မေးစရာလေးတွေ ပြောဖို့မေးဖို့ရှိပါသေးတယ်. . ထိုင်ပါဦး”

ဟုပြောသဖြင့် ရင်တထိတ်ထိတ်နှင့် ပင်ထိုင်ရလေသည်။





“ဟုတ်ကဲ့ ပြောပါသူဌေးမင်း. .”

“တခြားတော့မဟုတ်ပါဘူးကွယ်. . မင်းနဲ့ ငါ့ရဲ့သမီးတို့ လူငယ်တို့သဘာဝ မေတ္တာရှိနေကြတယ်ဆိုတာ ဟုတ်မဟုတ် သိချင်လို့ပါ. .”

“ဘယ်လိုများသိပါသလဲခင်ဗျာ. .”

“ငါလည်း ငယ်ရာကကြီးလာတဲ့သူပဲကွယ်. . . ဒီလောက်တော့ အကဲခတ်ကြည့်ရုံနဲ့သိနိုင်ပါတယ်. . ၊ နောက်ပြီး ငါ့သမီးလေးကလည်း ဘယ်အကြောင်းမဆို ငါ့ကိုအသိပေးပြီး တိုင်ပင်လေ့ရှိပါတယ်. .”

ထိုသို့ပြောသဖြင့် မောင်ဒီပလည်း မငြင်းသာတော့ပေ။

“မှန်ပါတယ်ခင်ဗျာ. . ကျွန်တော်တို့ လူငယ်သဘာဝ မေတ္တာရှိနေကြပါတယ်. . ကျွန်တော်ကို. . .”

“ဒါကလည်း ထူးဆန်းတဲ့ကိစ္စမျိုးမှမဟုတ်တာကွယ်”

“ဒါပေမယ်. . ကျွန်တော်တို့က ပစ္စည်းဥစ္စာချို့တဲ့လူပါတယ်. .”

“ရွှေငွေပစ္စည်းဥစ္စာကတော့ ငါတို့အတွက် မလိုလှပါဘူး၊ ငါပိုင်ဆိုင်တဲ့ ရွှေငွေဥစ္စာရတနာတွေက တစ်သက်မဟုတ်ဘူး. . ဆယ်သက်စားရင်တောင် မကုန်ပါဘူး၊ အရေးကြီးတာက မိတဆိုးဘဝရောက်နေတဲ့ ငါ့သမီးလေးကို စောင့်ရှောက်ပေးနိုင်ဖို့ပါပဲ. .”



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက်တော့စိတ်မပူပါနဲ့ သူဌေးမင်း . . ကျွန်တော်က မြလေးနွယ်အပေါ်မှာ တစ်ကယ့်မေတ္တာစစ်နဲ့ချစ်တာပါ၊ တစ်သက်လုံးစောင့်ရှောက်ပေးသွားပါ့မယ်. ."

သူဌေးကြီးက ကျေနပ်သောအမူအယာနှင့် ခေါင်းညိတ်ပြလေသည်။

"ဒီတော့ မင်းအနေနဲ့ ဘယ်လိုစီမံမယ်လို့များ စိတ်ကူးထားသလဲ. . ."

"ဒီကပြန်သွားရင် အမေ့ကိုဖွင့်ပြောပြီးခွင့်တောင်းပါ့မယ်. .၊ ပြီးရင် ရှိတဲ့ပစ္စည်းလေးတွေ ထုခွဲရောင်းချပြီးတော့ လာရောက်တောင်းရမ်းယူပါ့မယ်. ."

ဟု အားတက်သရောပြောလိုက်လေသည်။

"နေ့ကောင်းရက်သာရွေးချယ်ပြီးတော့ လာခဲ့ကြပေါ့ ဒါပေမယ့် တစ်ခုတော့မှာလိုက်ပါရစေ. ."

"ပြောပါခင်ဗျာ. ."

"တခြားတော့မဟုတ်ပါဘူး. . ငါတို့က ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝပေမယ့် ဂုဏ်ပကာသနတွေမမက်ပါဘူး. .၊ အခု ကာလကလည်း ခေတ်ကာလအချိန်အခါကလည်း မကောင်းလေတော့ မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ်လုပ်ဖို့ မသင့်ပေဘူး"

မောင်ဒီပကတော့ ဆိုလိုရင်းကို မသိသေးသောကြောင့် ငြိမ်ပြီးနားထောင်နေလေသည်။





"ဒီတော့ မင်းဒီကပြန်သွားရင် မင်းမိခင်နဲ့ပြောဆိုတိုင်ပင်ပြီး ဒီကိုတစ်ခေါက်ပြန်လာခဲ့ပါ၊ လာကြရင်လည်း လူတွေအများကြီး မခေါ်ခဲ့ပါနဲ့. .၊

သင့်တော်တဲ့လူလောက်သာခေါ်ပြီး တစ်ခေါက်ပြန်လာခဲ့ကြပါ၊ ဒီရောက်တော့မှပဲ တောင်းရမ်းလက်ထပ်မယ့်ကိစ္စကို အကျဉ်းချုပ်ပြီး လုပ်ပေးပါ့မယ်. ."

"ကောင်းပါပြီ ခင်ဗျာ. . သူဌေးမင်းသဘောဆန္ဒအတိုင်းဖြစ်စေရပါမယ်၊ ရွာကိုပြန်ရောက်ပြီး အမေ့ကိုအကျိုးအကြောင်းပြောပြပြီး ပြန်လာခဲ့ပါ့မယ်. ."

"ဒါထက် အခုမှမေးရဦးမယ်. . ဒီမှာအလုပ်လုပ်နေတုန်းက မင်းခေါ်လာတဲ့လူတွေက ဘယ်နေရာကလဲ. . အခုမမြင်တော့ပါလား. ."

"သူတို့မရှိကြတော့ပါဘူး. . အလုပ်ပြီးသွားလို့ သူတို့နေရာသူတို့ ပြန်သွားကြပါပြီ. .၊ သူတို့က အခြားမဟုတ်ပါဘူး. . ဘူတာဝါဟနပညာနဲ့ အသက်သွင်းထားတဲ့ အလုပ်သမားတွေပါ"

"ဘူတာဝါဟနပညာဆိုတာ ကြားတော့ကြားဖူးပါရဲ့ ဘယ်လိုပညာမျိုးပါလိမ့်. . ."

"တခြားတော့မဟုတ်ပါဘူး. . အသက်မရှိသူကို အသက်ပြန်သွင်းပေးနိုင်တဲ့ ပညာမျိုးပါ. . ."

"အလိုလေး. . ထူးဆန်းလှပါလား၊ ဒီပညာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မင်းတတ်ကျွမ်းတာပဲလား. . .”

“ဟုတ်ကဲ့ တတ်ကျွမ်းပါတယ်၊ ဘူတာဝါဟနပညာ၊ ရူပါဝါဟနပညာနဲ့ စက္ကောမပညာဆိုတာ တဆက်တည်းသင်ယူရတဲ့ပညာမျိုးတွေ ဖြစ်ပါတယ်၊ ဒါပေမယ့် အသက်သွင်းတဲ့ ပညာကိုတော့ အရေးကြီးမှပဲ ထုတ်သုံးကြရပါတယ်. .”

မောင်ဒီပစကားကြားတော့ သူဌေးကြီးစိတ်ထဲတွင် အတော်ပင်တုန်လှုပ်သွားလေသည်။

အတန်ကြာတော့မှ အိန္ဒြေပြန်ဆည်လိုက်ပြီး. . .

“အေးလေ. . ဘာပဲဖြစ်ဖြစ် မင်းလိုအတတ်ပညာ ထူးချွန်တဲ့ လူငယ်လူရွယ်တစ်ယောက်ရတာတော့ ငါတို့ မိသားစုအတွက် အားကိုးတစ်ခုရတာပေါ့၊ ဒီကပြန်ရောက်တာနဲ့ မင်းမိခင်ကို အသိပေးတိုင်ပင်ပြီး တောင်းရမ်းဖို့အမြန် ပြန်လာခဲ့ပေတော့”

ဟု ပြောဆိုမှာကြားလေသည်။

“ဟုတ်ကဲ့ ဝမ်းသာလှပါတယ်၊ မကြာခင် ကျွန်တော် ပြန်လာခဲ့ပါမယ်. .”

ထို့နောက် မောင်ဒီပလည်း ၄င်းနေရပ်သို့ပြန်သွားလေတော့သည်။







# အန္တရာယ်ကျော့ကွင်း

မောင်ဒီပတစ်ယောက် ရွာသို့ပြန်ရောက်လာသောအခါ မိခင်ဖြစ်သူ ဒေါ်မင်းသုန်က ဝမ်းသာအားရဖြင့် အကျိုးကြောင်း မေးမြန်း၍ မောင်ဒီပက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။

“ဒါဖြင့် မင်းဖခင်အမွေပေးခဲ့တဲ့ စက္ကောမအတတ်ပညာတွေကို အသုံးချခဲ့ရတယ်ပေါ့၊ ဒီပညာမျိုးတွေက လျှို့



www.burmeseclassic.com

www.burmeseclassic.com



ဝှက်ထားနိုင်လေ အကောင်းဆုံးပဲသားရဲ့၊ တစ်နေ့ကျရင် မင်း အတွက် အန္တရာယ်ပေးမှာစိုးလို့ အမေက သတိပေးတာပါ"

"ဒီတစ်ခါတော့ မလွဲသာလို့လုပ်ပေးခဲ့ရတယ် အမေရယ်၊ ငွေလည်း အတော်ကလေးရခဲ့ပါတယ်၊ နောက်တစ်ခု အမေ့ကိုပြောရဦးမယ်. ."

"ဘာများလဲ သားရဲ့"

"တခြားတော့မဟုတ်ပါဘူး. . . အမေ ချွေးမချော ရတော့မယ်ဗျ. ."

"အလို. . အရင်ကတော့ ဒီအကြောင်းတွေကို စိတ် မဝင်စားဘူးလို့ ပြောထားခဲ့ပြီးမဟုတ်လား. .၊ အခုတော့ အလုပ်သွားလုပ်ရင်းနဲ့ တွေ့ခဲ့ပြီထင်ပါရဲ့. . ."

မောင်ဒီပက ဝမ်းသာပျော်ရွှင်နေသော အမူအယာ ဖြင့် ခေါင်းညိတ်ပြလေသည်။

"ဘယ်ကများလဲ. ."

"တခြားတော့မဟုတ်ပါဘူး. . ကျွန်တော် အလုပ် သွားလုပ်တဲ့ သူဌေးကြီးဘောဂဗလရဲ့ သမီးပါ. ."

ထိုစကားကြားတော့ ဒေါ်ဖူးသုန်မှာ အတော်က လေး အံ့ဩသွားဟန်ရှိလေသည်။

"အမေဝမ်းမသာဘူးလားဟင်. . ."

"ငါ့သားလည်း အရွယ်ရောက်ပြီဆိုတော့ အခုလို အိမ်ထောင်ပြုဖို့ ရည်ရွယ်တာတော့ ကောင်းပါတယ်၊ ဒါပေ





မယ့် ဖြစ်နိုင်ပါ့မလားသားရယ်. . ."

"ဘာကြောင့်မဖြစ်နိုင်ရမှာလဲ အမေရဲ့. ."

"သူဌေးကြီးဘောဂဗလဆိုတာ အင်းဝတစ်နယ်လုံး အချမ်းသာဆုံး သူဌေးကြီးတစ်ယောက်ပဲ၊ ဒီလိုချမ်းသာတဲ့ သူဌေးတစ်ယောက်ရဲ့သမီးကို ယူမယ်ဆိုတော့ ငါ့သားဘက် က အစစအရာရာ အဆင်ပြေပါ့မလား. ."

"အစကတော့ ကျွန်တော်လည်း ဒီလိုပဲတွေးပူမိခဲ့ပါ တယ်၊ အခုတော့ သူဌေးကြီးကိုယ်တိုင်သိပြီး ခွင့်ပြုပေးလိုက် တာပါ၊ ဒါကြောင့် အမေကျွန်တော့်ကို မိန်းမလိုက်တောင်း ပေးပါ. ."

ဟုပြောတော့ ထပ်မံအံ့ဩသွားရပြန်လေသည်။

"မြန်လှချည်လား သားရယ်၊ အမေတို့မှာဘာမှပြည့် ပြည့်စုံစုံမရှိသေးတော့ သင့်ပါမလား. ."

"ဖြစ်ပါတယ်အမေရယ်. . သူဌေးကြီးက တခြားဘာ မှမလိုဘဲ အမေ့ကိုခေါ်လာပြီး မိသားဖသားပီပီ တောင်းရမ်း ပေးဖို့ပဲ မှာလိုက်ပါတယ်. ."

"ဒီလိုဆိုရင်တော့ ငါ့သားလေး ကံကောင်းတာပေါ့ ကွယ်၊ အမေ့ဘက်က ဝတ္တရားရှိတဲ့အတိုင်း ငါ့သားဆန္ဒရှိတဲ့ အတိုင်း ဆောင်ရွက်ပေးပါ့မယ်. ."

ဟုပြောဆိုကာ မင်္ဂလာပွဲအတွက် စီစဉ်စရာရှိသည် များ ကြိုတင်ပြင်ဆင်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နေ့ကောင်းရက်သာရွေးပြီး ပတ်ဝန်းကျင်မှ ဆွေမျိုးသားချင်းအချို့ကိုခေါ်၍ မိန်းမတောင်းရန်အတွက် အင်းဝသို့သွားကြလေသည်။

အင်းဝ၌ရှိသော သူဌေးကြီးစံအိမ်သို့ ရောက်သော အခါမှာတော့ မြလေးနွယ်နှင့်သူဌေးကြီးတို့ကို မတွေ့ရဘဲ လူယုံတော်ယက္ခကြီးကိုသာ တွေ့ရလေသည်။

"ဘာကိစ္စရှိကြလို့လဲ. ."

"သူဌေးကြီးမှာထားလို့ လာကြတာပါ။ မင်္ဂလာပွဲကိစ္စ စီစဉ်ကြဖို့ပါ. ."

"သူဌေးကြီးက အသစ်ဆောက်ထားတဲ့ စံအိမ်တော်မှာရှိပါတယ်. .၊ ကျုပ်ကိုယ်တိုင်လိုက်ပို့ပေးပါ့မယ်".

ဟုပြောဆိုကာ ၎င်းနှင့်အတူ လူယုံတော်များကိုပါ ခေါ်ပြီး မြစ်ငယ်မြစ်သို့သွားကြသည်။ ဆိပ်ကမ်းရောက်တော့ အသင့်ပြင်ဆင်ထားဟန်ရှိသော လှေကြီးတစ်စင်းဖြင့် သွားကြရလေသည်။

မောင်ဒီပတို့လူစုမှာ စုစုပေါင်း (၁၅)ယောက်ခန့်ရှိကြလေသည်။ တောသူတောသားများဖြစ်ကြသဖြင့် မရှိရှိသော အဝတ်အစားများကို ထုတ်ဝတ်ကာ လိုက်လာကြသော်လည်း ချမ်းသာသောသူဌေးကြီးတစ်ယောက်နှင့် တွေ့ရမည့်အရေးတော့ စိတ်မအေးကြဟန် ရှိနေကြသည်။

သို့သော်လည်း မောင်ဒီပတို့သားအမိကို အားနာ





သောကြောင့် လိုက်လာကြခြင်းဖြစ်သည်။

"ဒီလောက်ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်က သမီးကို မင်္ဂလာဆောင်ပေးတဲ့ကိစ္စကို မြို့ပေါ်မှာတင့်တောင့်တင့်တယ် မလုပ်ဘဲ ဘာကြောင့်တောထဲမှာလာလုပ်တာလဲ"

"ဆင်းရဲတဲ့လူတစ်ယောက်နဲ့ယူတာကို လူသိမခံချင်လို့ မြို့နဲ့ဝေးတဲ့နေရာမှာ လာလုပ်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ဘာပဲဖြစ်ဖြစ်. . မင်းပေါက်စိုးပေါက် သူဌေးကြီးတစ်ယောက်ရဲ့ တစ်ဦးတည်းသောသမီးကို ဒီလိုတောထဲမှာ မင်္ဂလာပွဲ လာလုပ်ပေးတာကတော့ အံ့သြစရာပဲ. . ."

"အို. . ဒါကလည်း သူ့အိမ်ကဒီမှာရှိလို့ ဒီမှာလုပ်တာလည်းဖြစ်ချင်ဖြစ်မှာပေါ့. . ဘာပဲဖြစ်ဖြစ် အမေကိုလုပ်ကျွေးနေတဲ့ မောင်ဒီပတစ်ယောက်ကတော့ သူဌေးသမီးနဲ့ရသွားတာ ကံကောင်းထောက်မတယ်လို့ပဲဆိုရမှာပဲ. . ."

ဟုအချင်းချင်းပြောဆိုနေကြလေသည်။

တဖြည်းဖြည်း ဆန်တက်လာသော လှေကြီးမှာ တိုင်းတောကြီးများမှိုင်းညို့လျက်ရှိပြီး လူသူကင်းသော, ဆိပ်ကမ်းတစ်နေရာသို့ ရောက်သောအခါ ဝင်ရောက်ဆိုက်ကပ်လေသည်။ လှေဆိုက်ရောက်သောအခါ ကမ်းပေါ်မှာလူအချို့ ရပ်နေသည်ကို လှမ်းမြင်ရသည်။ ၎င်းတို့သည် ကိုင်းတောကြီးများအတွင်းမှ ထွက်လာကြဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



“ယက္ခရေ.. ဧည့်သည်တွေပါလာကြပြီလား..”

“ပါလာပြီဟေ့..”

“အေးအေး.. ဒီလိုဆိုရင် တစ်ခါတည်းသာခေါ်ခဲ့ကွယ်.. ဟိုမှာ သူဌေးကြီးက တမျှော်မျှော်ဖြစ်နေပြီ”

ဟု လှမ်းပြောသဖြင့် ယက္ခကြီးကပင် အားလုံးကို ကမ်းပေါ်သို့ခေါ်သွားလေသည်။

ကမ်းပေါ်ရောက်တော့ လူကြီးတစ်ယောက်က ဦးဆောင်ပြီး ကိုင်းတောအတွင်းသို့ ခေါ်သွားလေသည်။

ယက္ခကြီးတို့အဖွဲ့ရော ကိုင်းတောအတွင်းမှစောင့်နေသောအဖွဲ့ပါပေါင်းလျှင် စုစုပေါင်း(၂၀)ခန့် ဖြစ်သွားလေသည်။ ကိုင်းတောထဲရောက်တော့ မောင်ဒီပစိတ်ထဲမှာ မသင်္ကာဖြစ်လာသောကြောင့်မေးလိုက်သည်။

“ဒီလမ်းက ဘောဂဗလစံအိမ်ရောက်တဲ့လမ်းရော ဟုတ်ရဲ့လား..”

“မဟုတ်ဘူး..”

ယက္ခကြီးက အသံမာမာနှင့်ပင်ပြန်ပြောလေသည်။

“ဒါဖြင့်ဘယ်သွားတဲ့လမ်းလဲ..”

“ငရဲပြည်သွားတဲ့လမ်းလေ.. ဟားဟားဟား”

ဟုပြောရင်း သဘောကျစွာ ရယ်မောလိုက်သည်။

“ခင်ဗျားတို့ဘာလုပ်ကြမလို့လဲ..”

“မင်းတို့ကိုသတ်မလို့ စောင့်နေကြတာလေ၊ မင်း





ကိုယ်နဲ့ မတန်မရာမှန်းတဲ့လူဆိုတော့ သူဌေးသမီးတော့ရမှာ ဟုတ်ဘူး.. မါးပဲရမှာပေါ့..”

ထိုသို့ပြောပြီး ရင်းတို့ပါလာသော ဓါးလှံလက်နက်တို့ဖြင့် ထိုးခုတ်ကြလေတော့သည်။

မင်္ဂလာပွဲအတွက်လာကြသူများမှာ မည်သည့်လက်နက်မှ မပါကြသည်ကတစ်ကြောင်း၊ အတိုက်အခိုက်ကျွမ်းကျင်သူများ မဟုတ်ကြသဖြင့် ရန်သူများလက်ချက်ဖြင့် အသက်ထွက်ကြရ လေသည်။

တိတ်ဆိတ်ငြိမ်သက်နေသော ကိုင်းတောကြီးအတွင်း၌ ကြောက်လန့်တကြားအော်သံများ ပေါ်ထွက်လာလေတော့သည်။ လူသူဝေးသောနေရာ ဖြစ်သောကြောင့်လည်း ထိုအော်သံများကို မည်သူမှမကြားနိုင်ကြပေ။

မောင်ဒီပမိခင်မှာ ရန်သူ့လက်ချက်ဖြင့် အသက်ထွက်ခါနီးတွင် အော်ပြောလိုက်သေးသည်။

“သားရေ.. အမေ့အတွက်မငဲ့နဲ့တော့ အသက်ဘေးကသာ လွတ်အောင်ပြေးတော့..”

ထိုအသံကြားသောအခါ မိခင်ကိုကြည့်တော့ သေသွားပြီကိုသာတွေ့ရသဖြင့် ကယ်ခွင့်မသာတော့ပေ။

ထို့ကြောင့် အသက်ဘေးလွတ်စေရန် ကိုင်းတောကြီးအတွင်းသို့ ဝင်ပြေးရတော့သည်။

ရန်သူများကလည်း အမိကသတ်လိုသောသူမှာ



www.burmeseclassic.com

www.burmeseclassic.com



မောင်ဒီပဖြစ်သောကြောင့် ဂုဏ်းနောက်သို့ သဲကြီးမဲကြီး လိုက်ကြလေသည်။ သို့သော် ကံကောင်းထောက်မသဖြင့် မောင်ဒီပထစ်ယောက် လွတ်မြောက်သွားခဲ့လေသည်။

ယက္ခကြီးတို့လူတစ်သိုက်မှာ ကိုင်းတောကြီးအတွင်းသို့ နေရာမလပ်အောင် တောနင်းရှာဖွေကြသော်လည်း မတွေ့ရတော့ပေ။

ညအချိန်ရောက်တော့မှ ယက္ခကြီးက ဘောဂဗလအိမ်တော်သို့သွားရာ ဦးဒိဗ္ဗနှင့်တွေ့ရလေသည်။

"အရေးတော်အောင်ခဲ့ရဲ့လား ယက္ခကြီး. ."

"ဦးရီးတော်စေခိုင်းတဲ့အတိုင်း ဆောင်ရွက်ပေမယ့် တစ်ယောက်တော့ ကံကောင်းလို့လွတ်မြောက်သွားခဲ့ပါတယ် ဦးရီးတော်. ."

"ဘယ်သူလဲ. ."

"ဒီပဆိုတဲ့ ယန္တရားဆရာပါ"

"ဟင်. . ."

ထိုစကားကြောင့် ဦးဒိဗ္ဗမှာ မျက်လုံးပြူးသွားလေသည်။

"ဒီပလွတ်သွားတယ်. . ဟုတ်လား. ."

"ဟုတ်ပါတယ်. . . သူနဲ့ပါလာတဲ့ လူတွေအားလုံး သတ်နိုင်ပေမယ့် သူတစ်ယောက်ကတော့ လွတ်သွားပါတယ်၊ ဘယ်လိုရှာဖွေလို့မှ မတွေ့ခဲ့ရပါဘူး. ."





"မင်းအတော်ညံ့တာပဲယက္ခကြီး၊ ယန္တရားဆရာကဒါတို့ရဲ့အဓိကရန်သူပဲ၊ သူ့ကိုမသတ်နိုင်ခဲ့ဘူးဆိုတော့ အိပ်နေတဲ့သေမင်းကို လှုပ်နှိုးသလိုဖြစ်သွားပြီပေါ့. ."

ဟု စိုးရိမ်သောအသံမျိုးဖြင့် ပြောလိုက်လေသည်။

"ဒါ. . ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

"မင်းမသေချင်ဘူးဆိုရင်တော့ ဒီပကို မတွေ့တွေ့အောင်ရှာဖွေပြီး သုတ်သင်ပစ်နိုင်မှရမယ်. .၊ သူသေရင် မင်းတို့အသက် ချမ်းသာခွင့်ရမယ်၊ သူ့အသက်ရှင်နေသေးရင်တော့ မင်းတို့အားလုံး သေဖို့သာပြင်ထားကြပေတော့. ."

"သူတစ်ယောက်တည်းနဲ့တော့ ကျုပ်တို့ကိုအန္တရာယ်မပေးနိုင်ပါဘူး"

"မင်းမြင်တာတော့ ဒီပကတစ်ယောက်တည်းပဲ၊ ဒါပေမယ့် သူက ဘူတာဝါဟနပညာတတ်တော့ မင်းတို့ကို ဖုတ်ကောင်တွေကို အသက်သွင်းပြီး သတ်ခိုင်းမှာကိုရော မင်းတို့သိရဲ့လား. .၊ ဖုတ်သွင်းထားတဲ့ ဖုတ်ကောင်တွေဆိုတာ မင်းဘယ်လိုမှသတ်လို့မရဘူး. ."

ထိုစကားကြားတော့မှ ယက္ခကြီးမှာ မျက်လုံးပြူးသွားပြီး မောင်ဒီပကို လိုက်လံရှာဖွေရန် အပြင်သို့ပြန်ထွက်သွားလေတော့သည်။

ထိုအကြောင်းကိုတော့ သူဌေးကြီးဘောဂဗလက မသိသေးပေ။ သူစေခိုင်းသည့်ကိစ္စ အောင်မြင်ပြီးမြောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မောင်ဒီပတို့ လောကတွင်မရှိကြတော့ဟု တွေးနေလေသည်။

"သူမရှိတော့ရင် ဒီအိမ်ကြီးမှာတပ်ဆင်ထားတဲ့စက်ကြိုးယန္တရားတွေရဲ့ လျှို့ဝှက်ချက်ကို သိတဲ့သူက ငါတစ်ယောက်ပဲရှိတော့တယ်. . ငါပိုင်ဆိုင်တဲ့ ဥစ္စာရတနာတွေကို ငါတစ်ယောက်ကလွဲပြီး အခြားဘယ်သူမှ ယူလို့မရတော့ဘူး. . .'"

ဟုတွေးကာ အကျေနပ်ကြီး ကျေနပ်နေလေတော့သည်။ ထိုသို့တွေးတောနေစဉ် သူ့အနီးသို့ သမီးဖြစ်သူ မြလေးနွယ် ရောက်လာလေသည်။

မြလေးနွယ်မှာ မျက်နှာမကောင်းလှပေ။

အချိန်က ညဦးပိုင်းအချိန် ကျော်လွန်လာခဲ့ပြီဖြစ်သဖြင့် အအေးဓါတ်များက လေနှင့်အတူပါလာကြသည်။

ဆောင်းအခါသမယ၏ အအေးဓါတ်များက သူမရင်ထဲ မှအပူကို ငြိမ်းအေးအောင် မစွမ်းဆောင်နိုင်ကြပေ။

"သမီး ဘာဖြစ်လို့လဲ. ."

"ဖေဖေ့ကိုမေးစရာရှိလို့ပါ။ ကိုဒီပကို ဖေဖေဘယ်လိုပြောလိုက်သလဲဟင်. ."

သူဌေးကြီးက တစ်ချက်ပြုံးလိုက်သည်။

"သူ့မိဘတွေကိုပြောပြပြီး မိသားဖသားပီပီ လာရောက်တောင်းရမ်းယူဖို့ မှာလိုက်ပါတယ်၊ သူစီစဉ်စရာတွေ စီစဉ်နေလို့ မလာသေးတာဖြစ်မှာပေါ့. . ."





မြလေးနွယ်ကတော့ မျက်ရည်ဝဲနေသောအကြည့်ဖြင့် ဖခင်ဖြစ်သူကို ကြည့်နေလေသည်။

"ဒီလောက်လည်းစိတ်ပူမနေပါနဲ့ သမီးရယ်၊ သူသာ သမီးအပေါ်မှာ တကယ်သစ္စာရှိရင်တော့ မကြာခင်ရောက်လာမှာပါ။ တကယ်လို့ပြန်မလာတော့လည်း ကိုယ့်အပေါ်မှာ သစ္စာမရှိတဲ့သူလို့ သတ်မှတ်ပြီးတော့ မေ့ပစ်လိုက်ပေါ့ကွယ်"

"ကိုဒီပက ဒီလိုလွယ်လွယ်နဲ့ သစ္စာပျက်မယ့်သူမျိုး မဟုတ်ပါဘူး ဖေဖေ. . ."

ထိုစကားကြားတော့ သူဌေးကြီးက ကွမ်းတမြုံ့မြုံ့ဝါးနေရာမှ ပြုံးလိုက်သည်။

"ငါ့သမီးက မွေးလာကတည်းက အိမ်ထဲမှာတင် ရွှေပေါ်မြတင်နေလာခဲ့ရတော့ လောကကြီးအကြောင်း၊ လူတွေအကြောင်း ဘာမှမသိသေးဘူးလေ. .၊ တကယ်တော့ လူတွေကို ဘယ်တော့မှစိတ်ချပြီး မယုံကြည်သင့်ဘူးကွယ့်၊

ဘာကြောင့်လဲဆိုတော့ လူ့စိတ်ဆိုတာ မကြာခဏ ပြောင်းလဲတတ်တာမျိုးကွယ့်၊ တကယ်လို့သာ သူသာသမီးအပေါ်မှာ သစ္စာရှိတယ်ဆိုရင် မကြာခင် ရောက်လာပါလိမ့်မယ်"

ဟု ပြောသဖြင့် မြလေးနွယ်လည်း မျက်စိမျက်နှာ မကောင်းစွာဖြင့် အိပ်ခန်းရှိရာသို့ ပြန်လာလေသည်။

ဖခင်ဖြစ်သူ ပြောသည့်အတိုင်း မောင်ဒီပတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကတော့ သူမရှိရာသို့ရောက်လာပေသည်။

ထိုသော် လူအနေနှင့် တွေ့ရသည်တော့မဟုတ်ပေ။ အိပ်မက်ထဲ၌သာတွေ့ရခြင်းဖြစ်ပေသည်။

သူမ မြင်တွေ့ရသောအချိန်တွင် မောင်ဒီပတစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များရနေပြီး သွေးများစွန်းပေလျက်ရှိပေသည်။

"ဟင် . . ကိုဒီပ ဘယ်လိုဖြစ်လာတာလဲ၊ တစ်ကိုယ်လုံးမှာလည်း သွေးတွေချည်းပဲ . . "

"မြလေးကတော့ ဒီအကြောင်းတွေသိမှာမဟုတ်ဘူး။ မင်းဖခင်သူဌေးမင်းက ကိုယ်တို့နှစ်ယောက်အကြောင်းတို မေးပြီးတော့ လက်ထပ်ပေးမယ်လို့ပြောတယ်၊

နောက်တော့ ဥပါယ်တံမျဉ်နဲ့ခေါ်ပြီး မနော်ရမ္မာနား က ဥယျာဉ်ကြီးနဲ့ မနီးမဝေးကိုင်းတောကြီးထဲမှာ လူဆိုးတွေကို ဝိုင်းအသတ်ခိုင်းလို့ ကိုယ့်ရဲ့မိခင်ကြီးအပါအဝင် အားလုံးသေကြရပြီ . . "

"ဖြစ်ရလေ ကိုဒီပရယ် . . ၊ ကြားရတာ စိတ်မကောင်းလိုက်တာ၊ ဒါထက် . . ကိုဒီပတော့ အသက်ဘေးအန္တရာယ်က လွတ်ခဲ့တာပေါ့နော်"

"ကိုယ်ကတော့ ကံကောင်းထောက်မလို့ လွတ်ခဲ့ပါတယ်၊ ဒါပေမယ့် ကိုယ့်မိခင်ကြီးကို ရက်ရက်စက်စက်သတ်သွားတဲ့ တရားခံတွေကိုတော့ ဘယ်တော့မှခွင့်မလွှတ်နိုင်





ဘော့ဘူး။"

ထိုစကားကြားတော့ မြလေးနွယ်က မျက်လုံးလေးအဝိုင်းသားဖြင့် ကြည့်နေလေသည်။

"ကိုယ့်အမေနဲ့ ဆွေမျိုးသားချင်းတွေသေသလို မင်းအဖခင်မှာသူတို့လည်း သေရစေမယ်၊ အဲ့ဒီအခါကျရင်သာ မြလေးအနေနဲ့ ကိုယ့်အပေါ်မှာ အပြစ်မတင်ပါနဲ့တော့ . . "

ဟုပြောဆိုကာ ပျောက်ကွယ်သွားလေတော့သည်။

"ကိုဒီပ . . ကိုဒီပ . . "

ဟုခေါ်ရင်း ပြန်နိုးလာလေသည်။ ထိုအချိန်မှစပြီး မြလေးနွယ်မှာ စိတ်ကယောင်ချောက်ခြားဖြစ်ကာ မအိပ်နိုင်စားနိုင်အခြေအနေမျိုး ရောက်လာလေသည်။

ထိုအခြေအနေကိုသိတော့ ဖခင်သူဌေးမင်းက အကျိုးအကြောင်းမေးတော့ မြလေးနွယ်က အိပ်မက်မက်ခဲ့သည့်အတိုင်း ပြန်ပြောပြလိုက်လေသည်။

ထိုစကားကြားသောအခါ သူဌေးကြီးမှာ များစွာအံ့သြနေလေသည်။ အဘယ့်ကြောင့်ဆိုသော် မြလေးနွယ်အိပ်မက်သော အကြောင်းအရာတို့မှာ မကြာသေးခင်က သူတို့အစီအစဉ် ပြုလုပ်သော အကြောင်းများနှင့် တူနေသောကြောင့်ပင်ဖြစ်သည်။

သို့သော်လည်း သမီးဖြစ်သူစိတ်ချမ်းသာစေရန် ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက်ဆိုတာ စိတ်ထဲက စွဲလမ်းမှုတွေများရင်လည်း မက်တတ်ပါတယ်၊ ဒါတွေက အပြင်မှာတကယ် မဟုတ်နိုင်ပါဘူး၊ စိတ်အေးအေးနဲ့သာနေပါ. . ."

ဟုပြောကာ အခန်းတွင်းမှပြန်ထွက်လာသော်လည်း စိတ်ထဲမှာ မတင်မကျဖြစ်နေသောကြောင့် ဦးဒိဗ္ဗနှင့်တွေ့တာ အကျိုးအကြောင်းပြောပြလိုက်သည်။

ဦးဒိဗ္ဗက သက်ပြင်းတစ်ချက်ချလိုက်ကာ. . .

"မြလေးနွယ်အိပ်မက်မက်တာ အမှန်ဖြစ်လိမ့်မယ် ယက္ခကြီးတို့စီမံတာညံ့လို့ ယန္တရားဆရာ လွှတ်မြောက်သွားတယ်လို့ သတင်းကြားရတယ်. . ."

ဟုပြောရာ သူဌေးကြီးမှာ မျက်စိမျက်နှာပျက်သွားလေတော့သည်။

"ဒီတော့ ဘယ်လိုဖြစ်လာနိုင်သလဲ. ."

"ပဒူအုံကို တုတ်နဲ့ထိုးမိသလို ငါတို့အတွက်ကတော့ မကြာခင် ရှမ်းဆိုးတွေထက်ပိုပြီး ကြောက်စရာကောင်းတဲ့ အန္တရာယ်မျိုးတွေ တွေ့ရတော့မှာပေါ့ကွယ်. ."

ဟု ပြောလိုက်လေသည်။ အခြေအနေက လွန်သွားနဲ့ပြီမို့ ဘာမှမတတ်နိုင်ကြတော့ပါဘူး. . .။







# မင်းကြီးရန်နောင်နှင့် ယိမ်းနွဲ့ပါးဝါး

သက္ကရာဇ် (၈၈၆)ခုနှစ်တွင် သိုဟ်ဘွား၏ ခမည်းတော် မိုးညှင်းစလုံသည် ပြည်မင်းသတိုးမင်းစောနှင့်အတူ ပူးပေါင်းပြီး ရေတပ်၊ ကုန်းတပ်၊ ဆင်လုံး၊ မြင်းလုံးချီလျက် အင်းဝကို ထိပါးလာလေသည်။

အင်းဝနေပြည်တော်ဘက်မှ ဗိုလ်မှူးလေး ဘယကျော်သူ ဦးဆောင်သောတပ်များက ရန်သူများကို ခုခံတိုက်



www.burmeseclassic.com

www.burmeseclassic.com



ခိုက်ရန် စီမံပြင်ဆင်ကြလေသည်။

အင်းဝနေပြည်တော်ရှိ မြန်မာစစ်သည်တပ်များမှာ တရားမျှတအေးချမ်းစွာ နေရင်းဖြစ်သော နေပြည်တော်အား မတရားမှု၊ အဓမ္မနည်းတို့ဖြင့် ကျူးကျော်စော်ကားထိပါးလာကြကုန်သော ရှမ်းမင်းနှင့် ပြည်မင်းတို့၏တပ်များကို တွန်းလှန်တိုက်ခိုက်ရန် စစ်ရေးပြင်ဆင်လျက် ရှိနေကြပေပြီ။

ကုန်းတပ်မှချီသော လက်ယာစစ်ကြောင်း၌ ဗိုလ်မှူးဘယကျော်သူက ကွပ်ကဲဦးစီးသည်။ လက်ဝဲစစ်ကြောင်း၌မူကား ဗိုလ်မှူးရန်နောင် (မင်းကြီးရန်နောင်)က အုပ်ချုပ်ကွပ်ကဲလေသည်။

ရေလမ်းစစ်ကြောင်း၌ အိမ်ရှေ့မင်းက ဦးဆောင်လျက် ရန်သူများရှိရာသို့ အလုံးအရင်းနှင့် ချီတက်ကြလေသည်။

အင်းဝနေပြည်တော်၏အရှေ့ဘက် ရှမ်းစစ်သည်များနှင့် အတန်ငယ်ဝေးသော ရွာသစ်ကြီး၊ ကျောက်တစ်လုံးအရပ်သို့ ရောက်သောအခါ ခေတ္တစခန်းချကာ အပန်းဖြေကြလေသည်။

ရွာသစ်ကြီး၊ ကျောက်တစ်လုံးအရပ်၌လည်း ရှမ်းတပ်များ အခိုင်အမာတပ်စွဲနေသည့်သတင်းကို ကြားရသဖြင့် တိုက်ပွဲမဝင်ခင် အားမွေးကြခြင်းဖြစ်သည်။

နေမင်းကြီးကား အနောက်ဂေါယာကျွန်းသို့ ဝင်





ရောက်ပျောက်ကွယ်သွားလေရာ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးလွှမ်းလာချေတော့သည်။

တာဝန်ကျကင်းသမားများမှလွဲ၍ ကျန်တပ်သားများမှာ ငြိမ်သက်စွာအိပ်စက်နေကြလေသည်။

နောက်တစ်နေ့တွင် တစ်ဦးနှင့်တစ်ဦး ရက်ရက်စက်စက် ယှဉ်ပြိုင်သတ်ဖြတ်ရန်အတွက် ခွန်အားမွေးသည့်သဘောဖြင့် ငြိမ်သက်စွာ အိပ်စက်နေကြသော်လည်း ၎င်းတို့၏ရင်ထဲမှ အပူများမှာမူ လျော့ပါးသွားခြင်းမရှိကြချေ။

အချင်းချင်း ရက်ရက်စက်စက်သတ်ဖြတ်ရန် အရေးအတက် အင်းဝနေပြည်တော်၌ကျန်ခဲ့သော မိဘဆွေမျိုး၊ သားမယား၊ သားသမီးတို့ထံ စိတ်ကပြန်ရောက်နေကြလေသည်။

တစ်စတစ်စ ညအမှောင်ထုက ရင့်ရော်လာသည်နှင့်အမျှ တိတ်ဆိတ်ခြင်းကလည်း မင်းမူလာတော့သည်။

သန်းခေါင်ယံအချိန်လောက် ရောက်သောအခါ ပတ်ဝန်းကျင်တဝိုက်မှ ဆူညံသောအသံများကို တပြိုင်နက်ကြားရလေတော့သည်။

"ဝိုင်းကြဟေ့. . တိုက်ကြဟေ့. . ."

"ထိုးကြဟေ့. . . ခုတ်ကြဟေ့. . ."

"အင်းဝသားတွေကို တစ်ယောက်မှ အလွတ်မပေးကြနဲ့ဟ. . ."

ဟူသောအော်ဟစ်ကြွေးကြော်သံများနှင့် မရှေးမ



www.burmeseclassic.com

www.burmeseclassic.com



နှောင်းမှာပင် အင်အားကြီးမားလှသည့် ရန်သူစစ်သည်တော် များက အိပ်စက်အနားယူနေကြသော အင်းဝစစ်သည်တော် များအား တရကြမ်းဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

အင်းဝစစ်သားများမှာ ရုတ်တရက် အငိုက်မိသွား သောကြောင့် အချိန်အနည်းငယ်အတွင်းမှာ အတုံးအရုံးကျ ဆုံးကြရလေသည်။ မမျှော်လင့်ချိန်တွင် ရန်သူတို့၏ ဝင် ရောက်တိုက်ခိုက်ခြင်း ခံရသောကြောင့် အငိုက်မိကာ တပ် ပျက်လေတော့သည်။

ထိုအချိန်တွင် ဗိုလ်မှူးဘယကျော်သူ ဦးစီးသောတပ် များ၊ ဗိုလ်မှူးရန်နောင်ဦးစီးသောတပ်များက ရသမျှလက်နက် များကိုကိုင်စွဲကာ ရန်သူများကို ရှုပ်ရှုပ်ချုံချုံပြန်လည်တိုက် ခိုက်ကြရာ ရန်သူများ အကျအဆုံးများလေတော့သည်။

ဗိုလ်မှူးရန်နောင်(မင်းကြီးရန်နောင်)၏ လက်စွဲတော် ယိမ်းနွဲ့ပါးမါးမှာ မြန်မာမှာသာမက ကမ္ဘာကျော်ခဲ့သည့် ဓါး တစ်စင်းဖြစ်သဖြင့် ဖင်းမါးချက်ထိသော ရှမ်းစစ်သည်တို့မှာ ငှက်ပျောပင်ကိုပိုင်းချသကဲ့သို့ အပိုင်းပိုင်းပြတ်ကာ သေဆုံးကြ ရလေတော့သည်။

သို့သော်လည်း အင်အားချင်းမမျှ၍ အရေးတော်ပုံ မလှသောကြောင့် ဗိုလ်မှူးဘယကျော်သူသည် လက်ရွေးစင် သူရဲကောင်းတစ်ကျိပ်ကို ရွေးချယ်ပြီးနောက် အင်အားကြီး မားစွာဖြင့် မိမိတို့တပ်များကို ထူထပ်စွာဝိုင်းဝန်းပိတ်ဆို့ထား





သော ရှမ်းတပ်များကို တရကြမ်းထိုးဖောက်ထွက်ရန် ကြိုးစား လေတော့သည်။

ထိုအကြံအစည်ကိုရိပ်မိသော ရှမ်းစစ်သည်များက လည်း အလွတ်ပေးလိုဟန်မရှိဘဲ အတင်းဝိုင်းဝန်းပိတ်ဆို့ကာ တိုက်ခိုက်ကြရာ တိုက်ပွဲမှာပြင်းထန်လှပေသည်။

တစ်ဖက်နှင့်တစ်ဖက် အော်ဟစ်သံ၊ ကြုံးဝါးသံ၊ မာန် တင်းသံ၊ ညည်းညူအော်ဟစ်သံများအပြင် မြင်းဟီသံ၊ ဆင် မာန်ဟစ်သံ၊ ဓါးဓါးချင်းထိခတ်သံ၊ လှံလှံချင်းထိသံ၊ ဒိုင်းသံ၊ လွှားသံများကလည်း တိတ်ဆိတ်နေသောအကာလ ညအ မှောင်ထဲမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပေါ် ထွက်နေလေသည်။

ထိုအချိန်တွင် ရန်သူများက ယာယီထိုးထားသည့် သစ်ခက်တဲများကို မီးတင်ရှို့လိုက်သဖြင့် မီးရောင်ကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် အလင်းရောင်များရလာသည်။

ဗိုလ်မှူးဘယကျော်သူနှင့် ဗိုလ်မှူးရန်နောင်တို့မှာ တိုက်ရည်ခိုက်ရည် ကောင်းလှသောကြောင့် ရန်သူများမှာ တစ်ယောက်ပြီးတစ်ယောက် သေဆုံးကြလေသည်။

ဗိုလ်မှူးရန်နောင်၏ ယိမ်းနွဲ့ပါးမါးချက်မိသော ရန်သူ များမှာ လူသာမက မြင်းစီးလာလျှင် မြင်းပါထက်ပိုင်းပြတ် ကျသွားလေသည်။ သို့စေကာမူ ရန်သူများက တစ်ယောက် ကျလျှင် နှစ်ယောက်တက်လာသည်။ နှစ်ယောက်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



လျှင် လေးယောက်တက်လာသည်။

ဘယ်လိုပင် ထိုးခုတ်သတ်ဖြတ်စေကာမူ လျော့ပါး သွားသည်မရှိဘဲ တစ်စထက်တစ်စ ပိုမိုများပြားလာရာ မြန်မာတပ်များမှာ အထိနာလေတော့သည်။

နောက်ဆုံးတွင် ရန်သူတပ်များကို ဖောက်ထွက်ရန် ကြိုးစားသော ဗိုလ်မှူးလေး ဘယကျော်သူမှာ ရန်သူ့လှံချက် ထိကာ ကျဆုံးသွားလေတော့သည်။

ဗိုလ်မှူးဘယကျော်သူ ကျဆုံးသွားပြီးနောက် မြန်မာ တပ်များလည်း ဖရိုဖရဲဖြစ်ကာ နောက်ဆုံးတပ်ပျက်ပြီး အရှုံး ဖြင့် ရင်ဆိုင်ကြရတော့သည်။

ထိုအခါ ဗိုလ်မှူးရန်နောင်သည် လက်ကျန်တပ်များ ကို စုစည်း၍ နေပြည်တော်သို့ရောက်အောင် ပြန်လည်ဆုတ် ခွါခဲ့ရလေသည်။

တိုက်ပွဲမှာ အရေးမလှသဖြင့် ပြန်လည်ဆုတ်ခွါခဲ့ရ သော ဗိုလ်မှူးရန်နောင် ဦးစီးကွပ်ကဲသည့် အင်းဝစစ်သည် တို့သည် နေပြည်တော်သို့ရောက်သောအခါ ရှိရင်းစွဲမြို့စောင့် တပ်များနှင့် ပူးပေါင်းကာ မြို့ကိုလုံခြုံအောင် စီမံဆောင်ရွက် ကြလေသည်။

မကြာမီရန်သူတပ်များက အင်းဝနေပြည်တော်သို့ ချီ တက်လာကြပြီး ဝိုင်းဝန်းတိုက်ခိုက်ကြလေတော့သည်။ ရန်သူ များဝိုင်းဝန်းပစ်ခတ်ကြသော သေနတ်သံ၊ အမြောက်သံတို့မှာ





တိတ်ဆိတ်နေသော ညအခါဝယ် ကမ္ဘာပျက်သံအလား ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ဆူညံလျက်ရှိ နေတော့သည်။

အင်းဝနေပြည်တော်ခံတပ်များက ရှုပ်ရှုပ်ချွံချွံ ပြန် လည်ခုခံတိုက်ခိုက်ကြသော်လည်း လက်နက်အင်အား၊ လူ အင်အားချင်း များစွာကွာခြားလှသောကြောင့် နောက်ဆုံး တွင် မတတ်သာတော့သဖြင့် နံနက်မိုးသောက် အလင်း ရောက်သောအချိန်တွင် အင်းဝနေပြည်တော်သည် ရှမ်းမင်း မိုးညှင်းစလုံ၏ သိမ်းပိုက်ခြင်းကို ခံလိုက်ရလေသည်။

စစ်ရှုံးသော အင်းဝမြို့သူမြို့သားများသည် ရန်သူတို့ ၏ ညှင်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းတို့ကို ခံကြရလေ သည်။

ရှမ်းမင်းမိုးညှင်းစလုံသည် အင်းဝနေပြည်တော်အား တိုက်ခိုက်သိမ်းပိုက်ပြီးနောက် သားတော်သိုဟန်ဘွားကို အုပ် ချုပ်ရန်ထားခဲ့ပြီး နေရင်းဌာနေသို့ ပြန်သွားသည်။

ထိုကဲ့သို့ စစ်ရှုံးသည့် အင်းဝနေပြည်တော်ကြီးမှာ တိုက်ခိုက်သိမ်းပိုက်ထားသည့် အုပ်ချုပ်သူလက်အောက်တွင် နေကြရရာ အားလုံးမှာ နေ့တထိတ်ထိတ်၊ ညတထိတ်ထိတ် နှင့် နေရသောအချိန် ဖြစ်ပေသည်။

တစ်နေ့သောအခါ အင်းဝနေပြည်တော်ရှိ ဒေါဂ ဗလသူဌေးကြီး၏ စံအိမ်တော်သို့ ရှမ်းစစ်သည်တို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာကြလေသည်။

ထိုအချိန်တွင် သူဌေးကြီးဘောဂဗလသည် နေအိမ်၌ ရှိနေလေသည်။ ၎င်းနှင့်အတူ သမီးဖြစ်သူ မြလေးနွယ်လည်း ရှိနေပေသည်။

"ကဲ..သူဌေးမင်း၊ ခင်ဗျားက မင်းပေါက်စိုးပေါက် သူဌေးဆိုတော့ အတော်ချမ်းသာမှာပေါ့နော်၊ ကျုပ်တို့ဘုရင်က ခင်ဗျားပိုင်ဆိုင်တဲ့ ရတနာပစ္စည်းတွေကို အလိုရှိတဲ့အတွက် အားလုံးအပ်ပေတော့..."

ရှမ်းစစ်သည်တော်များကို ခေါင်းဆောင်လာသူက မျက်နှာထားတင်းတင်းနှင့် ပြောသောအခါ သူဌေးကြီးက..

"ကိုယ့်တိုင်းပြည်ကိုအုပ်ချုပ်တဲ့ဘုရင်က အလိုရှိတယ်ဆိုရင် ကျုပ်တို့အသက်ကိုတောင်ပေးရမှာပဲ၊ ဥစ္စာပစ္စည်းဆိုတာကတော့ မပြောပလောက်ပါဘူး၊ ကျုပ်ပိုင်ဆိုင်တဲ့ ရတနာပစ္စည်းတွေက မြေအောက်ခန်းထဲမှာ ရှိပါတယ်၊ အလိုရှိသလောက်သာ ယူကြပါလော့..."

သူဌေးကြီးထံမှ ထိုသို့စကားမျိုးကို ကြားရသောအခါ ရှမ်းစစ်သည်တို့မှာ များစွာအံ့ဩသွားကြလေသည်။

၎င်းတို့စိတ်ထဲမှာ အခြားသူများကဲ့သို့ ကြိမ်းမောင်းပြောဆိုရိုက်ပုတ်ကာ အတင်းအဓမ္မ တောင်းယူရမည်ဟု ထင်ထားခဲ့လေသည်။

ယခုအခါ၌ သူဌေးကြီးကိုယ်တိုင်က လျော့လျော





လျှ ကျေကျေနပ်နပ်ဖြင့် ဥစ္စာပစ္စည်းများကို ယူခွင့်ပေးသဖြင့် အံ့ဩသွားကြခြင်းဖြစ်ပေသည်။

"ဒီလိုသဘောကောင်းတော့လည်း ကောင်းတာပေါ့ဗျာ တဲ့..ကဲ..ခင်ဗျားရဲ့ရတနာပစ္စည်းတွေ ဘယ်နေရာမှာထားသလဲ လိုက်ပြပေတော့"

ထိုအခါ သူဌေးကြီးက အစေအပါးတစ်ယောက်ကို ခေါ်ပြီး မြေအောက်ခန်းရှိရာသို့ လိုက်လံပြသပေးစေသည်။

ရှမ်းစစ်သည်တို့မှာ (၁၅)ယောက်ခန့်ရှိပြီး ရတနာများ ရလိုဇောဖြင့် မြေအောက်ခန်းတံခါးပေါက်မှ အတွင်းသို့ ဝင်သွားကြလေသည်။

အတန်ကြာသော် မြေအောက်ခန်း ရှိရာဘက်မှ အော်ဟစ်ညည်းညူသံများ ပေါ်ထွက်လာပြီးနောက် ပြန်လည်တိတ်ဆိတ် ငြိမ်သက်သွားလေတော့သည်။

ထိုအဖြစ်အပျက်များဖြစ်ပွားပြီး နောက်သုံးရက်ခန့်ကြာသောအခါ သူဌေးကြီးဘောဂဗလစံအိမ်သို့ သိုဟန်ဘွား၏ လက်ရုံးစစ်သည်တော်များ လာရောက်ကြပြန်လေသည်။

ယခင်တစ်ကြိမ်ကဲ့သို့ပင် သူဌေးကြီးနှင့်သမီးဖြစ်သူတို့ကို အခန့်သင့်ပင်တွေ့ရလေသည်။

"ဟာလောကလွှတ်လိုက်တဲ့ ကျုပ်တို့စစ်သည်တွေ တစ်ယောက်မှ ပြန်မလာကြဘူး၊ ဘယ်ရောက်ကုန်ပြီလဲ.. အမှန်ပြောစမ်း..."



www.burmeseclassic.com

www.burmeseclassic.com



"သူတို့တွေ ဒီကိုရောက်လာပြီး ရတနာပစ္စည်းတွေ ရှိတဲ့နေရာကို လိုက်ပြခိုင်းလို့ လိုက်ပြပေးလိုက်ပါတယ်"

"ဒါဖြင့် အခုဘယ်မှာလဲ. ."

"ကျုပ်ပိုင်ဆိုင်တဲ့ ရတနာပစ္စည်းတွေကိုလည်းယူပြီး သူတို့ပြန်ထွက်သွားကြပါတယ်"

"ဒီစကား အမှန်ပဲလား"

"အမှန်ပါပဲ. . ."

"ဒါဖြင့် သူတို့ သစ္စာဖောက်ပြေးကြပြီထင်တယ်"

စစ်ပွဲပြီးစအချိန်တွင် ရှမ်းစစ်သည်တို့မှာ တစ်ဦးနှင့် တစ်ဦး မသင့်မြတ်ကြဘဲ ဥစ္စာရတနာများကို အဝေမတည် ဖြစ်ကာ စိတ်သဘောမညီမမျှ ဖြစ်နေသောအချိန်ဖြစ်သည်။

ရှမ်းဘုရားသိုဟန်ဘွားသည် တိုင်းပြည်အုပ်ချုပ်မှု ကျွမ်းကျင်လိမ္မာမှုမရှိပေ။

အချိန်ရှိသမျှ မူးယစ်သောက်စားခြင်းနှင့် အပျော်အ ပါး လိုက်စားခြင်းဖြင့်သာ အချိန်ကုန်လျက်ရှိသည်။ တိုင်းပြည် ကို ငြိမ်ဝပ်ပိပြားအောင် မအုပ်ချုပ်နိုင်ရုံမက လက်အောက် ငယ်သားများအပေါ်မှာလည်း နိုင်နင်းအောင် မအုပ်ချုပ်နိုင် ပေ။

ထိုအချိန်အခါသည် အင်းဝမြို့သူမြို့သားများက ရှမ်း စစ်သားများကို ပြောက်ကျားစနစ်ဖြင့် သုတ်သင်ရှင်းလင်းနေ သောအချိန်လည်း ဖြစ်ပေသည်။





"ဒါဖြင့် သူတို့ယူသွားတာ ပစ္စည်းတွေအကုန်ပဲလား"

"သူတို့မသယ်နိုင်လို့ထားခဲ့တဲ့ ပစ္စည်းဥစ္စာတွေ ရှိတန် သလောက် ကျန်တန်သရွေ့တော့ ကျန်ပါသေးတယ်"

"ဘယ်နေရာမှာထားသလဲ. ."

"မြေအောက်ခန်းထဲမှာပါ. ."

"ဉာဏ်များမယ်မကြံနဲ့နော်၊ ကျုပ်တို့ကိုဉာဏ်များရင် အားလုံးအသက်ပျောက်သွားကြမယ်. ."

"အမှန်အတိုင်း ပြောပြခြင်းသာဖြစ်ပါတယ်. ."

"ဒီလိုဖြင့် ခင်ဗျားသမီးကိုခေါ်သွားမယ်၊ သူကိုယ်တိုင် သင်းပြပါစေ. ."

ဟုပြောကာ မြလေးနွယ်ကို ခေါ်သွားကြလေသည်။

မြလေးနွယ်က ထိုသို့လိုက်ရသော်လည်း ကြောက်ရွံ့ ထိတ်လန့်ဟန်မရှိဘဲ ရှေ့မှလမ်းပြကာ ရှမ်းစစ်သည်များကို ခေါ်သွားလေသည်။

သူမသည် တိုက်ကြီးတစ်နေရာရှိ လျှို့ဝှက်တံခါး ပေါက်ကိုဖွင့်၍ လှေကားများမှတစ်ဆင့် မြေအောက်တိုက် ခန်းအတွင်းသို့ ခေါ်သွားလေသည်။

မြေတိုက်မှာ အုတ်သရိုးများဖြင့် ခိုင်မာစွာ တည် ဆောက်ထားပြီး နံရံများ၌ မီးတိုင်များစိုက်ထူထားလေသည်။

သူတို့အားလုံး မြေအောက်ခန်းထဲရောက်သည့်အခါ အပေါ်မှဝင်ပေါက်တံခါးချပ်က ဝုန်းခနဲ ပြန်ပိတ်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သို့ဖြစ်စေကာမူ မြလေးနွယ်တစ်ယောက်လုံး သူတို့နှင့်အတူ ရှိနေသောကြောင့် စိုးရိမ်စိတ်မဖြစ်ကြပေ။

မြလေးနွယ်က မြေအောက်ခန်းအတွင်းရှိ တံခါးတစ်ချပ်အနီးသို့ ရောက်သောအခါ ဦးခေါင်းပေါ်မှာတင်ထားသော ပုဝါကို မျက်နှာပေါ်သို့ဆွဲချလိုက်သည်။ ပုဝါသည် မျက်လုံးသာပေါ်ပြီး ပါးစပ်နှင့်နှာခေါင်းပေါက်များ ပိတ်သွားတော့သည်။

ထို့နောက် မြလေးနွယ်က ပိတ်ထားသောတံခါးကိုဆွဲဖွင့်လိုက်သည်။ အတွင်း၌ ရွှေ ငွေ ရတနာပစ္စည်းများထည့်ထားသော သေတ္တာများကိုတွေ့ရလေသည်။

သူမတံခါးချပ်ကိုဆွဲဖွင့်လိုက်စဉ် အပေါ်မျက်နှာကြက်မှ သဲမှုန်ကဲ့သို့အရာများ ထွန်းထားသောမီးတိုင်များအပေါ်သို့ ကျနေသည်ကိုတော့ ရှမ်းစစ်သားများမသိကြပေ။

မျက်နှာကြက်မှ ဆေးမှုန်ကဲ့သို့အရာများ ကျလာသောအခါ ဆီမီးတိုင်ခွက်များထဲမှ အရောင်မျိုးစုံအခိုးအငွေ့များ တလူလူထွက်လာရာ ခဏချင်းမှာပင် မြေအောက်ခန်းအတွင်း၌ ပျံ့နှံ့သွားလေသည်။

လောဘဇောတက်နေသော ရှမ်းစစ်သားများသည် ထိုအခြေအနေကို မရိပ်မိဘဲ ရတနာသေတ္တာများရှိရာသို့ ဝင်သွားကြပြီးနောက် ဖွင့်ကြည့်ကြလေသည်။





သေတ္တာအဖုံးများပွင့်သွားသောအခါ နံရံ၌ထွန်းထားသော မီးရောင်များကြောင့် သေတ္တာများအတွင်း၌ထည့်ထားသော ရတနာပစ္စည်းမျိုးစုံတို့ကို တွေ့မြင်ကြရလေသည်။

ရှမ်းစစ်သားများ ရတနာပစ္စည်းများကို အာရုံရောက်နေကြစဉ် မြလေးနွယ်က လျှို့ဝှက်အပေါက်တစ်ခုမှ အပြင်သို့ မြန်ထွက်သွားသည်ကို မသိလိုက်ကြပေ။

ရှမ်းစစ်သားတို့သည် လောဘဇောကပ်ကာ ရတနာပစ္စည်းများကို ဝိုင်းဝန်းကြည့်ရှုနေကြစဉ် အနောက်ဘက်၌ရပ်နေသော စစ်သားတစ်ယောက်က အမှောင်ထဲမှထွက်လာသော သဏ္ဌာန်တစ်ခုကို မြင်သဖြင့် လှမ်းကြည့်လိုက်ရာ ကြောက်မက်ဖွယ်ကောင်းသော တစ္ဆေတစ်ကောင်ပုံမျိုးကို တွေ့ရသဖြင့် ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ ဓါးဖြင့် ပြေးခုတ်လိုက်သည်။

"အား. . ."

ဓါးဖြင့်အခုတ်ခံရသူမှာ တစ္ဆေသရဲတစ်ကောင် မဟုတ်ဘဲ သူတို့အဖွဲ့သားတစ်ယောက်ဖြစ်ပြီး ဓါးဒဏ်ရာကြောင့် လဲကျသွားလေတော့သည်။

"ဟေ့. . ဘာလုပ်တာလဲ"

ရှမ်းစစ်သားတစ်ဦးက လှမ်းမေးသည်။

"ငါ့မျက်စိထဲမှာ သူ့ကို ကြောက်စရာကောင်းတဲ့ တစ္ဆေသရဲတစ်ကောင်လို မြင်နေရလို့ ဓါးနဲ့ခုတ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြနေစဉ် နံဘေးမှာရပ်နေသော အခြား တစ်ယောက်က. . .

"ဪ. . မင်းကိုယ်တိုင်က တစ္ဆေသရဲဖြစ်နေတာ ကိုး၊ ကဲကွာ. . ကဲကွာ. ."

ဟုပြောပြီး နောက်မှ ဓါးဖြင့်ပိုင်းချလိုက်ရာ လဲကျ သွားလေတော့သည်။

"ဟုတ်တယ်ဟေ့. . ဒီအခန်းက ဝိညာဉ်တွေလှောင် ထားတဲ့အခန်းဖြစ်မယ် ထင်တယ်ဟ၊ တို့အနားကို ဝိညာဉ် တွေ ဝိုင်းလာနေပြီ၊ ထိုးကြဟ. . ခုတ်ကြဟ. ."

ဟု အချင်းချင်းအော်ဟစ်ပြောဆိုကာ မိမိတို့လက်ထဲ မှာ ကိုင်ထားသောဓါးဖြင့် မည်းမည်းမြင်သမျှ လိုက်လံခုတ် ထစ်ကြလေရာ မြေအောက်ခန်းထဲ၌ ဓါးသံ၊ အော်ဟစ်သံ ညည်းညူသံများ ဆူညံစွာပေါ် ထွက်လာလေတော့သည်။

နောက်ဆုံးတော့ မြေအောက်ခန်းထဲသို့ ဝင်ရောက် သွားသော ရှမ်းစစ်သည်အားလုံး တစ်ဦးနှင့်တစ်ဦးအထင်မှား အမြင်မှားဖြင့် ခုတ်ကြံထစ်ကြသဖြင့် အားလုံးသေဆုံးသွားကြ လေသည်။

အတန်ကြာသောအခါ စောစောကအခန်းထဲ၌ ဝေ ပွက်သံအလား ဆူညံနေမှုအားလုံးသည် ပြန်လည်ငြိမ်သက် သွားလေတော့သည်။

ထိုအခါမှ မြေအောက်လှို့ဝှက်ခန်းများမှ အဝ





နက်မြုပ်ထားသော လူမည်းကြီးများထွက်လာပြီး သေဆုံးနေ သူများကို တစ်ယောက်ပြီးတစ်ယောက်၊ တစ်လောင်းပြီးတစ် လောင်း ဆွဲယူသွားကြလေတော့သည်။

နောက်တစ်ရက်တွင် ရှမ်းဘုရင်သို့ပြန်ဘွားသည် ဘောဂဗလသူဌေးကြီး ပိုင်ဆိုင်သောရတနာများကို သွား ရောက်သိမ်းယူကြသည့် မိမိတပ်သားများ ပြန်ရောက်မ ရောက် မေးမြန်းကြည့်သည်။

ရှမ်းစစ်သားများ တစ်ယောက်မှ ပြန်ရောက်မလာ ကြကြောင်းသိရသောအခါ ယမ်းပုံမီးကျသကဲ့သို့ ဒေါသူပုန် ထလေတော့သည်။

"ဘောဂဗလရဲ့ ပစ္စည်းဥစ္စာတွေကို သွားယူခိုင်းတဲ့လူ တွေ တစ်ယောက်မှပြန်ရောက်မလာတာ ဘာကြောင့်လဲဟဲ့"

"မှန်လှပါ. . ရှေ့ကသွားသူများလည်း ယခုကဲ့သို့ပြန် ရောက်မလာကြပါဘုရား. ."

"ဘာကြောင့်ဒီလိုဖြစ်ရတာလဲ. ."

"သူဌေးဘောဂဗလသည် ၎င်း၏ဥစ္စာရတနာများ ဆုံးရှုံးမည်စိုးသောကြောင့် မြန်မာစစ်သားများနှင့်ပူးပေါင်း ကာ သွားသမျှလူကို သတ်ဖြတ်သုတ်သင်နေသည်ဟု ထင်ရ ကြောင်း. . ."

"ဒီသတင်းအမှန်ပဲလား. ."

"အမှန်ဖြစ်ကြောင်းပါ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းမှန်ပါက ဘောဂဗလနဲ့ အပေါင်းအပါများကို အမြန်ဖမ်းဆီး၍ သတ်ဖြတ်စေ၊ ၎င်းတို့ပိုင်ဆိုင်သော ရတနာပစ္စည်းအားလုံးကို ဆောင်ယူ၍ ငါ့နန်းတော်သို့ ယူဆောင်ကြချေ"

ဟု အမိန့်ပေးလိုက်သည်။

ရှမ်းစစ်သည်ဗိုလ်ပါများသည် သူဌေးကြီးဘောဂဗလစံအိမ်တော်သို့ ဝိုင်းဝန်းပိတ်ဆို့ကြလျက် ဝင်ရောက်ရှာဖွေကြသောအခါ သူဌေးကြီးဘောဂဗလ၏ အစအနကိုမျှ မတွေ့ရတော့ပေ။

သို့ဖြစ်၍ ဘောဂဗလစံအိမ်တော်၏ မြေပေါ်မြေအောက်မကျန် အခန်းရှိသမျှ လိုက်လံရှာဖွေကြရာ ယန္တရားအတတ်ဖြင့်ထောင်ထားခဲ့သည့် ထောင်ချောက်များ၊ ဓါးစင်များ၊ လှံစက်များ၊ ယန္တရားစက်ရုပ်များ၏ လက်ချက်ကြောင့် အစုလိုက်အပြုံလိုက် သေကြရပြန်လေသည်။

ထို့ထက်ဆိုးသောအဖြစ်များမှာ မြေအောက်တိုက်ခန်းအတွင်းသို့ ဝင်ကြသူများမှာ တံခါးချပ်များကိုဖွင့်လိုက်တိုင်း အပေါ်မှ ကစေသည်းခြေဟုခေါ်သည့် လူ၏သည်းခြေကို ပျက်စေတတ်သော ဂမုန်းဆေးမှုန့်များက မီးခွက်များအတွင်းသို့ ကျလာလေတော့သည်။

ထိုသို့ကျလာသည်နှင့် မီးခိုးငွေ့များထွက်လာပြီး ထိုမီးခိုးငွေ့ကိုရှူမိသောသူတိုင်းမှာ သည်းခြေပျက်သွားကာ မျက်





ထဲ၌ မကောင်းဆိုးဝါးများကို တွေ့မြင်လာပြီးနောက် တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားကြလေသည်။

နောက်ဆုံးမှာ သိုဟန်စော်ဘွား၏ စစ်သည်တော်အနည်းငယ်သာ နန်းတော်သို့ပြန်ရောက်ခဲ့ကြသည်။ စစ်သည်များစွာ သေဆုံးခဲ့ကြသည်။

ထိုအခါမှ ရှမ်းဘုရင်သိုဟန်စော်ဘွားသည် ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ကာ ဘောဂဗလစံအိမ်သို့ နောက်ထပ်လူမလွှတ်ဝံ့တော့ချေ။

ရှမ်းမင်းသိုဟန်ဘွားသည် အင်းဝနေပြည်တော်ကို မတရားသိမ်းပိုက်၍ အုပ်ချုပ်မင်းလုပ်နေသောအချိန်တွင် ဗိုလ်မှူးရန်နောင်သည် ရန်ဘေးလွတ်ရာဖြစ်သော ငွေနှင်းကြီးရွာဘက်သို့ သွားရောက်တိမ်းရှောင်နေလေသည်။

ထိုနေရာ၌ပင် လက်နက်၊ လူသူအင်အား စုဆောင်းလျက်ရှိသည်။

ထိုအချိန်တွင် ရှမ်းမင်း၏ဘက်တော်သားများမှာ ဘုရားစေတီ၊ တန်ဆောင်း၊ ကျောင်းအစရှိသည်တို့မှ ဖျက်ဆီးယူငင်ကြသော ဥစ္စာရတနာတို့ကို အသီးသီးခွဲဝေယူငင်ကြရာ အဝေမတည့်သဖြင့် အချင်းချင်းမသင့်မမြတ် ဖြစ်နေကြလေသည်။

ထိုသို့မညီမညွတ်သဖြင့် ဖရိုဖရဲဖြစ်နေသည်ကို အခွင့်ကောင်းယူကာ မြန်မာပြောက်ကျားတပ်သားများက



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းစစ်သားများကို သုတ်သင်ရှင်းလင်းလျက်ရှိနေကြသည်။

ရှမ်းမင်းသိုဟန်ဘွားသည် မိမိ၏လူများကိုပင် နိုင်နင်းအောင် မအုပ်ချုပ်နိုင်သဖြင့် အခက်ကြုံရလေသည်။

ရှမ်းမင်းသည် ထွက်ပြေးတိမ်းရှောင်နေသော မှူးမတ်၊ ဗိုလ်ပါတို့ကို လိုက်လံရှာဖွေ၍ခေါ်ယူကာ ၎င်း၏လက်အောက်၌ အမှုထမ်းစေသည်။

ထိုသတင်းကိုကြားသောအခါ ဗိုလ်မှူးရန်နောင်တ အယုံအကြည်မရှိသဖြင့် မလာဘဲနေရာ မြန်မာမှူးမတ်များက သွားရောက်ခေါ်လေမှ လိုက်ပါလာလေသည်။

ထိုသို့ရောက်လာပြီးနောက် မငြိမ်မသက်ဖြစ်နေသော အင်းဝနေပြည်တော်၏အခြေအနေကို ထိန်းသိမ်းကွပ်ကဲပေးရလေသည်။

ဗိုလ်မှူးရန်နောင်သည် ထိုသို့ကူညီအုပ်ချုပ်နေစဉ်မှာပင် အင်းဝနေပြည်တော်၌ လျှို့ဝှက်စွာရှိနေသော မြန်မာမျိုးချစ်တပ်သားများကို စုစည်းနိုင်ခဲ့လေသည်။

တစ်နေ့သောအခါ ရှမ်းမင်းသိုဟန်ဘွားသည် မနော်ရမ္မာ ဥယျာဉ်ထဲ၌စံမြန်းနေစဉ် ဗိုလ်မှူးရန်နောင်က ၎င်း၏ လက်စွဲတော် ယိမ်းနွဲ့ပါးမါးဖြင့် လုပ်ကြံသတ်ဖြတ်ရာ သေဆုံးလေတော့သည်။

ထိုအချိန်မှစ၍ မြန်မာတို့၏ အင်းဝနေပြည်တော်မှာ ရှမ်းမင်းလက်အောက်မှလွတ်မြောက်ကာ ကိုယ့်ထီးကိုယ့်နန်း





တို ပြန်လည်ရရှိလေတော့သည်။

အင်းဝပြည်သူပြည်သားအားလုံး၏ သဘောဆန္ဒအရ ဗိုလ်မှူးရန်နောင်အား အင်းဝနေပြည်တော်ကို စီမံအုပ်ချုပ်၍ မင်းပြုရန်တင်မြှောက်ကြရာ ရာဇဝင်၌ မင်းကြီးရန်နောင်အမည်ဖြင့် ထင်ရှားကျော်ကြားခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com







# သေမိန့်ပေးမည့် သေမင်းရုပ်တု

အင်းဝနေပြည်တော်ကြီးကို မင်းကြီးရှိန်နောင်က
ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး စိုးစံအုပ်ချုပ်မှု ပြုသောအချိန်မှာ
တိုင်းပြည်အခြေအနေမှာလည်း တဖြည်းဖြည်းနှင့် ပြန်လည်
တည်ငြိမ်စ ပြုလာလေသည်။

ရှမ်းဆိုးများ၏ အနှောက်အယှက်မှ ကင်းသွားပြီ ဖြစ်
သော်လည်း သူဌေးကြီးဘောဂဗလအတွက်တော့ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းသော အနှောက်အယှက်များနှင့် ထပ်မံတွေ့နေကြရသည်။ အခြားတော့ မဟုတ်ချေ။

မောင်ဒီပနှင့် တူသောလူများကို အင်းဝဠ် မကြာခဏတွေ့နေကြရခြင်း ဖြစ်ပေသည်။

သို့ကြောင့် အင်းဝဠ်ရှိသော စံအိမ်တွင် မနေဝံ့ကြတော့သဖြင့် မနော်ရမ္မာ ဥယျာဉ်နား၌ရှိသည့် အသစ်တည်ဆောက်ထားသော စံအိမ်တော်အသစ်သို့ ရွှေ့ပြောင်းနေကြသည်။

အမှန်တော့ သူဌေးကြီး ပိုင်ဆိုင်သော ရွှေငွေရတနာပစ္စည်းတို့မှာ အင်းဝဠ်မရှိတော့ဘဲ အသစ်ဆောက်သော စံအိမ်သို့ ရွှေ့ပြောင်းထားခဲ့ပြီးလည်း ဖြစ်ပေသည်။

ထိုနေရာသည် စက်ကြိုးယန္တယားများ တပ်ဆင်ထားသောကြောင့် ၎င်းတို့အတွက် လုံခြုံစိတ်ချရသည်ဟုလည်း ယူဆထားကြလေသည်။

သို့သော်လည်း စိတ်ချလက်ချ နေဝံ့ကြသည်တော့ မဟုတ်ပေ။ ယန္တယားပညာရှင် မောင်ဒီပတစ်ယောက် အသက်မသေပဲ လွတ်မြောက်သွားသည်ဆိုသော သတင်းကြားကတည်းက ရင်မအေးရပဲ နေ့တထိတ်၊ ညတထိတ် နေကြရလေသည်။

စံအိမ်တော် အသစ်တွင်လည်း ယက္ခကြီးအပါအဝင် အစောင့်များ အထပ်ထပ် ချထားလေသည်။





လူများစွာတို့က နေ့ညခွဲပြီး ဓားလှံလက်နက်တို့ အဆင်သင့်ကိုင်ကာ စောင့်ကြပ်ပေးနေကြပေသည်။

ထိုအစီအစဉ်မှာ ဦးဒိဗ္ဗ၏ အစီအစဉ်များပင်ဖြစ်သည်။

"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ ဘောဂဗလရယ်၊ ငါစီမံထားတဲ့ အစောင့်တွေကို တော်ရုံနဲ့ကျော်ဖြတ်ပြီး အိမ်ထဲ ရောက်လာဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ နောက်ပြီး ငါတို့နေတဲ့ စံအိမ်တော်ကို စက်ကြိုးယန္တယားတွေနဲ့လည်း တာကွယ်ထားတာပဲ"

ဦးဒိဗ္ဗကတော့ သူဌေးကြီး စိတ်သက်သာရာရစေရန် သဘောဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

"မဟုတ်ဘူး ဦးရှီးတော်၊ ဒီမှာ တပ်ဆင်ထားတဲ့ ယန္တယားတွေက တခြားသူတွေအတွက်တော့ ခက်ခဲတာမှန်ပေမယ့် သူ့အတွက်တော့ ဘာမှ အခက်အခဲမရှိပါဘူး၊ သူလာရင် အချိန်မရွေး ဝင်လာလို့ ရနိုင်တယ်"

"ဒါပေမယ့် သတ်ရှိအစောင့်တွေ အများကြီး ချထားတာပဲကွာ၊ သူလိုတစ်ယောက်တည်းမပြောနဲ့ လူပေါင်းများစွာ လာရင်တောင် မလွယ်ပါဘူး"

ဟု ပြောလေသည်။

သို့သော် ဦးဒိဗ္ဗ ထင်သလိုမဟုတ်ပဲ တစ်နေ့တော့ ဘောဂဗလစံအိမ်ရှိရာသို့ လူတစ်ယောက် ရောက်လာလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အပြင်ဘက်မှာ စောင့်နေသော အစောင့်များက တား
သဖြင့် ရပ်လိုက်သည်။

ဦးခေါင်းပေါ်မှာ အဝတ်တစ်ထည် ခြုံထားသော
ကြောင့် ဘယ်သူဘယ်ဝါမှန်းတော့ မသိကြရပေ။

“ဘယ်သွားမလို့လဲ”

အစောင့်ကမေးသည်။

“ဘောဂဗလသူဌေးမင်းအတွက် လက်ဆောင်ရတွ
ပေးမလို့ သူနဲ့တွေ့ရအောင် လာတာပါ”

“သူဌေးမင်းက စံအိမ်တော်အတွင်းကို ဘယ်သူမှ
ဝင်ခွင့်မပေးဖို့ မှာထားတယ်”

“ဒါပေမယ့် ကျုပ်ကတော့ ဝင်ပြီးတွေ့ရမှာပဲ”

“ဘာကြောင့်လဲ”

“သူ့အတွက် ပေးဖို့ယူလာတဲ့ ရတနာတွေက ကိုယ်
တိုင်ပေးမှ ဖြစ်မှာမို့ပါ”

ဟုပြောပြီး ယူလာသော အထုပ်ကို ဖွင့်ပြလေသည်။

အထုပ်ထဲမှာတော့ ပတ္တမြားစသော ကျောက်မျက်
ရတနာများအပြင် ပေစာတစ်ချပ်ဖြင့် အဝတ်ဖြင့် ထုပ်ထား
သော အရုပ်တစ်ရုပ်လည်း ပါလေသည်။

ကျောက်မျက်ရတနာများကိုမြင်တော့ အစောင့်များ
က စိတ်ပြောင်းသွားသည်။

“ကောင်းပြီလေ သူဌေးမင်းကို အကြောင်းကြားပေး





မယ်၊ ခင်ဗျားနာမည် ဘယ်သူလဲ၊ ဘယ်အရပ်က လာတာ
လဲ”

“ကျုပ်ရဲ့နာမည်က သောင်ဌသလို့ခေါ်တယ်၊ နေတာ
က ရောရုဝမှာပါ”

“ဟင်. . ရောရုဝဆိုတာ ငရဲပြည် မဟုတ်လား”

“မဟုတ်ပါဘူး ရွာတစ်ရွာရဲ့ အမည်ပါ။ ကဲ. . ကဲ. .
အချိန်ရှိတုန်း သူဌေးမင်းကိုသာ အကြောင်းကြားပေးပါ၊ ဒီအ
တွက် ခင်ဗျားတို့လည်း အကျိုးရှိစေရပါမယ်”

ဟုပြောဆိုကာ ၎င်းလက်မှာ ဝတ်ဆင်ထားသော
ပတ္တမြားလက်စွပ်ကို ချွတ်ပေးလိုက်ရာ အစောင့်က ဝမ်းသာ
အားရဖြင့် လှမ်းယူလိုက်သည်။

သို့သော် သူ့လက်ထဲရောက်လာသော အခါမှာ
တော့ သာမန်မဟုတ်တော့ပဲ မီးခဲတမျှ ပူခြစ်လာပြီး လက်၌
ကပ်နေလေတော့သည်။

“အား. . လာကြပါဦး၊ လုပ်ကြပါဦး၊ ဒီမှာ ဘယ်လို
ဖြစ်တာလဲ မသိဘူး၊ ကယ်ကြပါဦး”

ဟု ပြောသဖြင့် အခြားအစောင့်များပါ ရောက်လာပြီး
ကြည့်သောအခါ လက်တစ်ခုလုံး မီးလောင်နေသကဲ့သို့ဖြစ်
ကာ အခိုးအငွေ့များ ထွက်နေသဖြင့် လက်၌ကပ်နေသော
လက်စွပ်ကို ချွတ်ဖို့ကြိုးစားသော်လည်း မရတော့ပေ။

ထိုအချိန်မှာ လက်မှာကပ်နေသော လက်စွပ်က



www.burmeseclassic.com

www.burmeseclassic.com



မီးလျှံများ တောက်နေလေပြီ။

နောက်မှ ရောက်လာသူများက အခြေအနေကို သိသဖြင့် ဓားလှံလက်နက်များဖြင့် ဧည့်သည်ကို ဝိုင်းလိုက်သည်။ သို့သော်၊ တစ်ယောက်မှ အနားမကပ်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော် ထိုသူရပ်နေသော ပတ်ဝန်းကျင်တစ်ဝိုက်တွင် မီးတောက်မီးလျှံများ ထနေသကဲ့သို့ ပူလောင်လှသောကြောင့် ဖြစ်သည်။

ဧည့်သည်ကတော့ ၎င်းအထုပ်ကိုယူပြီး အိမ်ကြီးရှိရာသို့ လျှောက်သွားလေသည်။

အိမ်ပေါက်ဝရောက်တော့ အစောင့်များက တားဆီးရန် ကြိုးစားကြပြန်သည်။ ထိုသို့ ကြိုးစားသော်လည်း အနားမကပ်နိုင်ကြသဖြင့် ဆုတ်ပေးကြသည်။

အိမ်ထဲမှာတော့ သူဌေးကြီးနှင့်အတူ ဦးဒိဗ္ဗနှင့် မြလေးနွယ်တို့လည်း ရှိနေကြသည်။ ၎င်းတို့နှင့် မနီးမဝေးတွင် ယက္ခကြီးနှင့် ကိုယ်ရံတော်များက ဓားလှံလက်နက်တို့ကိုင်ကာ စောင့်နေကြသည်။

အပြင်ဘက်မှ ဆူဆူညံညံအသံများ ကြားရသဖြင့် လှမ်းကြည့်နေစဉ်မှာ ဧည့်သည်က တားဆီးရန် ကြိုးစားနေကြသော အစောင့်များကို ဖြတ်ကျော်ကာ စံအိမ်အတွင်းသို့ ရောက်ရှိလာလေတော့သည်။

မျက်နှာကို သေသေချာချာ မမြင်ရသေးသော





ကြောင့် အားလုံးကတော့ မောင်ဒိဗ ဖြစ်လိမ့်မည်ဟု ထင်နေကြသည်။ အိမ်အတွင်း ရောက်လာတော့မှ မဟုတ်မှန်း သိကြရသည်။

ထိုသူက အိမ်ထဲရောက်လာတော့ အပေါ်မှအဝတ်ကို ဖယ်ချလိုက်သည်။

မျက်နှာစိမ်းတစ်ယောက်ပင် ဖြစ်သည်။

"မင်း ဘယ်သူလဲ"

"သောင်္ဂသလို့ ခေါ်ပါတယ်၊ ရောရုဝကနေပြီး သူဌေးကြီးကိုတွေ့ဖို့ လာခဲ့တာပါ"

"ဒီအိမ်ထဲ ရောက်တဲ့အထိ ဘယ်လိုဝင်လာတာလဲ"

"ကျုပ်ဝင်ချင်ရင် ဘယ်အရာကမှ တားဆီးလို့ မရနိုင်ဘူး"

"ကျုပ်နဲ့ ဘာကြောင့် တွေ့ချင်တာလဲ"

"ကျုပ်ရဲ့ အရှင်သခင်က လက်ဆောင်ပစ္စည်း ပို့ခိုင်းလို့ လာပို့ပေးတာပါ"

"မင်းတို့ရဲ့ အရှင်သခင်က ဘယ်သူလဲ"

"မရဏာစေတမန်ပါ"

ထိုစကားကြားတော့ စိတ်ထဲမှာ ထိတ်လန့်မှု ဖြစ်သွားသော်လည်း ဟန်မပျက်ပင် ပြန်ပေးလိုက်သည်။

"ဘယ်လိုလက်ဆောင်တွေလဲ"

ထိုသူက ပါလာသောအထုပ်ကို သူဌေးကြီးရှေ့သို့ချ



www.burmeseclassic.com

www.burmeseclassic.com



ကာ ဖြေပြလိုက်လေသည်။

အတွင်းမှာတော့ ကျောက်မျက်ရတနာများ၊ ပေရွက်
တစ်ရွက်နှင့် ရုပ်တုတစ်ရုပ်တို့ပင်ဖြစ်သည်။

"ငါ့မှာ ရွှေငွေရတနာတွေက ပြည့်စုံပါတယ်၊ ဒီပေရွက်
က ဘာအတွက်လဲ"

"မရဏာမှတ်တမ်းလို့ ခေါ်ပါတယ်၊ ဒီမှတ်တမ်းထဲမှာ
မကြာခင် သေရမယ့် လူတွေရဲ့ နာမည်တွေ ပါပါတယ်"

"ဟင်. ."

ထိုစကားကြောင့် အားလုံး ထိတ်လန့်တုန်လှုပ်သွား
ကြလေသည်။

သူဌေးကြီး ဘောဂဗလက ထိုပေရွက်ကိုယူပြီး ကြည့်
လိုက်တော့ ထိပ်ဆုံးတွင် သူ့နာမည်တွေ့ရပြီး ဦးဒိဗ္ဗနာမည်နှင့်
အခြားအစေအပါးများ၏ နာမည်များကို တွေ့ရသဖြင့် မျက်
လုံးပြူးသွားလေသည်။

ထိုသူက ရုပ်တုကိုပတ်ထားသော အဝတ်ကို ဖြေ
ရင်း ပြောသည်။

"ဒါက မရဏာရုပ်တုလို့ ခေါ်ပါတယ်၊ သေရမယ့်အ
ချိန်ရောက်ရင် ဒီရုပ်တုက အလိုလိုရောက်လာပြီး သေဖို့
မိန့်ပေးပါလိမ့်မယ်၊ ဒါကြောင့် သေမင်းရုပ်တုလို့လည်း ခေါ်
ပါတယ်"

ထိုသို့ပြောပြီး နေရာမှ ပြန်ထွက်ရန်ပြင်တော့ သူဌေး





ကြီးက လှမ်းမေးလိုက်သည်။

"ဒါတွေကို ဘာကြောင့် ငါတို့ဆီ လာပို့ပေးတာလဲ
ကွယ်"

"ကျုပ်ရဲ့ အရှင်သခင်က သူဌေးကြီးတို့ကို လျော်
ကြေးတောင်းတဲ့အနေနဲ့ ပို့ခိုင်းတာပါ"

ထိုစကားကြားတော့ ထပ်မံအံ့ဩရပြန်သည်။

"အလို. . . အဆန်းပါလား၊ ငါလည်း ဘယ်သူ့ကိုမှ
လျော်ကြေးပေးစရာ မရှိပါလား၊ ဘယ်လိုလျော်ကြေးမျိုးလဲ"

"အသက်နဲ့ ပြန်ပေးရတဲ့ လျော်ကြေးမျိုးပါ"

ထိုသို့ပြောပြီး နေရာမှပြန်ထွက်ရန်ပြင်တော့ မနီးမ
ဝေးမှာ ရပ်နေကြသော ယက္ခကြီးတို့က တားဆီးရန် ကြိုးစား
ကြသေးသည်။

သို့သော် အပူလှိုင်းများကြောင့် အနားကိုပင် မကပ်
နိုင်ဘဲ အပြုံပြုံအလဲလဲဖြစ်ကာ ကျန်ခဲ့ကြရပေသည်။

သောဌသဆိုသော လူကတော့ သူ့အလုပ် ပြီးသွား
သောဟန်ဖြင့် နောက်ကိုပင် တစ်ချက်ကလေးမျှ မကြည့်
တော့ဘဲ ခြံဝန်းအပြင်ဘက်သို့ ပြန်ထွက်သွားလေတော့သည်။

အတန်ကြာတော့မှ သူဌေးကြီးက ထိတ်လန့်တုန်
လှုပ်သောအသံဖြင့် ရေရွတ်ပြောဆိုလိုက်သည်။

"ကျုပ်တို့တော့ ရှမ်းဆိုးတွေလက်က လွတ်မြောက်ခဲ့
ကြပေမယ့် ဒီသေမင်းလက်ကတော့ မလွတ်တော့ဘူး ထင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့"

ထိုသို့ ရေရွတ်ပြောဆိုသောအခါ ဦးဒိဗ္ဗကိုယ်တိုင် ဘာမှပြန်မပြောသာပဲ ခေါင်းငိုက်စိုက်ကျနေလေတော့သည်။

အဘယ်ကြောင့်ဆိုသော် မရဏမှတ်တမ်းတွင် သူ့နာမည်က ထိပ်ဆုံးမှ ပါနေသောကြောင့် ဖြစ်သည်။

ထိုအခြေအနေကိုမြင်တော့ အနားမှာရှိနေသော မြလေးနွယ်က မရဏမှတ်တမ်းဟုခေါ်သော ပေရွက်ကို ကောက်ယူပြီး ထိုပေရွက်ပေါ်တွင် ရေးထားသော အမည်များကိုကြည့်ရာ သူ့မနာမည် မတွေ့ရပေ။

ဒီတော့မှ အခြေအနေကို သဘောပေါက်သွားလေသည်။

"ဒီအတိုင်းဆိုရင် သူတို့ရဲ့အရှင်သခင်ဆိုတာ ကိုဒီပဲ ဖြစ်မှာပေါ့၊ ဒီအတိုင်းဆိုရင် သူ အိမ်မက်ထဲမှာ လာပြောသွားတာတွေဟာ အမှန်တွေပဲပေါ့"

သူဌေးကြီးနှင့် ဦးဒိဗ္ဗတို့က ဘာမှပြန်မပြောကြပေ။

"သူ့အမေနဲ့ ဆွေမျိုးတွေအားလုံးကို ဒီကိုခေါ်ပြီး သတ်လိုက်ကြတယ်ဆိုတာရော အမှန်ပဲလား၊ ဒီလိုဆိုရင်တော့ ကျွန်မ ကိုဒီပကို မတွေ့တွေ့အောင် လိုက်ရှာပြီး တောင်းပန်ပေးပါ့မယ်"

ဟု ငိုယိုပြီး ပြောလေသည်။

"မလွယ်တော့ပါဘူး သမီးရယ်၊ သူ ဘယ်နေရာမှာ





မှန်းမှမသိပဲ ဘယ်လိုရှာမလဲကွယ်၊ အဖေတို့ထိုက်နဲ့ အဖေတို့ကံပဲ ရှိပါစေတော့ကွယ်၊ အဖေတို့ မှားခဲ့ပါတယ်၊ ဒါပေမယ့် ဒီအမှားတွေက ဘယ်လိုမှ ပြုပြင်လို့မရတော့ဘဲ လွန်သွားခဲ့ပါပြီ"

"ဖေဖေတို့ ရက်စက်တယ်၊ သူ့အပေါ်မှာ ရက်စက်ခဲ့ကြတယ်"

မြလေးနွယ်က ငိုယိုပြောဆိုကာ အခန်းတွင်းသို့ ဝင်သွားလေတော့သည်။

ထိုအခါမှ ဦးဒိဗ္ဗက စားပွဲပေါ်မှာချထားသော မရဏရုပ်တုကို ကောက်ယူပြီး အသေအချာကြည့်လိုက်သည်။

ရုပ်တုမှာ မာကျောလှသော သစ်သားတစ်မျိုးဖြင့် ထုလုပ်ထားခြင်းဖြစ်ပြီး နက်မှောင်နေသည်။

ထုလုပ်ထားပုံမှာ လက်ရာမြောက်လှပြီး တစ်ပေအရွယ်ခန့် ရှိလေသည်။ အဝတ်နက်ခြုံထားပြီး မျက်နှာက အရိုးခေါင်းပုံစံဖြစ်သည်။ လက်ထဲမှာ သေမင်းလှံတံကိုင်ထားပြီး သတ်တစ်ဖက်က ရှေ့သို့ လက်ညှိုးထိုးထားသည်။

ရုပ်တုပင်ဖြစ်သော်လည်း အသက်ဝင်နေသယောင်ဖြစ်နေပြီး မျက်လုံးနှစ်လုံးက နီရဲနေပြီး အရောင်တလက်လက် တောက်ပလျက်ရှိသည်။

ဦးဒိဗ္ဗက အသေအချာကြည့်သောအခါ မျက်နှာချင်းဆိုင်ဖြစ်သွားပြီး သူ့ကို လက်ညှိုးထိုးပြနေသကဲ့သို့ ဖြစ်သွားရာ



www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံးကို လက်အေးကြီးဖြင့် ဖျစ်ညှစ်ဆုပ်ခံရသကဲ့သို့ အေးစိမ့်သွားလေသည်။

"ဒီရုပ်တုကို သေမင်းရုပ်တုလို့လည်း ခေါ်ပါတယ်။ သေရမယ့်အချိန်ရောက်ရင် အလိုလိုရောက်လာပြီး သေမိန့်ပေးပါလိမ့်မယ်"

သောင်ဥသဆိုသူ ပြောသွားသော စကားများကိုပါ ပြန်လည်ကြားယောင်လာပြီးနောက် ရုပ်တုကို လက်ထဲမှာ ဆက်မကိုင်ထားတော့သဖြင့် လွှတ်ချလိုက်လေတော့သည်။







# ဝင်္ကြေးကြမှာ မလွတ်သာခဲ့

ထို့နောက်ပိုင်းမှာတော့ သူဌေးကြီး ဘောဂဇလက ယက္ခကြီးအပါအဝင် သူ့တပည့်များကို အင်းဝနေပြည်တော် အပါအဝင် နေရာအနှံ့အပြားသို့ စေလွှတ်ကာ မောင်ဒီပ သတင်းကို စုံစမ်းခိုင်းလေသည်။

အချို့ကလည်း မောင်ဒီပတို့ နေထိုင်ခဲ့သောရွာအထိသွားရောက်ကာ စုံစမ်းကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘယ်နေရာမှ သတင်းလည်းမကြား၊ အစအနမျှပင် မတွေ့ကြရပေ။

တစ်နေ့တော့ အင်းဝသို့သွားသော ယက္ခကြီး ပြန်ရောက်လာပြီး သတင်းတစ်ခု ပြောပြလေသည်။

"သူဌေးမင်း၊ အင်းဝဘက်မှာ ယန္တယားဆရာနဲ့တူတဲ့ လူတွေ တွေ့ခဲ့ရပါတယ်"

"မင်းစကားက ဘယ်လိုလဲကွယ်၊ ယန္တယားဆရာနဲ့ တူတဲ့လူတွေဆိုတော့ ဘယ်နှယောက်များ တွေ့ခဲ့လို့လဲ"

"လေးငါးယောက်ထက်မက တွေ့ခဲ့ရပါတယ်"

"ဟင်.. ဟုတ်ရဲ့လားကွယ်၊ တူတယ်ဆိုရင်လည်း တစ်ယောက်နှစ်ယောက်ပေါ့၊ အခု လေးငါးယောက်လောက် တူနေတယ်ဆိုတော့ ဘယ်လိုမျိုးလဲ"

ထိုအခါ အနားရောက်လာသော ဦးဒိဗ္ဗ ကြားသောအခါ သူ့ထင်မြင်ချက်ကို ပြောပြသည်။

"မဟုတ်ကာမှလွဲရော ယန္တရားဆရာက သူ့ကိုယ်ပွားတွေ အများကြီး ခွဲလိုက်ပြီ ထင်တယ်"

"ဘယ်လိုခွဲသလဲ ဦးရှီးတော်ရဲ့"

ရှေးနှစ်ပေါင်းများစွာကတည်းက ထူးဆန်းတဲ့ပညာတွေ အများကြီး ရှိခဲ့ကြတယ်၊ ရုပ်ကိုပြုပြင်တဲ့ ရူပါဝါဟနပညာ၊ အသက်မရှိတဲ့သူတွေကို အသက်သွင်းနိုင်တဲ့ ဘူတာဝါဟနပညာ၊ စက်ယန္တယားတွေကို လိုသလို အသုံးပြုနိုင်တဲ့





စက်ကြိုးယန္တယားပညာဆိုတဲ့ စက္ကောမပညာတွေဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ခေါမတိုင်းသားတွေ တတ်ကျွမ်းခဲ့တဲ့ ပညာတွေပဲ"

ဟု ပြောပြသည်။

"ဘူတာဝါဟနပညာဆိုတာ ဖုတ်သွင်းတဲ့ ပညာမျိုး မဟုတ်လား"

"အားလုံးပါတာပေါ့၊ ဝိညာဉ်တွေနဲ့လည်း သက်ဆိုင်တာပေါ့၊ အပြင်ရောက်နေတဲ့ အသက်လို့ခေါ်တဲ့ ဝိညာဉ်ကို ဂါထာမန္တယားအတတ်ပညာနဲ့ အသက်ပြန်သွင်းတဲ့ ပညာမျိုးလို့လည်း ခေါ်တယ်"

"ဒါဖြင့် တစ္ဆေသရဲတွေကို စေခိုင်းတာမျိုး ဖြစ်မှာပေါ့"

"ဒီလိုတော့လည်း မဆိုသာပေဘူးကွယ့် တစ္ဆေ သရဲသဘက် စတာတွေက လူတွေ သတ်မှတ်ထားတဲ့ နာမည်တွေပါ၊ တကယ်တမ်း ပြောရရင် အဲဒီလို ရုပ်ခန္ဓာ မရှိကြတဲ့ ဝိညာဉ်တွေကို ရူပက္ခန္ဓာလို့ခေါ်တဲ့ ဩဠာရိက ရုပ်ကြမ်းမရှိပဲ ဇောတိခန္ဓာသာ ရှိကြတဲ့ ဝိညာဉ်တွေကို သာမန်မျက်စိတွေနဲ့ မမြင်ကြရတာပါ"

"အတော်ကလေး ဆန်းကြယ်လှပါပေတယ်"

"ဝိညာဉ်တွေကို မတွေ့ရ မမြင်ရဘူး ဆိုကြပေမယ့် အကြောင်းတိုက်ဆိုင်လာရင်တော့ တစ်ခါတစ်ရံ တွေ့မြင်ကြရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအချိန်မျိုးတွေမှာ တွေ့ကြရသလဲ"

"သက်ရှိလူသားတွေ ကိုယ်ခန္ဓာအတွင်းမှာ ရှိကြတဲ့ အာရုံကြောတွေ ဖောက်ပြန်တဲ့အခါမှာပဲဖြစ်ဖြစ် တွေ့ရတတ်ပါတယ်၊ ဒါမှမဟုတ် ဂါထာမန္တယားနဲ့ ခေါ်လို့ပဲဖြစ်ဖြစ် ဝိညာဉ်လောကသားတွေက အကြောင်းတစ်ခုကြောင့် လူတွေကို တွေ့လိုတဲ့အခါမှာပဲဖြစ်ဖြစ် တွေ့ကြရပါတယ်"

"ဝိညာဉ်တွေနဲ့ ဘူတာဝါဟနပညာက ဘယ်လိုသက်ဆိုင်သလဲ ဦးရိုးတော်"

"ဆိုင်ပါသော်ကော ဘောဂဗလရယ်၊ ဘူတာဝါဟနပညာက အသက်မရှိတဲ့ ရုပ်ခန္ဓာနဲ့ ရုပ်ခန္ဓာမရှိတဲ့ ဝိညာဉ်ကို ပေါင်းစပ်ပေးနိုင်တဲ့ ပညာပဲ၊ နတ်သွင်းတယ်လို့ ပြောကြတဲ့ ပညာမျိုးပေါ့"

သူဌေးကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ရူပါဝါဟနပညာတတ်ရင် ရုပ်ချင်းတူတဲ့ ကိုယ်ပွားတွေကို အများကြီး ဖန်ဆင်းယူလို့ရတယ်၊ ဘူတာဝါဟနပညာ တတ်ရင်လည်း ဝိညာဉ်တွေကို အများကြီး ခေါ်ယူပေါင်းစပ်လို့ရတယ်၊ ဒီတော့ ဒီလိုပညာမျိုးတွေ တတ်မြောက်တဲ့ လူတစ်ယောက်အတွက် ကိုယ်ပွားတွေ အများကြီး ဖန်တီးယူလို့ ရတာပေါ့ကွယ်"

ဟု စိတ်မချမ်းမသာသော အသံမျိုးဖြင့် ပြောလိုက်လေသည်။





"ကျုပ်တို့ တခြားလူတွေထက် ယန္တယားဆရာ မောင်ဒီပကို ဒုက္ခပေးခဲ့မိတာတော့ အများကြီး မှားခဲ့ကြပြီ ထင်ပါရဲ့"

"ဖြစ်ပြီးခဲ့တဲ့ ကိစ္စတွေကတော့ ဘယ်လိုမှ ပြုပြင်လို့မရတော့ဘူး၊ မောင်ဒီပကလည်း တခြားကိစ္စတွေကိုသာ ခွင့်လွှတ်ပေးချင်ပေးမယ်၊ သူ့မိခင်ကြီး သေရတဲ့ ကိစ္စကိုတော့ ဘယ်လိုမှ ခွင့်လွှတ်ပေးနိုင်မယ် မထင်ဘူး၊ ဒီတော့ ကိုယ်ပြုခဲ့တဲ့ကံကို ခံကြရုံသာ ရှိတော့တာပေါ့ကွယ်"

ဟု စိတ်ပျက်အားလျော့သော လေသံမျိုးဖြင့်ပြောတာ နေရာမှ ထသွားလေတော့သည်။

နောက်ပိုင်းမှာတော့ ဘောဂဗလစံအိမ်၌ အန္တရာယ်ဆိုးများ ဝင်ရောက်လာလေတော့သည်။

မောင်ဒီပတို့ကို သုတ်သင်သတ်ဖြတ်ရာတွင် ပါဝင်သောလူများမှာ တစ်ညလျှင် တစ်ယောက်နှစ်ယောက် သေကြရလေသည်။

သေဆုံးသူများမှ မရဏာမှတ်တမ်း၌ အမည်စာရင်းပါသူများပင်ဖြစ်၏။ ၎င်းတို့သည် တိုက်ခိုက်မှုကောင်းသောသူတြမ်းကြီးများ ဖြစ်သော်လည်း လာရောက်သတ်ဖြတ်သူများကိုတော့ မနိုင်ကြပေ။

ဓား၊ လှံ၊ လက်နက်များဖြင့် တိုက်ခိုက်သော်လည်း သေပဲ ဝင်ရောက်သတ်ဖြတ်သဖြင့် မတတ်နိုင်ကြပဲ ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူသတ်သမားတွေက တခြားလူတွေ မဟုတ်ဘူးဗျ၊ ဟိုးတလောက ကိုင်းတောထဲမှာ ကျုပ်တို့ သတ်ဖြတ်ခဲ့တဲ့ လူတွေပဲ၊ ကလဲ့စား ပြန်ချေတာလားတော့ မသိဘူး၊ ဘယ်လိုသတ်လို့မှ မသေဘူး"

"သူတို့လက်ကလွတ်အောင် ဘယ်လိုထွက်ပြေးလို့မှ မလွတ်နိုင်ဘူး၊ ဒီနေရာကပြေး ဟိုနေရာရောက်တော့လည်း သူတို့ကို တွေ့ရတာပဲ၊ ဒီအတိုင်းဆိုရင်တော့ ကျုပ်တို့အားလုံး သေကြရတော့မယ်. . ကယ်ပါဦး"

ဟု ယက္ခကြီးအား ဝိုင်းဝန်းပြောဆိုကြသော်လည်း ယက္ခကြီးကိုယ်တိုင်လည်း ထိတ်လန့်ကြောက်ရွံ့နေပြီး ဘာမှ မတတ်နိုင်အောင် ဖြစ်နေလေသည်။

"မင်းတို့ကို ကယ်ဖို့နေနေသာသာ ငါတောင် ဘယ်နေ့သေရမလဲ မသိဘူး"

"ဒီလိုဆိုရင်တော့ ကျုပ်တို့ ဒီမှာမနေနိုင်တော့ဘူး၊ ဘေးလွတ်ရာ ထွက်ပြေးကြတော့မယ်"

ဟု ပြောဆိုကာ ထွက်ပြေးကြလေသည်။

သို့သော် မလွတ်ကြပေ။

တစ်နေရာမဟုတ် တစ်နေရာတွင် အဆင်သင့်စောင့်နေသည့် လူသတ်သမားများနှင့် တွေ့ပြီး တစ်ယောက်ပြီးတစ်ယောက် အသတ်ခံကြရလေသည်။

တဖြည်းဖြည်းနှင့် သေဆုံးသူများလာသောအခါ





ရေဇာမှတ်တမ်းတွင်ရေးထားသော သေစာရင်းပါ အမည်များ လျော့ပါးသွားလေသည်။

တစ်ယောက်သေလျှင် ရေးထားသော နာမည်တစ်ခု ပျောက်ကွယ်သွားရာ အနည်းငယ်လောက်သာ ကျန်တော့သည်။

ဘောဂဗလ စံအိမ်မှာလည်း အစောင့်များ အတော်ဝင် နည်းသွားခဲ့ပေပြီ။ ကျန်နေသေးသူများမှာလည်း ဘယ်နေ့ဘယ်အချိန်တွင် မိမိတို့အလှည့်ရောက်လာပြီး သေရမည့်အချိန်ကို စောင့်နေရသကဲ့သို့ ရှိနေကြသည်။

ဖြစ်နိုင်လျှင် ထိုလူများမှာ ဟိုးကမ္ဘာ အပြင်ဘက်ရောက်သည်အထိ ထွက်ပြေးချင်နေကြသည်။

သို့သော် သူတို့ရှေ့မှ ထွက်ပြေးကြသူများလည်း မလွတ်ဘဲ တစ်ယောက်ပြီးတစ်ယောက် သေကြသည်ကို သိသဖြင့် မပြေးဝံ့တော့သဖြင့် ဒီအတိုင်းနေကြရခြင်း ဖြစ်ပေသည်။

ညအချိန်ရောက်သည်နှင့် ကိုင်းတောကြီးဘက်မှ ခွေးအူသံ ခွေးဟောင်သံများကြားရသည်။ ပြီးလျှင် လူအော်သံများ ကြားရသည်။

ယက္ခကြီးတို့လူစု မင်္ဂလာပွဲအတွက် လာကြသူများကို ဝိုင်းဝန်းသတ်ဖြတ်စဉ်က ပေါ်ထွက်ခဲ့သော အသံမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံများ ပျောက်သွားသည်နှင့် ကိုင်းတောကြီးအတွင်းမှ လူအချို့ထွက်လာပြီး ဘောဂဗလစံအိမ်မှ အစောင့်တို့ကို သတ်ဖြတ်သွားကြပြန်လေသည်။

တစ်ညမှာတော့ ဘောဂဗလစံအိမ်ဝန်းအတွင်းသို့ အဝတ်မည်းခြုံထားသည့် လူသုံးယောက် ဝင်လာပြီး ယက္ခကြီးကို မသတ်ပဲ ဖမ်းဆီးခေါ်ဆောင်သွားကြလေသည်။

လူဆိုးလူမိုက်တို့မည်သည် ၎င်းတို့ အသာစီးရသောအချိန်၌သာ ဆိုးဝံ့ကြသော်လည်း အရေးနိမ့်သောအခါ သေဘေးအန္တရာယ်နှင့် ကြုံတွေ့ရသော အခါမှာတော့ သာမန်လူများထက် ကြောက်ရွံ့တတ်ကြပေသည်။

ယက္ခကြီးကို ခေါ်သွားသောနေရာမှာ ယခင်က အုတ်များဖုတ်ပေးခဲ့သော အုတ်ဖိုဟောင်းကြီးများရှိသော နေရာပင်ဖြစ်၏။ ထိုအုတ်ဖိုကြီးများမှာ အသုံးမပြုဘဲ ထားခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း ဖိုကြီးတစ်လုံးမှာတော့ လတ်ရှိအသုံးပြုနေသကဲ့သို့ မီးတောက်မီးလျှံများ နီရဲနေလေသည်။

"မင်း. . မင်းတို့ ငါ့ကို ဘာလုပ်ကြမလို့လဲ၊ မင်းတို့ ဘယ်သူတွေလဲ"

ဟု ကတုန်ကရင်နှင့် မေးသောအခါ လူသုံးယောက်က မျက်နှာပေါ် အုပ်ထားသော အဝတ်များကို ဖယ်လိုက်ကြသည်။





၎င်းတို့ မျက်နှာများပေါ်တွင် မီးလောင်ထားသော အနာရာများဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ ကြောက်မက်ဖွယ်ရာအသွင် ဖြစ်နေလေသည်။

"ငါတို့ကို မမှတ်မိတော့ဘူး မဟုတ်လား၊ အုတ်ဖုတ်ကုန်းက ရွာကို ပြန်ချင်တယ် ပြောမိတာနဲ့ အရှင်လတ်လတ် မီးပုံထဲထည့်ပြီး အသတ်ခံခဲ့ရတဲ့ လူတွေလေ"

"ဟင်. ."

ဒီတော့မှ သဘောပေါက်သွားပြီး အကြောက်ကြီး ကြောက်လန့်သွားလေတော့သည်။

"ငါ. . ငါ့ကို မသတ်ကြပါနဲ့ကွာ၊ မင်းတို့ကို လုပ်ချင်လို့ လုပ်ခဲ့ရတာ မဟုတ်ပါဘူး၊ ငါတို့ရဲ့ အရှင်သခင်တွေ စေခိုင်းလို့ လုပ်ပေးရတာပါ"

"ငါတို့က ဒါတွေ ဘာမှမသိတော့ဘူး၊ မင်းအကုသိုလ် ရှိတဲ့အတိုင်း မီးပုံထဲ ဆင်းပေတော့"

ဟုပြောကာ အနားသို့ ဝိုင်းလာကြသည်။

ပထမတော့ ယက္ခကြီးမှာ ထွက်ပြေးရန် ကြိုးစားသောအခါ ထိုလူများက ဝိုင်းဝန်းချုပ်နှောင်ပြီး မီးပုံအတွင်းသို့ ပစ်ထည့်လိုက်ကြလေတော့သည်။

ယက္ခကြီး၏ စူးစူးဝါးဝါး အော်သံများကိုတော့ ဘောဂဗလစံအိမ်မှလူများ မကြားကြရတော့ပေ။

ယက္ခကြီး သေဆုံးသွားပြီး နောက်မှာတော့ မရဏာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်း၌ ရေးမှတ်ထားသော အမည်များစွာ မကျန်တော့[ပေ။] ဦးရှီးတော် ဦးဒိဗ္ဗနှင့် သူဌေးကြီး ဘောဂဗလ နာမည်နှစ်ခု[သာ] ကျန်တော့သည်။

ကျန်နေသေးသော အခြားအစောင့်များကတော့ မ[ရ]ဏာမှတ်တမ်းတွင် မပါဝင်ကြပေ။

သူဌေးကြီးနှင့် ဦးဒိဗ္ဗတို့ကတော့ မကြာခင် ရင်းတို့အ[...]လှည့်သို့ ကျရောက်တော့မည်ဖြစ်သည်ကို သိကြသဖြင့် မ[...]နိုင်၊ မအိပ်နိုင်ဖြစ်ကာ တမှိုင်မှိုင်တတွေတွေ ဖြစ်နေကြ[...]လေသည်။

လူနှင့် သတ္တဝါတို့သည် သေချိန်မသိပဲ သေရခြင်းကို မကြောက်ကြသော်လည်း သေရမည့်အချိန်ကို ကြိုတင်သိပြီး စောင့်နေရသောအဖြစ်လောက် ကြောက်စရာကောင်းသည်မျိုး မရှိတော့ပေ။

ကြိုးမိန့်ကျပြီးသောလူ၊ သတ်ဖို့ပြင်ဆင်ထားသော နွား၊ ဝက်၊ ဆိတ် စသော တိရိစ္ဆာန်တို့ကို ကြည့်ပါက ပို၍ သိနိုင်ကြပေသည်။

လူနှင့် နီးစပ်သော နွားနှင့် ကျွဲတို့သည် သတ်ဖို့ခေါ်ဆောင်လာစဉ် မျက်ရည်ကျခြင်း၊ ကယ်တင်ပေးနိုင်မည့်သူ[...]ဒူးထောက်တောင်းပန်ခြင်းများ ရှိခဲ့ပေသည်။

သူဌေးကြီး ဘောဂဗလနှင့် ဦးရှီးတော် ဦးဒိဗ္ဗတို့သည် ပြုလုပ်စဉ်အချိန်က မဆင်မခြင် ပြုလုပ်ခဲ့ကြသော်လည်း ယ[ခု]





တို့လှည့်အလှည့်ရောက်သောအခါမှာတော့ များစွာကြောက်ရွံ့ထိတ်လန့်နေကြလေသည်။

ထိုအဖြစ်အပျက်ကို မြင်သောအခါ သမီးဖြစ်သူ မြလေးနွယ်ခမျာ စိတ်မချမ်းမသာ ဖြစ်ခြင်းနှင့်အတူ ဖခင်အပေါ် သနားစိတ်များလည်း ဝင်လာမိလေသည်။

သို့သော်လည်း သူမအနေဖြင့် ဘာမှ မတတ်နိုင်ရှာသေး၊ တမှိုင်မှိုင်တတွေတွေ ဖြစ်နေသည့် ဖခင်အနီးသို့ သွားပြီး မေးသည်။

"ဖေဖေ ဒီလိုဖြစ်နေတာတွေဟာ တကယ်ပဲ ကိုဒိပ သတ်ချက်ပဲလားဟင်"

"အခုတော့ ဒီလိုပဲ ထင်ရတော့မှာပေါ့"

"တကယ်လို့သာ ကိုဒိပ ရှိနေသေးတယ်ဆိုရင် သူရှိတဲ့နေရာကို တွေ့အောင်ရှာပြီး ကျေနပ်အောင် တောင်းပန်ပေးချင်ပါတယ်၊ ဖေဖေ အခုလို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေတာကိုလည်း မကြည့်ရက်ပါဘူး၊ ဖေဖေ့ကိုယ်စား အသက်ပေးလို့ရရင်တောင် သူကျေနပ်အောင် သမီးအသက်ကို ပေးဝံ့ပါတယ်"

ဟု မျက်ရည်အဝိုင်းသားဖြင့် ပြောလေသည်။

သူဌေးကြီးကတော့ စိတ်မကောင်းသော အမူအယာဖြင့် သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

"မရတော့ပါဘူးကွယ်၊ ဗုဒ္ဓတရားတော်အဆိုင်းဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် ကောင်းမှုကုသိုလ်ကံ၊ မကောင်းတာလုပ်မိတဲ့ ကံတွေဟာ အကျိုးပေးချိန်တန်ရင် သက်ဆိုင်တဲ့သူပဲ ခံရတယ်၊ တခြားလူက ဝင်ပြီးခံပေးလို့မရဘူး၊ ဝဋ်ကြွေးရှိရင်လည်း ကိုယ်ပဲခံရတယ်၊ ကံကြွေးရှိရင်လည်း ကိုယ်ပဲ ဆပ်ရပါတယ်၊ ဖေဖေ့ထိုက်နဲ့ ဖေဖေသာ ရှိပါစေတော့ကွယ်"

ဟု ပြောလိုက်လေသည်။

မြလေးနွယ်ကတော့ စိတ်မချမ်းသာမှုကြောင့် ငိုနေသည်မှလွဲပြီး တခြားဘာမှ မတတ်နိုင်ရှာတော့ပေ။

တစ်နေ့တော့ ဦးဒိဗ္ဗသည် ညအချိန် ၎င်းအခန်းထဲ၌ အိပ်ပျော်နေစဉ် ၎င်းအမည်ကို ခေါ်သံကြားသဖြင့် ပြန်နိုးလာလေသည်။

"ဒိဗ္ဗ. . ဒိဗ္ဗ ထတော့၊ မင်း သေရတော့မယ့် အချိန်ရောက်နေပြီ"

"ဟင်. ."

ထိုစကားကြားတော့ စိတ်ထဲမှာ အတော်ပင်ကြောက်ရွံ့သွားလေတော့သည်။

"ဒီည သန်းခေါင်မကျော်ခင် မင်း သေရတော့မယ်၊ လူ့ဘဝသက်တမ်းကုန်ပြီ. . ထတော့. . ထတော့"

ဟု ပြောနေသံကို ထပ်ကြားရသောကြောင့် အိပ်နေရာမှ ကြောက်လန့်တကြား ထလိုက်လေသည်။

အသံကြားရာသို့ ကြည့်လိုက်တော့ တစ်လော





ဘောဇ္ဈသဆိုသူ ပေးသွားသော သေမင်းရုပ်ထုက အိပ်ယာနံဘေးမှ စားပွဲပေါ်သို့ ရောက်နေလေသည်။

သူ့ဘက်သို့ မျက်နှာလှည့်ကာ လက်ညှိုးထိုးပြီး အမိန့်ပေးနေသကဲ့သို့ ရှိသည်။

"ဒိဗ္ဗ. . မင်းသေရတော့မယ်၊ သေဖို့အချိန် နီးနေပြီ၊ လူ့ဘဝသက်တမ်းက ဒီည သန်းခေါင်ယံအထိပဲရှိတယ်၊ မင်းသေရတော့မယ်"

ဟူသော တစ်စုံတစ်ယောက်က အနားလာပြောနေသကဲ့သို့သော အသံများကိုလည်း ကြားနေရသည်။

ပတ်ဝန်းကျင်ကို ကြည့်တော့လည်း သေမင်းရုပ်တုမှလွဲပြီး အခြားဘာမှ မတွေ့ရပေ။

သို့သော် သေမင်းရုပ်တုမှာ မျက်လုံးများက အရောင်လက်နေပြီး အသက်ဝင်နေသကဲ့သို့ ဖြစ်နေလေသည်။

ထို့နောက်မှာတော့ ကြောက်စရာကောင်းသော အရိပ်မည်းကြီးတစ်ခုက သူ့ကအနားသို့ တိုးကပ်လာလေသည်။

ပုံပန်းသဏ္ဌာန်မှာ သေမင်းရုပ်တုနှင့် များစွာတူလှပေသည်။

တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားပြီး မျက်နှာက ကြောက်စရာကောင်းသော အရိုးခေါင်းပုံသဏ္ဌာန် ဖြစ်နေသည်။ မျက်လုံးနှစ်ဖက်ကတော့ အရောင်ထွက်နေသည်။ လက်ထဲမှာတော့ သေမင်းလှံတံကြီး ကိုင်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရိပ်မည်းကြီးက ဦးဒိဗ္ဗလက်ကိုကိုင်လျက် အပြင်ဘက်သို့ ခေါ်သွားလေသည်။

အပေါ်ထပ်ဖြစ်သောကြောင့် အခန်းတွင်းမှ ထွက်သည်နှင့် ဝရံတာသို့ ရောက်သွားသည်။

အပြင်ဘက်မှာတော့ အမှောင်ရိပ်များ ဖုံးလွှမ်းနေလေသည်။ ပတ်ဝန်းကျင် တစ်ဝိုက်မှာလည်း တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ဝရံတာရောက်တော့ သေမင်းပုံရိပ်က တစ်နေရာသို့ လက်ညှိုးထိုးပြသည်။ ကြည့်လိုက်တော့ မြင်ကွင်းအချို့ကို မြင်တွေ့ရသည်။

အံ့ဩစရာကောင်းလောက်အောင် မြင်ကွင်းများကို ထင်ထင်ရှားရှားပင် မြင်နေရခြင်း ဖြစ်သည်။

သူမြင်ရသော မြင်ကွင်းများက အခြားမဟုတ်ပေ။

အလျှံတညီးညီး မီးတောက်ကြီးများ လျှံထွက်နေသော အုတ်ဖိုကြီးများထဲသို့ လူများကို အရှင်လတ်လတ် ပစ်ချနေကြသည့် မြင်ကွင်း။

နောက်တစ်ခုက ကိုင်းတော့ကြီးထဲတွင် လူတစ်စုသည် ဓားလှံလက်နက်ကိုင်ထားသော လူတစ်စုရှာ ဝိုင်းဝန်းသတ်ဖြတ်နေကြသည့် မြင်ကွင်းပင် ဖြစ်သည်။

ကယ်ပါယူပါနှင့် ကြောက်လန့်တကြား အော်ဟစ်နေကြသည့် အသံများကိုလည်း အတိုင်းသား ကြားနေရသည်





အတန်ကြာတော့မှ အသံများပျောက်သွားပြီး မြင်ကွင်းများလည်း မှေးမှိန်ပျောက်ကွယ်သွားလေတော့သည်။

“ဝဋ်ကြွေးဆပ်ရမယ့် အချိန်ရောက်ပြီ၊ သင်သွားရမည့်လမ်းသည် ငရဲမှတပါး အခြားမရှိတော့ပြီ၊ သင့်ကို ငရဲသို့ ပို့ပေးရန် ငါလာခဲ့ခြင်း ဖြစ်ပေသည်၊ သင်ဟာ တစ်ဘဝစာ အသုံးပြုခွင့်ရသော ဤရုပ်ခန္ဓာကို အကျိုးရှိစွာ အသုံးမချခဲ့သော”

ဦးဒိဗ္ဗကတော့ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် မျက်လုံးပြူးသားနှင့် ကြည့်နေလေသည်။

“ကိုယ်ပြုသောကံသည် ကိုယ်သာခံရမည် ဖြစ်ပေရာ ငရဲလမ်းသို့သာ သွားရမည် ဖြစ်ပေသည်၊ သွားပေတော့. . ”

ဟု အမိန့်ပေးလိုက်သည်နှင့် ဦးဒိဗ္ဗလည်း သတိမေ့မြောသွားသကဲ့သို့ဖြစ်ကာ ဝရံတာမှအောက်သို့ ခုန်ချလိုက်လေတော့သည်

စူးစူးဝါးဝါးအော်သံနှင့် မြေပေါ်သို့ ကျလာသော အသံကြားမှ ထိုနေရာသို့ အပြေးအလွှား သွားကြည့်ကြသော အခါ မြေပေါ်မှာ ခွေခွေလေး ငြိမ်သက်နေသည့် ဦးရိုးတော် ဒိဗ္ဗကို တွေ့ကြရသည်။

ထို့ကြောင့် သူဌေးကြီးကို အကြောင်းကြားရာ သူဌေးနှင့်အတူ မြလေးနွယ်ပါ လိုက်လာကာ ကြည့်ရှုကြသည်။

ဦးဒိဗ္ဗမှာ ဇက်ကျိုးလျက်ဖြင့် အသက်သေဆုံးနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေသည်။ ၎င်းတို့အနေဖြင့် စိတ်မကောင်း ဖြစ်ကြရုံမှလွဲ၍ အခြားတော့ ဘာမှမတတ်နိုင်ကြတော့ပေ။

"အင်း. . မရဏာမှတ်တမ်းမှာ နာမည်ပါတဲ့သူတွေ အားလုံး သေသွားကြပြီဆိုတော့ ငါတစ်ယောက်ပဲ ကျန်ခဲ့တော့လား"

ဟု စိတ်မချမ်းမြေ့စွာဖြင့် တွေးတောလိုက်မိလေသည်။







# ကိုင်းတောအတွင်းမှ ပရလောကသား

ဦးဒိဗ္ဗတစ်ယောက် သေဆုံးသွားပြီးနောက်မှာတော့ မရဏာမှတ်တမ်း၌လည်း အမည်များစွာ မကျန်တော့ဘဲ ထိပ်ဆုံးနေရာ၌ ရေးမှတ်ထားသော သူဌေးကြီး ဘောဂဗလ၏ နာမည်တစ်ခုသာ ကျန်နေတော့သည်။

သူဌေးကြီးက ထိုမှတ်တမ်းကိုကြည့်၍ သက်ပြင်းချ-



www.burmeseclassic.com

www.burmeseclassic.com



ကာ တိုးတိုးရေရွတ်လိုက်သည်။

"မကြာခင် ငါ့အလှည့် ရောက်တော့မှာပါလား၊ မ တတ်နိုင်တော့ဘူးပေါ့လေ၊ ငါပိုင်ဆိုင်တဲ့ ရွှေငွေရတနာတွေကလည်း ငါ့ရဲ့ကံကြမ္မာကို မကယ်နိုင်ကြတော့ဘူး၊ ငါပြုခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေအတိုင်းပဲ ခံစရာရှိခံ၊ စံစရာရှိတာတွေ စံရတော့မှာပေါ့"

ဟု တွေးမိသည်။ တစ်ဆက်တည်း. . .

"ငါ ပိုင်ဆိုင်တဲ့ ရွှေငွေဘဏ္ဍာတွေက မနည်းဘူး။ ဒီပစ္စည်းအတွက် လုံခြုံစိတ်ချအောင် လုပ်ရင်းနဲ့ ဒီလိုကံကြမ္မာဆိုးတွေနဲ့ တွေ့ရတာပဲ၊ ငါသေသွားရင် ငါပိုင်တဲ့ ရွှေငွေရတနာတွေကို ယူသွားလို့ မရနိုင်မယ့် အတူတူတော့ သူတို့ထားတဲ့ နေရာမှာပဲ ငါအမြဲနေတော့မယ်"

ဟု တွေးတောကာ နေရာမှ ထလိုက်လေသည်။

ညအချိန်ဖြစ်သောကြောင့် ဘောဂဗလ စံအိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထိုအချိန်တွင် နောက်ဘက်မှ ထူးခြားသော အသံလိုလို ကြားရပြီး အရိပ်မည်းကြီးတစ်ခုစာ သူ့ကိုယ်ပေါ်သို့ ထိုးကျလာသဖြင့် လှည့်ကြည့်လိုက်သည်။

နောက်ဖက်စားပွဲပေါ်မှာတော့ မည်သည့်အချိန်က ရောက်နေမှန်းမသိရသော မရဏာရုပ်တုက သူ့ဘက်သို့လှည့်ကာ လက်ညှိုးထိုးပြနေချေပြီ။





အုပ်မိုးကျနေသော အရိပ်မည်းကြီးကလည်း ထိုရုပ်တုရှိရာမှ ထွက်နေခြင်းဖြစ်၏။ ရုပ်တုက သေးငယ်သော်လည်း ထွက်နေသောအရိပ်မှာ အခန်းတစ်ခန်းလုံး ပြည့်နေပေတော့သည်။

သူဌေးကြီး ဘောဂဗလမှာ ရုပ်တုနှင့် အရိပ်မည်းကြီးတို့ မြင်သောအခါ သဘောပေါက်သွားလေသည်။

သို့ကြောင့် ဘုရားစင်ရှိသော နေရာဘက်သို့ လှည့်ကာ လက်အုပ်ချီ၍ ကန်တော့လိုက်သည်။ ပြီးမှ မြေအောက်ခန်းဆင်းသော လှေခါးရှိရာသို့သွားကာ တံခါးဖွင့်သည်။

ထိုနေရာ၌ ကြောက်စရာကောင်းသော ယန္တယားများတပ်ဆင်ထားသော်လည်း လျှို့ဝှက်ချက်ကိုသိသဖြင့် မည်သည့် အန္တရာယ်မှမတွေ့ရဘဲ အတွင်းသို့ ဝင်သွားနိုင်သည်။ သူအတွင်းရောက်တော့ တံခါးချပ်က အလိုအလျောက် ပြန်ပိတ်သွားလေတော့သည်။

ထို့နောက်မှာတော့ ရွှေ၊ ငွေရတနာများထားသော အခန်းရှိရာသို့သွားကာ လျှို့ဝှက်တံခါးချပ်ကို ဖွင့်လိုက်သည်။

တပ်ဆင်ထားသော ယန္တယားများက ငြိမ်သက်နေကြသည်။

တံခါးပေါက်ဝရောက်တော့ နောက်သို့ လှည့်ကြည့်လိုက်ရာ နောက်မှ ထပ်ကြပ်မကွာ ပါလာသော အရိပ်မည်းကြီးက မနီးမဝေးမှာ ရပ်တန့်ကာ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သေဘေးအန္တရာယ်မှ မလွတ်နိုင်တော့မှန်းသိသဖြင့် တွေတွေထူးထူး စဉ်းစားမနေတော့ဘဲ ပွင့်နေသောတံခါးမှ ရတနာတိုက်အတွင်းသို့ ဝင်သွားလေတော့သည်။

သူ အတွင်းရောက်သွားပြီးသည်နှင့် ရတနာတိုက်တံခါးလည်း အလိုအလျောက် ပြန်ပိတ်သွားလေတော့သည်။

ထိုအချိန်မှစပြီး သူဌေးကြီး ဘောဂဗလကို နောက်ထပ်မတွေ့ကြရတော့ပါချေ။

နောက်ပိုင်းမှာတော့ မနော်ရမ္မာဉယျာဉ်နှင့် မနီးမဝေးမှ အသစ်တည်ဆောက်ထားသော ဘောဂဗလ စံအိမ်ကြီးတွင် မြွေလေးနွယ်တစ်ယောက်သာ ကျန်ခဲ့ပေတော့သည်။

သို့သော်လည်း သူမတစ်ယောက်တည်းတော့ မဟုတ်ပေ။ သစ္စာရှိသော လူယုံတော်အချို့နှင့် ဝိညာဉ်များကတော့ ရှိကြလေသည်။

လူယုံတော်များ ဆိုသော်လည်း သူဌေးကြီးနှင့် ဦးဒိဗ္ဗတို့ မရှိကြတော့သည့်အပြင် ယခင်ကြောက်ရွံ့ရသော လူယုံတော် ယက္ခကြီးတို့လည်း မရှိကြတော့သဖြင့် အချို့လည်း စိတ်ဖောက်ပြန်မှု ရှိကြလေသည်။

ရွှေငွေကျောက်မျက်ရတနာ မြောက်များစွာရှိမှန်း သိထားပြီး ချောမောလှပသည့် မိန်းမပျိုတစ်ယောက်တည်း ရှိနေမှန်း သိသောအခါ စိတ်မထိန်းနိုင်ဘဲ ကြံစည်သူကကြံစည်ကြ





လေသည်။

သို့သော်လည်း ထိုအကြံဖြင့် စံအိမ်တော်အတွင်း ဝင်သွားပါက ဘေးအန္တရာယ်ဆိုးများနှင့်တွေ့ကာ သေကျေပျက်စီးကြရလေသည်။

အိမ်ကြီးအတွင်းမှာ မြွေလေးနွယ် တစ်ယောက်တည်း ရှိသည်ဆိုငြားသော်လည်း မမြင်ရသော ဝိညာဉ်များကတော့ ရှိနေကြသည်။

သူဌေးကြီးဘောဂဗလ ဦးကြီးတော် ဦးဒိဗ္ဗ အပါအဝင် ယက္ခကြီးစသော အစေအပါးတို့၏ မကျွတ်လွတ်သော ဝိညာဉ်များက ရှိနေကြသည်။

မကောင်းသော အကြံအစည်ဖြင့် ဝင်ရောက်လာပါက ၎င်းတို့နှင့် တွေ့ကြရပြီး သတ်ဖြတ်ခြင်း ခံကြရခြင်း ဖြစ်ပေသည်။

နောက်ပိုင်းတော့ မြွေလေးနွယ်အား မကောင်းသော စိတ်ဖြင့် မည်သူမှ မကြံစည်ဝံ့ကြတော့ချေ။

တစ်ညမှာတော့ ခြံဝန်းအတွင်းသို့ လူတစ်ယောက် ဝင်လာလေသည်။ ၎င်းဝင်လာတာမြင်တော့ အစောင့်များက တားဆီးရန် ကြိုးစားကြသော်လည်း မည်သူမှ တားဆီး၍မရပေ။

အိမ်ထဲရောက်တော့လည်း အိမ်တွင်းမှာ ရှိနေကြသော ဝိညာဉ်များက မတားဆီးဝံ့ကြပြန်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် မြလေးနွယ်ရှိနေသော အခန်းရှိရာသို့ ရောက်လာလေသည်။

အခန်းတွင်းသို့ အိန္ဒြေမပျက် ဝင်လာသူကိုမြင်တော့ မြလေးနွယ်က မအံ့သြသည့်အပြင် ဝမ်းသာဝမ်းနည်း ဖြစ်သွားလေသည်။

အခြားသူ မဟုတ်ပေ။

မောင်ဒီပပင် ဖြစ်ပေတော့သည်။

"မိသားစုအားလုံးကို ဒီပလက်ချက်နဲ့ သေသွားကြပါပြီ၊ ဒီမှာတော့ ကျွန်မတစ်ယောက်ပဲ ကျန်ပါတော့တယ်၊ အခု ကျွန်မကိုသတ်ဖို့ လာတာလားဟင်"

"မြလေးအနေနဲ့ ကိုယ့်အပေါ်မှာ အထင်လွဲနေတာပါ၊ တကယ်တော့ သူတို့တတွေ သေကြရတာ ကိုယ့်ကြောင့်မဟုတ်ပါဘူး၊ သူတို့ပြုခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံတွေက ပြန်သတ်လို့ သေကြရတာပါ"

"အခုမှတော့ ကျွန်မလည်း ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့ပါဘူး၊ ကိုယ့်ရဲ့ကံကြမ္မာကြောင့်ပဲလို့ တွေးပြီး စိတ်ကိုဖြေမိပါတယ်၊ ကိုဒီပရဲ့ မိခင်ကြီးနဲ့ ဆွေမျိုးသားချင်းတွေ သေခဲ့ကြရတဲ့အတွက်တော့ ကျွန်မ တောင်းပန်ပါတယ်"

"ကိုယ်လည်း ကံကြမ္မာဝဋ်ကြွေးရှိလို့ ပေးဆပ်ရတာယ်လို့ပဲ ဖြေပါတယ်"

"အခုဆိုရင် ကိုဒီပတို့အပေါ်မှာ မကောင်းကြံစည်ခဲ့





တဲ့ သူတွေအားလုံး မရှိကြတော့ပါဘူး၊ ဒီကို ဘာအတွက် ရောက်လာတာလဲ"

"မြလေးကို နှုတ်ဆက်ဖို့ လာတာပါ"

"ဘယ်သွားမှာမို့လဲ"

"ဝဋ်ကြွေးကံကြွေးတွေဆိုတာ ချားရဟတ်လို လည်နေကြတယ်၊ မကောင်းမှုကံတွေက သံသရာတစ်လျှောက်လုံး လည်နေကြရတယ်၊ သူက ကိုယ့်အပေါ်မှာ မကောင်းမှုကံ ပြုခဲ့ရင် တစ်ချိန်မှာ ကိုယ်က သူ့အပေါ်မှာ မကောင်းမှု ပြန်ပြုရတတ်တယ်"

မြလေးနွယ်က သက်ပြင်းချလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ် ကိုယ်ပြုခဲ့တဲ့ကံတွေကတော့ ကိုယ်ပြန်ပြီး ခံရဖို့ ပြင်ရတော့မှာပါ၊ ကိုယ် ဟိမဝန္တာဘက်ကိုသွားပြီး ယောဂီဘဝနဲ့ပဲ နေတော့မယ်၊ ဒါကြောင့် မြလေးကို လာပြီး နှုတ်ဆက်တာပါ၊ မြလေးတို့ဘက်က ပြုခဲ့တဲ့ အပြစ်ကြွေးတွေကိုလည်း ခွင့်လွှတ်ပေးပါတယ်၊ ကိုယ့်အပေါ်မှာတင်နေတဲ့ အပြစ်ကြွေးတွေကိုလည်း မြလေးအနေနဲ့ ခွင့်လွှတ်ပေးပါ"

ဟုပြောဆိုပြီး အခန်းတွင်းမှ ပြန်ထွက်သွားလေတော့သည်။

နောက်တော့ ခြံဝန်းအတွင်းမှ အပြင်ဘက်သို့ တရွေ့ရွေ့ ပြန်ထွက်သွားသော ဖြူဖြူသဏ္ဍာန်ကို အပေါ်ထပ်မှ လှမ်း မြင်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြလေးနွယ်ကတော့ ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်တို့ကို သုတ်ဖယ်ကာ ဆိုးဝါးလှသော ဘဝတာအကြောင်းများကိုတွေးရင်း စိတ်မကောင်း ဖြစ်မိရုံမှလွဲပြီး အခြားမတတ်နိုင်တော့ပေ။

နောက်ပိုင်းတော့ မြလေးနွယ်လည်း အထီးကျန်ဘဝမျိုးဖြင့် လောက၌ မနေလိုတော့သဖြင့် မောင်ဒီပ စီရင်ထားသော ယန္တရားစက်များအတွင်းသို့ တိုးဝင်ပြီး ဘဝကို အဆုံးသတ်သွားလေတော့သည်။

နောက်ပိုင်းတော့ အစောင့်များလည်း ထိုမှာ ဆက်မနေဝံ့ကြတော့သဖြင့် နေရပ်သို့ ပြန်သွားရာ နေထိုင်မည့်သူ တစ်ဦး တစ်ယောက်မှ မရှိကြတော့ပေ။

နှစ်အတော်ကြာတော့ ခုတ်ထွင်ရှင်းလင်းထားသော သစ်ပင်သစ်တောများနှင့် ကိုင်းတောကြီးများက အိမ်ကြီးနှင့် ပတ်ဝန်းကျင်တစ်ဝိုက်သို့ ပြန်လည်ဖုံးအုပ်သွားခဲ့လေသည်။

တစ်ခါတစ်ရံ ကျွဲကျောင်း နွားကျောင်းရင်း ထိုနေရာတစ်ဝိုက်သို့ ရောက်သွားကြသူတို့မှာ ကိုင်းတောအတွင်း ရောက်သည်နှင့် အော်ဟစ်သံများ ကြားရပြီး ခြောက်လှန့်သဖြင့် ပြန်ပြေးကြသည်။

ဒုတ္တာဝတီ မြစ်အတွင်းမှ သွားလာနေကြသော လှေကြီးလှေငယ်တို့သည် ထိုနေရာတစ်ဝိုက်တွင် စခန်းချသောအခါ ဘောဂဗလစံအိမ်ကြီးသတင်း ကြားဖူးသဖြင့် အဖော်အပေါင်းနှင့်စုပြီး သွားကြည့်ကြဖူးသည်။





သူတို့သည် ခရီးဝေးမှ လာရောက်ကြသူများ ဖြစ်ကြသဖြင့် ထိုအိမ်ကြီးနှင့်ပတ်သက်သည့် နောက်ကြောင်းရာဇဝင်တို့ကို ကောင်းစွာမသိကြသဖြင့် အရဲစွန့်ကာ သွားကြခြင်း ဖြစ်ပေသည်။

သူတို့ တက်သွားသောအချိန်မှာ ညနေပိုင်းအချိန် ဖြစ်သည်ကတစ်ကြောင်း လမ်းမရှိသော ကိုင်းတောအတွင်း ခက်ခက်ခဲခဲသွားကြရသည်က တစ်ကြောင်းကြောင့် နေဝင်ခါနီးသာရော အချိန်ရောက်မှ အိမ်ကြီးရှိရာသို့ ရောက်သွားကြလေသည်။

ထိုနေရာရောက်တော့ လူမရှိဟု ကြားသိရသော အိမ်ကြီးမှာ မီးရောင်များ ထိန်လင်းနေပြီး ခြံဝန်းအတွင်းမှာလည်း လူအများသွားလာနေသည်ကို မြင်သဖြင့် များစွာ အံ့ဩသွားကြလေသည်။

"မင်းတို့ပြောတော့ ဘောဂဗလစံအိမ်ကြီးမှာ လူမရှိဘူးဆို၊ အခုတော့လည်း ဟိုမှာ မီးရောင်တွေလင်းပြီး လူတွေရှိနေပါလား"

"ဒီနေရာရောက်မှတော့ မထူးတော့ဘူး၊ အကျိုးအကြောင်းသိရအောင်သွားပြီး စုံစမ်းကြည့်ကြရအောင်"

ဟုပြောပြီး ခြံဝန်းရှိရာ သွားကြတော့ ခြံထဲမှာ ရှိနေသူများက ခြံထဲသို့ ဖိတ်ခေါ်ပြီး ကွမ်းဆေးလက်ဘက်စသော



www.burmeseclassic.com

www.burmeseclassic.com



အစားအသောက်တို့နှင့်ပင် ညှော်ခဲ့လိုက်သေးသည်။

အပြန်မှာတော့ ကိုင်းတောကြီးထဲမှ အသံများ ကြားရသဖြင့် ထိုနေရာဘက်မှ လှည့်သွားရာ ထိုနေရာရောက်တော့ သွေးသံရဲရဲဖြင့် သေဆုံးနေသော လူအချို့ကို တွေ့ရသဖြင့် ကြောက်လန့်တကြားဖြင့် လှေရှိရာသို့ ပြန်ဆင်းပြေးကြရပေသည်။

သူတို့ပြေးတော့မှ ကိုင်းတောအတွင်းမှ လိုက်လာသော ခြေသံများကို ကြားကြရသည်။

လှေဆိပ်ပြန်ရောက်ပြီး လှေပေါ်ပြန်ရောက်သောအခါတွင် ကမ်းစပ်သို့ ရောက်လာသော သရဲသဘက်များကို ဝိုးတဝါး လှမ်းမြင်ကြရသည်။ လှေရှိရာသို့ ဆင်းမလာကြသော်လည်း ကမ်းစပ်၌ရှိသော ကိုင်းတောကြီးများအတွင်း အမျိုးမျိုး ခြောက်လှန့်နေကြသဖြင့် မနေဝံ့တော့ပဲ လှေကြိုးဖြုတ်ပြီး ထွက်ပြေးကြရလေတော့သည်။

ထိုကဲ့သို့ပင် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာများနှင့် တွေ့ရသော အခြားအဖြစ်အပျက်များလည်း ရှိကြပေသေးသည်။

ထိုအဖြစ်အပျက်များထဲတွင် သဖန်းကုန်းရွာသားများ ကြုံတွေ့ကြရသော အဖြစ်အပျက်များကတော့ ထိုဒေသတွင် လူပြောအများဆုံး အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ပေသည်။

သဖန်းကုန်းရွာမှာ မြစ်ငယ်မြစ်ကမ်းရိုးအနီး၌ ရှိ





ဘောဂဗလ စံအိမ်ရှိရာသို့ လှေဖြင့်သွားပါက ရောက်နိုင်ကြပေသည်။

ထိုရွာမှာနေကြသော ဘိုးခင်နှင့် ငတေဆိုသော ထန်းရည်သမားနှစ်ယောက်တို့သည် ဆင်းရဲကြသည့်အပြင် အလုပ်အကိုင်လည်း လက်ကြောတင်းအောင် မလုပ်လိုကြသဖြင့် ထန်းရည်ပင် မှန်မှန်မသောက်ကြရပဲ ရှိကြလေသည်။

တစ်နေ့တော့ ထန်းရည်သောက်ရင်း နှစ်ယောက်သား တိုင်ပင်ကြသည်။

"ငါတို့နှစ်ယောက်လည်း ဆင်းရဲလိုက်ကြတာ ထန်းရည်တောင် မှန်မှန်မသောက်ကြရဘူး၊ အခုနေ ချမ်းသာဖို့ အခွင့်အလမ်းလေးများရှိရင် ဘာပဲဖြစ်ဖြစ် လုပ်လိုက်ချင်ပါတယ်"

ဟု ဘိုးခင်က ညီးညီးညူညူ ပြောလေသည်။

"မင်း တကယ်လုပ်ချင်တာလား၊ လုပ်ကော လုပ်ဝံ့ပါ့လား"

"ဘာလုပ်ရမှာလဲ"

"တခြားမဟုတ်ပါဘူးကွာ၊ ဘောဂဗလ စံအိမ်ကြီးရဲ့အောက်မှာ ရွှေငွေတွေ အများကြီး ရှိတာပဲ၊ သွားတူးကြရအောင်"

"ဖြစ်ပါ့မလား၊ အဲဒီနေရာတွေက သရဲကြမ်းတယ်ဆိုတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြမ်းတော့ ဘာဖြစ်သလဲ၊ လူကြမ်းရင် နတ်ကြမ်း တောင် မခံနိုင်ဘာ၊ သရဲလောက်တော့ ကြောက်စရာလား မင်းချမ်းသာချင်ရင်တော့ တခြားမစဉ်းစားနဲ့ အဲဒါတစ်ခုပဲ တယ်"

ငတောက ပြောသည်။

"မင်းတောင် သွားဝံ့တယ်ဆိုရင် ငါက ဘာကြောင့် မသွားဝံ့ရမှာလဲ၊ ဒါပေမယ့် ငါတို့ချည်းမသွားပဲ နောက်ထ အဖော်လေးဘာလေး ခေါ်သွားတာ ပိုကောင်းမယ်ထ တယ်"

ဟု ပြောဆိုတိုင်ပင်ပြီး နောက်ထပ် လူသုံးယောက် ပါ အဖော်ခေါ်ပြီး လှေတစ်စင်းနှင့် သွားကြလေသည်။

ဘောဂဗလ စံအိမ်ရှိရာသို့သွားသော လမ်းဟော ရှိသည့် ဆိပ်ကမ်းသို့ ရောက်ကြသောအခါ ညနေစောင်း ချိန် ရောက်နေကြပေပြီ။ ဆိပ်ကမ်းတစ်ဝိုက်မှာ ကိုင်းတော ကြီးများက နေရာယူထားလျက် ရှိနေသည်။

ထိုကိုင်းတောကြီးများမှာ ရှေးယခင်ကတည်းက နေပြီး လူသူမနေခဲ့သည်မှာ နှစ်ပေါင်းကြာပြီ ဖြစ်သောကြော ကြီးချင်တိုင်း ကြီးနေတော့သည်။ အဝေးမှ လှမ်းမျှော် ကြည့်လျှင်ပင် ကိုင်းတောကြီးများမှာ လေအဖိဉ် တအိ ရှိနေကြသည်။

ငတော၊ ဘိုးထင်နှင့် ဘိုးခင်တို့ ငါးယောက်သ





တုတ်၊ ဓား၊ လက်နက်၊ မီးတုတ်၊ မီးတိုင်များကိုယူ၍ ကမ်း ပေါ်တက်ကြလေသည်။

သူတို့စီးလာသောလှေကို ကိုင်းတောအတွင်းသို့ သွင်းကာ ဝှက်ထားခဲ့ကြလေသည်။

ကိုင်းတောကြီးမှာ လူ အရောက်အပေါက်မရှိပဲ နှစ် ပေါင်းများစွာ ကြာပြီဖြစ်သောကြောင့် ဆင်းလမ်းတက်လမ်း ပင် မရှိတော့ပေ။ ထို့ပြင် ကိုင်းပင်ကြီးများမှာ ကြံပင်ကြီး အဖွယ်ရှိပြီး လူတစ်ရပ်ကျော်ခန့်ပင် ရှိကြလေသည်။

အပြင်ဘက်မှာ အလင်းရောင် ရှိနေသော်လည်း ကိုင်းတောအတွင်းမှာတော့ မှောင်နေပေပြီ။

ထိုတောအတွင်းမှာ အလင်းရောင် မရှိသောအခါ ကြောက်စရာ အကောင်းဆုံးမှာ မြွေများနှင့် မြွေဆိုးများပင် ဖြစ်ကြသည်။ သူတို့အဖွဲ့တွင် ဓား၊ လှံ၊ ဂေါ်ပြား၊ တူရွင်း သည်တို့ ကိုယ်စီကိုယ်၌ ပါလာကြသော်လည်း ရေနံဆီ ထည့်ပြီးသုံးသော မီးအိမ်ကတော့ တစ်လုံးသာ ပါသော ကြောင့် ကိုင်းတောအတွင်းမှာ မီးမထွန်းပဲ မှန်းဆကာ သွား ကြလေသည်။

တစ်နေရာရောက်တော့ လူသံသူသံများ ကြားရသ ဖြင့် နားစွင့်လိုက်ကြသည်။

သူတို့ရောက်နေသော နေရာနှင့် မနီးမဝေးနေရာ၌ သူများရှိနေကြဟန်တူ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်းတောထဲမှာ လူသံတွေကြားရတယ်"

"ခရီးသွားတွေ ဖြစ်မယ်ထင်တယ်"

"ဘာပဲဖြစ်ဖြစ် အဲဒီဘက် အခြေအနေ သွားကြည့်ကြ ရအောင်"

ဟုပြောပြီး လျှောက်သွားကြသည်။

အသံသာ ကြားနေရအော်လည်း လူများမတွေ့ရ သေးဘဲ ကိုင်းတောအတွင်းမှာပင် မျက်စိလည်နေသကဲ့သို့ ဖြစ်နေကြသည်။

"ဘယ်လိုလည်းဟ၊ အသံတွေက နီးလာလိုက် ဝေး သွားလိုက်နဲ့ပါလား"

"မထူးဘူး၊ အသံပေးကြည့်လိုက်မယ်"

ဟု ပြောကာ ဘိုးခင်က အသံပေးလိုက်သည်။

"ဒီကိုင်းတောထဲမှာ လူရှိသလားဗျို့"

ရှင်းအော်သံက ကိုင်းတောအတွင်းမှာ ပဲ့တင်ထပ် သွားပြီး ကြားနေရသော အသံများပင် တိတ်သွားကြလေ သည်။

"ဒီကိုင်းတောထဲမှာ လူတွေ ရှိကြသလားဗို့"

နောက်တစ်ကြိမ် မေးတော့မှ ကိုင်းတောအတွင်းမှ တုံ့ပြန်သံ ကြားရလေသည်။

"ရှိတယ်ဗျို့ရှိတယ်၊ ဒီဘက်ကိုသာ လာကြပါ"

ဟုပြန်ပြောသဖြင့် တစ်ယောက်မျက်နှာတစ်ယောက်





ကြည့်လိုက်ကြပြီး ထိုနေရာဘက်သို့ သွားကြလေသည်။

ကိုင်းတောတစ်နေရာရောက်တော့ တဲနှစ်လုံးသုံးလုံး တွေ့ရပြီး လူများလည်း ရှိနေကြသည်။

တဲများမှာ ထွန်းထားသော မီးရောင်ကြောင့် အနီး တစ်ဝန်းကျင်သို့ပင် လင်းနေလေသည်။

သူတို့ရောက်သွားတော့ တဲတစ်လုံးအတွင်းမှ လူကြီး တစ်ယောက် ထွက်လာသည်။ ရှေးလူကြီးများ ဝတ်ဆင် သော အဝတ်အစားများကို ဝတ်ဆင်ထားကာ ကွမ်းတမြုံ့မြုံ့ ဝါးနေလေသည်။

"ခရီးသွားတွေမှတ်တယ်၊ ဘယ်သွားကြမှာလဲ"

"ဘောဂဗလစံအိမ် သွားကြဖို့ပါ"

"မဝေးတော့ပါဘူးကွယ်၊ ကွမ်းတစ်ရာညက်လောက် သွားရင် ရောက်ပါတယ်"

"ဒါထက် အဘတို့က ဒီမှာ နေကြတာလား"

"ဟုတ်ပါတယ်၊ ဒီမှာနေကြတာ အတော်ကြာလှပေါ့။ တဲ . . ကဲ . . မင်းတို့လည်း ခရီးပင်ပန်းလာကြပုံရတယ်၊ ဒီမှာ နားပြီး အေးအေးဆေးဆေး စားသောက်ပြီးမှ သွားလိုသပဆို ဆက်သွားကြပေါ့၊ ဒီမှာတော့ ငါတို့တွေ ဆွေမျိုးသားချင်း တွေချည်း နေကြတာဆိုတော့ ဘာမှ အားနာစရာ မရှိပါဘူး"

ဟုပြောပြီး ခေါ်သွားသဖြင့် လိုက်သွားကြသည်။ တဲ တစ်လုံး၏ တွပ်ပျစ်ပေါ်ရောက်တော့ ဝင်ထိုင်ကြစဉ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အစားအသောက်များ လာချကျွေးကြသည်။

ထိုအထဲတွင် ထန်းရေအိုးများလည်း ပါလာသဖြင့် ထန်းရည်ကြိုက်တတ်သူများချည်း ဖြစ်သောကြောင့် ထွေထွေ ထူးထူး စဉ်းစားမနေတော့ပဲ စားကြသောက်ကြလေသည်။

အဘိုးကြီးနှင့် အိမ်ပေါ်မှာ ရှိနေသူများကတော့ သူ တို့စားသောက်နေသည်ကို မနီးမဝေးမှာ ထိုင်ကြည့်နေကြ သည်။ အစားအသောက်များ လျော့သွားလျှင် အဘိုးကြီးက သတိပေးလျှင်' ချက်ချင်းလာဖြည့်ပေးကြလေသည်။

ဘိုးခင်တို့ လူစုမှာ ထန်းရည်သမားများ ဖြစ်ကြသဖြင့် ယခုကဲ့သို့ အစားကောင်း အသောက်ကောင်းများအဖြင့် ထန်းရည်ကောင်းကောင်းပါ စိတ်ကြိုက်သောက်ကြရသော ကြောင့် အတော်ပင် မူးလာကြချေပြီ။

ကြည့်ရသော မြင်ကွင်းများပင် သိပ်မသဲကွဲတော့ပဲ ဝိုးတဝါးဖြစ်သည်။

"ဟဲ့ . . ဒီမှာ ဟင်းကုန်နေပြီ၊ ထပ်ဖြည့်ပေးကြဦးလေ"

"ထည့်မှာပါတော် ဒီမှာ အဆင်သင့်ပါပဲ"

မနီးမဝေးမှာ ထိုင်နေသော အဖွားကြီးက နေရာမှ ထလာခြင်းမဟုတ်ပဲ ထိုင်နေရာမှ လက်တံရှည်ကြီးတစ်ဖက် ထွက်လာပြီး လိုသောဟင်းများ ဖြည့်ပေးလေသည်။

ထန်းရည်မူး အနည်းငယ် ပြေလာတော့မှ ၎င်းတို့ စားသောက်နေသော အစားအသောက်များကို အသေ





အချာ တွေ့ရလေတော့သည်။

၎င်းတို့စားသောက်နေသည့် ထမင်းများမှာ လောက် ကောင်များ တဖွားဖွားထနေပြီး ဟင်းများလည်း အသားပုတ်၊ ငါးပုတ်များသာ ဖြစ်သည်။

ခေါင်းမဖော်တမ်းသောက်နေသော ထန်းရေမှာ လည်း သွေးပုတ်ရေများဖြစ်နေသည်ကို သတိပြုမိကြသည်။ ထိုသို့သတိပြုမိတော့ အပုတ်နံ့များက မခံနိုင်အောင် ဖြစ်လာ ကြသည်။

ထိုအခြေအနေကိုမြင်တော့ ပတ်ဝန်းကျင်မှာ ထိုင် နေသော လူများကို လှည့်ကြည့်လိုက်ရာ မနီးမဝေးမှာ ထိုင် နေသော အဘိုးကြီးမှာ အမွေးစုတ်ဖွားနှင့် သဘက်ကြီးတစ် ကောင် ဖြစ်နေသည်ကို တွေ့ရတော့မှ ထိတ်လန့်သွားကြ လေသည်။

"ဘယ့်နှယ်ဟာတွေလည်း လုပ်ပါဦး"

ထိုသို့ပြောပြီး နေရာမှထရန် ကြိုးစားသောအခါ၊ အနားမှာရှိသော သရဲသဘက်များက ဝိုင်းလာကြလေတော့ သည်။

"ဟား . . ဟား . . ဟား . . ဟီး . . ဟီး . . ဟီး"

ဟူသော ရယ်သံများနှင့်အတူ ခြေကားရား လက် ကားရားနှင့် အနားသို့လာကြရာ လူငါးယောက်မှာ အသက် ဘေးအန္တရာယ်မှ လွတ်စေရန် ခြေဦးတည့်ရာ ပြေးကြရလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ညအချိန်မတော် ကိုင်းတောကြီးအတွင်းမှ ဖြတ်ပြေးကြရသဖြင့် ဆိပ်ကမ်းသို့ပင် ပြန်မရောက်နိုင်ကြတော့ပေ။

ထိုအချိန်မှစပြီး သဖန်းကုန်းရွာမှာ ဘိုးခင်တို့ လူစုမှာ ရွာသို့ ပြန်မရောက်နိုင်ကြတော့ပေ။







# နှစ်ပေါင်း(၄၀၀)က အဖြစ်ဆိုးများ

ထိုကဲ့သို့သော အန္တရာယ်များနှင့် ကြုံတွေ့ရပြီး သေကြေပျက်စီးမှုများရှိသော်လည်း မသိသေးသူများကတော့ ဘောဂဗလ စံအိမ်ကြီးမှ ရွှေငွေရတနာများကို ရှာဖွေသူရန် ကြိုးစားကြလေသည်။

နောက်ထပ် ကြိုးစားသောအဖွဲ့မှာ ဆီမီးခုံရွာမှ သာဇံတို့ ဖြစ်ကြသည်။ ၎င်းတို့သည် စုစုပေါင်း သုံးယောက်ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အတော်အတန် သတ္တိကောင်းသူများ ဖြစ်ကြသည်။

ရင်းတို့ကတော့ နေ့လည်ဘက်အချိန်တွင် ကိုင်းတော ကြီးအတွင်းမှ ဖြတ်ကျော်သွားကြသဖြင့် ကိုင်းတောထဲမှာ ဘယ်လိုအန္တရာယ်မှ မတွေ့ရဘဲ အပြင်ဘက်သို့ ရောက်သွား ကြလေသည်။

သို့သော်လည်း ကိုင်းတောအတွင်းမှာ လမ်းပျောက် နေသောကြောင့် နေဝင်ချိန်နီးတော့မှ အပြင်ဘက်သို့ ရောက် သွားကြခြင်း ဖြစ်သည်။

ခေါင်းဆောင်လာသော ဘဇံမှာ အသက်(၃၀)ကျော် ခန့်ပင် ရှိသေးပြီး လူဆိုးလူမိုက်တစ်ဦးဖြစ်သည်။

သူသည် သိုက်တူးဖော်သော အောက်လမ်းသိုက် ဆရာတစ်ယောက်ထံတွင် နှစ်အတော်ကြာအောင် တပည့်ခံ ကာ လိုက်ခဲ့ဖူးသူတစ်ယောက် ဖြစ်သဖြင့် ပရလောကသား များနှင့် ပတ်သက်၍ အတွေ့အကြုံများသူလည်း ဖြစ်သည်။

သို့ကြောင့် အဖော်ပါလာသော တပည့်နှစ်ယောက် ကိုလည်း မကြောက်ရွံ့စေရန် အားပေးစကား ပြောထား သည်။

"မင်းတို့ ချမ်းသာချင်ရင် ဘာမှမကြောက်ကြနဲ့၊ သိုက် တူးရင် ပရလောကသားတွေနဲ့တော့ တွေ့ရမှာပဲ၊ ပရလော ကသားတွေမှာ ကြောက်စရာကောင်းတဲ့ ဩဠာရိက ရုပ် ကြမ်းနဲ့ နှစ်သက်စရာကောင်းတဲ့ သုခုမရုပ်လို့ခေါ်တဲ့ ရုပ်မျိုး





ပဲရှိတယ်၊ ဩဠာရိက ရုပ်ကြမ်းကတော့ တစ္ဆေ၊ သရဲ၊ ဘုတ်၊ ဘီလူးဆိုတဲ့ သိုက်စောင့်တွေပေါ့ကွာ"

ကျန်နှစ်ယောက်က ခေါင်းညိတ်ပြသည်။

"သုခုမရုပ်ကရော ဘယ်လိုမျိုးလဲ"

"ဇောတိခန္ဓာလို့ခေါ်တဲ့ ရုပ်နုတွေကတော့ လှပချော မောတဲ့ မိန်းကလေးတွေ ဥစ္စာစောင့်တွေပေါ့ကွာ၊ ဆရာအ တော်များများဟာ ဩဠာရိက ရုပ်ကြမ်းတွေနဲ့တွေ့ရင် ခံနိုင် ကြပေမယ့် သုခုမလို့ခေါ်တဲ့ ရုပ်နုတွေ၊ လှပချောမောတဲ့ ရုပ်နု တွေနဲ့တွေ့ရင် စိတ်မခိုင်ကြလို့ ဒုက္ခရောက်ကြတာများတယ်"

ဟု ဘဇံက သူသိသမျှ ပြောပြလေသည်။

သူတို့သုံးယောက်သည် ကိုင်းတောအစပ်မှာရပ်ကာ အိမ်ကြီး၏ အခြေအနေကို ကြည့်နေကြလေသည်။ ထိုအချိန် တွင် အမှောင်ရိပ်များက တစ်စတစ်စ ဖုံးလွှမ်းလာလေပြီ။

ဘောဂဗလ စံအိမ်ကြီးမှာ တစ်ချိန်က တင့်တယ်ခမ်း နားစွာ ရှိခဲ့သော်လည်း နှစ်ပေါင်းများစွာ ပြုပြင်မည့်သူ နေမည့်သူမရှိပဲ ထားခဲ့သောကြောင့် ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းလျက် ရှိနေသည်။

ဘဇံတို့ သုံးယောက်မှာ အိမ်ကြီးရှိရာသို့ ချက်ချင်းမ သွားကြသေးပဲ အကဲခတ် ကြည့်နေကြသည်။ ဘောဂဗလ စံအိမ်ကြီး၏ ကြမ်းပုံကို ကြားတန်သလောက် ကြားထားပြီး ဖြစ်၍ အရမ်းမဝင့်ဝံ့ကြသေးပဲ အခြေအနေကို စောင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေကြခြင်း ဖြစ်သည်။

ထိုအခိုက်မှာပင် ခြံဝင်းတစ်နေရာမှ အသက်အရွယ်ကြီးသော အဘိုးအိုတစ်ဦး ထွက်လာသဖြင့် သုံးယောက်သားကိုင်းတောအတွင်းသို့ ဝင်နေကြရသည်။

အဘိုးကြီးက ဘယ်ကိုမှ မကြည့်ဘဲ အိမ်ကြီး အပေါ်ထပ်သို့ ရောက်သောအခါ ဝရန်တာသို့ ထွက်လာသည်။

"အဘသာဇံ အဘိုးကြီး တစ်ယောက်ပါလား"

တပည့်တစ်ယောက်က ပြောသဖြင့် ဘဇံက တိတ်တိတ်နေရန် လက်ကာပြလိုက်သည်။ ဝရန်တာသို့ရောက်လာသော အဘိုးကြီးမှာ အောက်ဘက်သို့ တစ်ချက်ငုံ့ကြည့်လိုက်ပြီးနောက် ဝရန်တာ လက်ရန်းပေါ်သို့ တက်ကာ အောက်သို့ခုန်ချလိုက်လေသည်။

"ဟာ. ."

"ဟိုမှာ အဘိုးကြီး ခုန်ချသွားပြီ"

မြေပြင်ပေါ်သို့ ရောက်သွားသော အဘိုးကြီးမှာ ခွေခွေကလေး လဲကျနေလေသည်။

"ဒီလောက် အမြင့်ကြီးက ခုန်ချမှတော့ သေပြီ ထင်တယ်"

"တော်တော်မိုက်တာပဲ"

ဟု အချင်းချင်း တိုးတိုးတိတ်တိတ် ပြောနေကြစဉ်မှာပင် မြေပေါ်မှာ ခွေခွေကလေး လဲကျနေသော အဘိုးကြီးက





ပြန်ထလာသည်။

"ဟင်. ."

"ဟိုမှာ အဘိုးကြီး ပြန်ထလာပြီ"

သူတို့သုံးယောက်စလုံး တအံ့တဩ ဖြစ်နေကြစဉ်အဘိုးကြီးက သူ့ကိုယ်၌ ကပ်ငြိနေသော ဖုန်များကို ခါထုတ်လိုက်ပြီး ဘာမှမဖြစ်သလို အမူအယာနှင့် အိမ်ပေါ်သို့ ပြန်တက်သွားသည်။

ဝရန်တာသို့ ရောက်သောအခါ အပေါ်ထပ်မှ ခုန်ချလိုက်ပြန်သည်။

"ခုန်ချပြန်ပဟ"

မြေပေါ်သို့ရောက်ပြီး ခွေခွေကလေး ငြိမ်နေပြန်သည်။ ခဏကြာတော့ ပြန်ကုန်းထလာပြန်ကာ အိမ်အပေါ်ထပ်သို့ တက်သွားပြန်သည်။

ဤသို့ သုံးလေးကြိမ် ပြုလုပ်ပြီးနောက် နေရာမှပြန်ထကာ ဘဇံတို့ ပုန်းနေသော တောဘက်သို့လှည့်ပြီး တစ်ချက်ရယ်ပြလိုက်ပြီးမှ အမှောင်ထဲသို့ ပြန်ဝင်သွားလေသည်။

"ဆရာဘဇံ အဘိုးကြီးမျက်နှာက ကြောက်ဖို့ကောင်းလိုက်တာ၊ ကျုပ်တို့ ရောက်နေတာကို သူသိနေသလိုပဲ"

"ဟုတ်တယ် ဆရာဘဇံ ဒီနေရာက သတင်းကြားတဲ့အတိုင်း အတော်ကြောက်ဖို့ကောင်းတဲ့ နေရာပဲ၊ ကျုပ်တို့မလိုက်ဝံ့တော့ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အဖော်နှစ်ယောက်က ပြောလိုက်ရာ ဘဇံမှာ ဒေါသထွက်သော အမူအယာဖြင့်. . .

"မင်းတို့ကို သစ္စာခံခိုင်းပြီးမှ ခေါ်လာခဲ့တာ၊ ဒီရောက်ကာမှ သစ္စာဖောက်ရင်တော့ သရဲခြောက်လို့ အသက်သေမှာမဟုတ်ဘူး၊ ငါ စိတ်မရှည်လို့ ဓါးနဲ့ခုတ်သတ်မှ ချက်ချင်းသေကြမယ်"

ဟု ကြိမ်းမောင်းပြောဆိုရာ အဖော်နှစ်ယောက်မှာ ဘဇံကိုကြောက်ရွံ့ကြသဖြင့် မလှုပ်ဝံ့ကြတော့ပေ။

ထိုသို့ရှိနေရင်းမှ အချိန်ကလည်း ညဦးပိုင်း အချိန်သို့ ရောက်လာပြီဖြစ်ရာ အမှောင်ရိပ်များက ဖုံးလွှမ်းလာလေတော့သည်။

ထိုအချိန်တွင် အိမ်ကြီး၏ အပေါ်ထပ် အခန်းတစ်ခုမှ တံခါးတစ်ချပ် ပွင့်လာပြီး အတွင်းမှ မီးရောင်မှုန်ပျပျ ထွက်လာသည်။ ထိုပြတင်းပေါက်မှာ လေသာပြတင်းဖြစ်ပြီး ဝရန်တာဘက်တွင် ရှိလေသည်။

ခဏကြာတော့ ထိုပြူတင်းပေါက်ဝသို့ အမျိုးသမီးတစ်ယောက်က ရပ်ပြလေသည်။ ထိုအမျိုးသမီးမှာ အသက်နှစ်ဆယ်ကျော် ဝန်းကျင်ခန့်ရှိကာ ဆံပင်ကို ဖားလျားချထားပြီး အဝေးသို့ လှမ်းမျှော်ကြည့်နေလေသည်။

သူတို့ရောက်နေသော နေရာနှင့် အတန်ငယ် ဝေးသောကြောင့် အမျိုးသမီး၏ မျက်နှာကို မမြင်ရသော်လည်း





သူမသည် တစ်စုံတစ်ယောက်ကို စောင့်မျှော်နေသည့် အမူအယာမျိုး ဖြစ်သည်ကိုတော့ ခန့်မှန်းနိုင်သည်။

"ဆရာဘဇံ ဟိုမှာ မိန်းမတစ်ယောက် ရပ်နေတာ မြင်လား"

"အေး. . မြင်တယ်လေ"

"အဲဒါ ဥစ္စာစောင့်မ ဖြစ်မယ်ထင်တယ်"

"ဥစ္စာစောင်မသော ဘာသော ဘာမှဂရုမစိုက်ဘူး၊ ဒီညတော့ ငါလိုချင်တဲ့ ဥစ္စာပစ္စည်းတွေ မရရအောင် ဝင်ရှာရမှာပဲ"

ဟု ပြောဆိုကာ အိမ်ကြီးအတွင်းသို့ဝင်ဖို့ ပြင်ဆင်လေသည်။

အဖော်နှစ်ယောက်မှာ မလိုက်လိုကြသော်လည်း ဘဇံကို ကြောက်ရွံ့သည်တစ်ကြောင်း အမှောင်ထဲမှာ မနေဝံ့သည်က တစ်ကြောင်းတို့ကြောင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် နောက်မှလိုက်သွားကြလေသည်။

သူတို့ အိမ်ပေါက်ဝရောက်သောအခါ အပေါ်ထပ်မှ လျှောက်လာသော ခြေသံကြားရသဖြင့် မော့ကြည့်လိုက်သောအခါ လှေကားထိပ်၌ အမျိုးသမီးတစ်ယောက် ရပ်နေသည်ကို လှမ်းမြင်ရသည်။

ဘဇံတို့က ဓားများကို အဆင်သင့်ကိုင်ကာ အတွင်းသို့ ဝင်သွားသောအခါ ထိုအမျိုးသမီးက နောက်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်ဝင်သွားလေသည်။

ဘဇံတို့ လှေကားအတိုင်း တက်လိုက်သွားပြီး အ ပေါ်ထပ်သို့ ရောက်သောအခါ ထိုမိန်းကလေးကို မတွေ့ရ တော့ပေ။ မီးတုတ်များကိုကိုင်ပြီး တစ်ခန်းဝင် တစ်ခန်းထွက် လိုက်လံရှာဖွေသော်လည်း မတွေ့ရပေ။

အတန်ကြာတော့ အိမ်ကြီးအောက်ဘက်မှ အသံ ကြားရသဖြင့် ငုံ့ကြည့်သောအခါ ထိုအမျိုးသမီးကို အောက် ထပ်၌ ရပ်နေသည်ကို တွေ့ရပြန်သည်။ ထို့ကြောင့် လှေကား မှ အောက်ကိုဆင်းကာ လိုက်ရှာကြပြန်လေသည်။ သို့စေကာ မူ ထိုမိန်းကလေးမှာ ပျောက်ချင်းမလှ ပျောက်နေပြန်သည်။

"ဆရာဘဇံ၊ ဥစ္စာစောင့်မက ကျုပ်တို့ကို လှည့်စားနေ တာ ဖြစ်မယ်ဗျ၊ ပြန်ကြရအောင်ဗျာ"

"နေစမ်းပါကွာ၊ အိမ်ကြီးထဲတောင် ရောက်နေပြီးမှ ဒီအတိုင်း မပြန်နိုင်ပါဘူး၊ ငါလိုချင်တာ ရမှပြန်မယ်"

ဟု ပြောနေစဉ် သူတို့နောက်ဘက်မှ ခြေသံကြားရသ ဖြင့် လှည့်ကြည့်လိုက်သောအခါ အခန်းပေါက်ဝတစ်ခု၌ ရပ် နေသော အမျိုးသမီးကို တွေ့ကြရသည်။

အမျိုးသမီးက အသက်နှစ်ဆယ်ကျော် အရွယ်ခန့်ရှိ ကာ ချောမောလှပသူ ဖြစ်သည်။ ရှည်လျားသော ဆံပင် များက ကျောဖက်သို့ ဖြန့်ချထားကာ ရှေးခေတ် အဝတ် အစားများကို ဝတ်ဆင်ထားလေသည်။





အမျိုးသမီးက အခန်းထောင့် တစ်နေရာသို့ လက် ညှိုးထိုးပြပြီးနောက် အခန်းထဲသို့ ပြန်ဝင်သွားကာ တံခါးကို ပိတ်လိုက်လေတော့သည်။

ဘဇံတို့လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အမျိုးသမီး ညွှန်ပြသွားသောနေရာသို့ သွားကြည့်ကြလေရာ သို့ဝှက်တံခါးတစ်ချပ်ကို တွေ့သဖြင့် ဆွဲဖွင့်ကြလေသည်။

တံခါးပွင့်သွားသောအခါ အောက်ဖက်သို့ဆင်းသော လှေခါးထစ်များကို တွေ့ရသဖြင့် မီးတုတ်များကို ကိုင်ကာ အောက်သို့ ဆင်းသွားကြလေသည်။

မြေအောက်ခန်းသို့ ရောက်သောအခါ ပိတ်ထား သော တံခါးတစ်ချပ်ကို တွေ့ရသဖြင့် ဘဇံက စိတ်မြန်လက် မြန်နှင့် ဆွဲဖွင့်လိုက်လေသည်။

တံခါးပွင့်သွားသောအခါ ဦးစွာရပ်ပျက်ဆင်းပျက် သေဆုံးနေသော အလောင်းတစ်လောင်းက ဘဇံအပေါ်သို့ လဲကျလာသည်။ ဘဇံက ထိုအလောင်းကို ကြောက်လန့်တ ကြား ဖမ်းဆုပ်နေစဉ်မှာပင် ဝိုးတဝါး အရိပ်တစ်ချက် သူ့အနီး သို့ ရောက်လာသည်။

ဘဇံက အခန့်တကြား ထရပ်လိုက်စဉ်မှာပင် အရိပ် သဏ္ဌာန်၏လက်ထဲမှ အရာဝတ္ထုတစ်ခုက လက်ခနဲ ဖြစ်သွား တာ ဘဇံမှာ ကြောက်လန့်တကြား အော်ဟစ်ကာ လဲကျသွား လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အဖော်ပါလာသော နှစ်ယောက်လည်း နောက်ကြောင်းသို့ ပြန်လှည့်ပြေးကြလေသည်။

*ထိုကဲ့သို့ပင် ဘောဂဗလ စံအိမ်ကြီးတွင် သူဌေးကြီး* ဘောဂဗလအပါအဝင် နေထိုင်မည့်သူ စောင့်ရှောက်ပေးမည့်သူ တစ်ဦးတစ်ယောက်မှ မရှိကြတော့စေကာမူ အန္တရာယ်များကတော့ ရှိနေဆဲပင်ဖြစ်၏။

စက္ကောမပညာရှင် မောင်ဒီပ တပ်ဆင်ထားသော စက် ယန္တယားထောင်ချောက်များကြောင့် သော်လည်းကောင်း၊ ထိုအိမ်ကြီးတည်ဆောက်ရန် ပြင်ဆင်ချိန်ကပင် စတင်ခဲ့ပြီး နောက်ပိုင်းအချိန်ကာလ ရောက်သည်အထိ တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားခဲ့ကြသူတို့၏ မကျွတ်မလွတ်သေးသော ဝိညာဉ်များက ထိုနေရာတစ်ဝိုက်မှာ ရှိနေကြသည်။

ကိုင်းတောကြီး အတွင်းမှ အုတ်ဖိုဟောင်းကြီးများရှိသော နေရာတစ်ဝိုက်မှာသော်လည်းကောင်း၊ စက္ကောမပညာရှင် မောင်ဒီပ၏ မိခင်နှင့် ဆွေမျိုးသားချင်းများ အစုလိုက် အပုံလိုက် အသတ်ခံရသော ကိုင်းတောကြီးအတွင်း၌ သော်လည်းကောင်း၊ ဘောဂဗလ စံအိမ်ကြီးတစ်ဝိုက်မှာသော်လည်းကောင်း ဝိညာဉ်များက ရှိနေကြသည်။

ထိုဝိညာဉ်များ လက်ချက်ကြောင့် သော်လည်းကောင်း၊ ရွှေငွေရတနာ ရှာဖွေသူတို့ သေကြေပျက်စီးခဲ့ကြရ





လေသည်။

ထိုအဖြစ်အပျက်များက အင်းဝနေပြည်တော်ကြီး ကောင်းစားစဉ် သက္ကရာဇ်(၈၈၀)ခုနှစ် ပတ်ဝန်းကျင်လောက်တုန်းက ဖြစ်ခဲ့သော အဖြစ်အပျက်များပင် ဖြစ်ပေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ကြပြီး နှစ်ပေါင်း လေးရာခန့် ကြာသောအခါ (မြန်မာ-၁၂၈၀)ခုနှစ် (ခရစ်-၁၉၁၉)သို့ ရောက်ရှိလာခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







# ဦးမန်ကောင်းနှင့် ဗားမဲ့မှတ်တမ်းများ

အချိန်ကာလမှာ ၁၉၁၉ခု ဇန်နဝါရီလ (သက္ကရာဇ် ၁၂၈၀-ခုနှစ် ပြာသိုလတန်း ၁၁-ရက် စနေနေ့) (၁၁)ရက်နေ့ မင်း ဖြစ်ပေသည်။

ထိုနေ့တွင် မန္တ /ဘက်မှ တံတားဦးသို့ ရောက်ရှိသော မီးရထားပေါ်မှာ အသက်ချင်း မတိမ်းမယိမ်းရှိသော လူရွယ်နှစ်ဦး လိုက်ပါလာကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးက ဒေါက်တာမင်းထင်ကျော် ဖြစ်ပြီး ကျန်တစ်ယောက်က ၎င်းနှင့် ခရီးသွားဖော်ဖြစ်သည့် ကျော်စွာတို့ပင် ဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော်က အသက်(၃၀)ဝန်းကျင် အရွယ်ခန့် ရှိသေးပြီး ယောကျ်ားပီသသော ဥပမိရုပ်ရှိသူဖြစ်သည်။

ရှပ်အင်္ကျီအဖြူ ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ထားပြီး အပေါ်မှ အညိုရောင် ဂျာကင်တစ်ထည်ကို ထပ်ဝတ်ထားသည်။ ဦးခေါင်းပေါ်တွင် သက္ကလပ်ဦးထုပ်ကို ဆောင်းထားပြီး နေကာမျက်မှန်တစ်လက် တပ်ဆင်ထားသည်။

လည်ပင်းမှာလည်း မာဖလာတစ်ထည် ပတ်ထားသည်။ ကျော်စွာကလည်း ရှပ်အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ထားပြီး ခရီးဆောင်အိတ်ကို နံဘေးမှာ ချထားလေသည်။

၎င်းက မန္တလေးမှဝယ်လာသော ဂျာနယ်တို့ကို ဖတ်နေရာမှ ဒေါက်တာမင်းထင်ကျော်ကို ကြည့်ရင်း မေးလိုက်သည်။

"ဆရာကြီး ဦးဗန်ကောင်းက ဘယ်မှာရောက်နေတာလဲ ဆရာ"

"အင်းဝမြို့ဟောင်းမှာ ရောက်နေတယ်လေ"

"ဘယ်လောက်ကြာပြီတဲ့လဲ"





"အတော်ကလေးတောင် ကြာပြီထင်ပါတယ်၊ အင်းဝမြို့ဟောင်းမှာ ဘားမဲ့ဆရာတော်ကြီးနဲ့ ပတ်သက်တာတွေ အများကြီးကျန်ခဲ့တော့ အဲဒါတွေကို ရှာဖွေလေ့လာဖို့ရောက်နေတာ ဖြစ်မှာပေါ့"

"သူက ဂမ္ဘီရနဲ့ သက်ဆိုင်တာတွေတော့ အတော်ကလေး နှံ့စပ်ကျွမ်းကျင်မှုရှိတယ်၊ အပင်ပန်းခံပြီးလည်း ရှာဖွေနိုင်တယ်၊ ထွက်ရပ်ပေါက်လမ်းစဉ်သွားချင်လို့ ကြိုးစားနေတာ ဖြစ်မယ်"

ဒေါက်တာမင်းထင်ကျော်ရော ကျော်စွာပါ ဦးဗန်ကောင်းကို ခင်မင်ရင်းနှီးကြကာ တစ်ယောက်အကြောင်း တစ်ယောက်သိကြသူများ ဖြစ်ကြလေသည်။

"ဒါလည်း ပါမှာပေါ့လေ၊ ဒါပေမယ့် ဦးဗန်ကောင်းရဲ့ သဘောဆန္ဒက သူတတ်တဲ့ ပညာတွေကို သူ့အတွက် အသုံးချတာထက် အများအတွက် အကူအညီပေးချင်တာက အဓိက ဖြစ်ပုံရတယ်"

ဟုပြောတော့ ကျော်စွာက လက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြသည်။

မန္တလေးဘူတာမှ ထွက်လာသော ရထားကြီးကတော့ လယ်ကွင်းများ၊ သစ်ပင်သစ်တောများ၊ ရွာများကို ဖြတ်ကျော်တာ မှန်မှန်ပင် ခုတ်မောင်းနေလျက် ရှိသည်။

တန်ဆောင်မုန်းလ ကျော်ကတည်းက ဆောင်းရာသီ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာပြီ ဖြစ်သောကြောင့် နှင်းကြွင်းနှင်းကျန်တို့က နေရာအနှံ့တွင် ရှိနေကြသေးသည်။

လယ်ကွင်းများကို ဖြတ်သန်းတိုက်ခတ်လာသော ဆောင်းလေမှာပင် အအေးဓါတ်နှင့် ဆောင်း၏ အငွေ့အသက်များ ပါလာကြလေသည်။

တံတားဦး ဘူတာရောက်တော့ ဆင်းကြပြီး၊ ဦးဗန်ကောင်းနေသည်ဆိုသော အလှဲ့ဘာအရပ်သို့ မေးမြန်းပြီး သွားကြလေသည်။

ငင်းတို့ရောက်သွားသော အချိန်မှာပင် ဦးဗန်ကောင်းနေသောအိမ်တွင် အဆင်သင့်ပင် တွေ့ရလေသည်။

ဦးဗန်ကောင်းကတော့ ၎င်း၏ မိတ်ဆွေဟောင်းများ ရောက်လာသောကြောင့် ဝမ်းသာသွားဟန်ရှိပြီး နေရာထိုင်ခင်းများပေးသည်။

၎င်းသည် အသက်(၅၀)ကျော် အရွယ်ခန့်ရှိပြီး အသားညိုညို ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်သည့်အပြင် ကတုံးပြောင်အောင် တုံးထားလေသည်။

ပုဆိုးနှင့် အင်္ကျီတို့မှာ အညိုရောင်ဖြစ်ပြီး လည်ပင်း၌ ပုတီးကြီးတစ်ကုံး ဆွဲထားသေးသည်။

"ကျုပ်ရေးလိုက်တဲ့စာ ရရဲ့မဟုတ်လား"

သုံးယောက်သား မျက်နှာချင်းဆိုင်လိုက်ပြီး လက်ဘက်ရည်သောက်ရင်းနှင့် ဦးဗန်ကောင်းက မေးလိုက်သည်။





"ရပါတယ်၊ ဒါကြောင့် ချက်ချင်းလာကြတာပေါ့၊ ဒီအိမ်ကရော ဘယ်သူ့အိမ်လဲ"

"မိတ်ဆွေတစ်ယောက်က နေဖို့ပေးထားတာပါ၊ မောင်ထင်ကျော်တို့လည်း လွတ်လွတ်လပ်လပ် နေလို့ရပါတယ်၊ တစ်ယောက်တည်းနေတယ်ဆိုပေမယ့် ပစ္စည်းတွေကတော့ ရှုပ်ပွနေတာပဲ"

အိမ်ပေါ်မှာတော့ ဆေးဖော်ရာတွင် အသုံးပြုသော ပစ္စည်းများ၊ ဖိုထိုးသောနေရာနှင့် အင်္ဂရုတ်ထိုးသော ပစ္စည်းများဖြင့် ရှုတ်ထွေးနေသည်ကို မြင်သဖြင့် ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ပုဂံကောင်းစားစဉ်က အင်္ဂရုတ်ထိုးတဲ့ ရှင်မထီးကို ရှင်ဘုရင်က ဘဏ္ဍာတိုက်က ရွှေတွေ အသုံးပြုခွင့် ပေးခဲ့သလို ဒီအိမ်ရှင်ကလည်း ဦးဗန်ကောင်း အင်္ဂရုတ်နဲ့ အောင်မြင်ရင် ကူညီပေးဖို့ ဒီအိမ်ကိုပေးထားတာ ဖြစ်မယ်ထင်တယ်"

ထိုစကားကြားတော့ ဦးဗန်ကောင်းမှာ ကွမ်းသွေးတက်နေသော သွားများပေါ်သည်အထိ ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

"ဒါတင် ဘယ်ကပါ့မလဲ၊ သူတို့အိမ်က မဝေးလှတော့ တမင်တောင် ပို့ပေးသေးတယ်"

"တယ်လည်း ဟန်ကျပါလား၊ ဒီနေရာရောက်တော့ လိုချင်တာတွေရော ရပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းဝကိုလာတာ တခြားမဟုတ်ဘူး မောင်ထင်ကျော်ရဲ့ ဗားမဲ့ဆရာတော်ကြီး ထားခဲ့တဲ့ ပညာအမွေအနှစ်တွေ လိုချင်လို့ ဆိုပါတော့၊ အင်းဝက ဗားမဲ့ဆရာတော်ကြီးရဲ့ ဇာတိရနဲ့ပတ်သက်တဲ့ အောင်မြေပဲလေ"

ဦးဗန်ကောင်းက လက်ဘက်ရည်ကြမ်းတစ်ခွက်ကို သောက်ရင်း ပြောပြသည်။

"အင်းဝဟာ မြန်မာရာဇဝင်မှာ ထင်ရှားခဲ့တဲ့ မြို့တော်ဟောင်းဖြစ်ခဲ့သလို မြို့တော်လေးကြိမ်အထိ ဖြစ်ခဲ့တယ်၊ ဒီလိုပဲ ဗားလေးပါးအမည်နဲ့ ဆရာတော်တွေလည်း ထင်ရှားပေါ်ပေါက်ခဲ့တဲ့ ထူးခြားတဲ့ နေရာတစ်ခုပဲ"

"မှန်ပါတယ်"

"ဝိဇ္ဇာလောကမှာ ထင်ရှားတဲ့ ဗား(၉)ပါးရှိတယ်၊ ဗားမဲ့၊ ဗားထီ၊ ဗားမြိုက်၊ ဗားတမော့၊ ဗားကရာ၊ ဗားတွဲ၊ ဗားနိုင်း၊ ဗားထော်၊ ဗားနိုက်ဆိုပြီး ဗားကိုးပါးရှိတဲ့အနက်က ဗားလေးဗားလို့ခေါ်တဲ့ ဗားမြိုက်၊ ဗားတမွတ်၊ ဗားတမော့နဲ့ ဗားမဲ့ဆရာတော် လေးပါးကိုသာ အသိများကြတယ်"

"ဟုတ်ကဲ့"

ထို့နောက် ဦးဗန်ကောင်းက ဝိဇ္ဇာလောက၌ ထင်ရှားသော ဗားမဲ့ဆရာတော်အကြောင်းကို အတိုချုပ်ကာ ပြောပြလေသည်။

ဗားမဲ့ဆရာတော်ကို ရခိုင်နယ်စပ် ဗားမဲ့တောင်ခြေ





၌ သက္ကရာဇ်(၉၃၃)ခုနှစ်တွင် ဖွားမြင်တော်မူ၍ ဟံသာဝတီပြည်ကြီး၌ ရှင်သာမဏေပြုလုပ်ပြီးလျှင် စာပေပိဋကတ်တို့ကို သင်ယူတော်မူသည်။ ဘွဲ့တော်မှာ 'ရှင်နန္ဒသာရ' ဖြစ်ပေသည်။

တစ်နေ့တွင် ရှင်နန္ဒသာရသည် ဟံသာဝတီမြစ်ကမ်းသို့ ကြွချီတော်မူရာ သူရူးတစ်ယောက်နှင့် တွေ့ရှိနေစဉ် မြစ်လယ်မှ မိကျောင်းတစ်ကောင်သည် ကြေးနီပုရပိုက်ကိုကိုက်၍ ပေါ်လာပြီးလျှင် ကမ်းသို့ကူးလာ၏။

ထိုအခါ သာမဏေက သူရူးအား ကြေးနီပုရပုဒ်ကို ယူဆောင်ပေးပါဟု ပြော၏။ သူရူးလည်း ရေစပ်သို့ ဆင်း၍ မိကျောင်းပါးစပ်မှ ကြေးနီပုရပိုက်ကိုယူဆောင်ကာ သာမဏေကို ပေးသည်။

ရှင်နန္ဒသာရသည် ထိုကြေးနီပုရပုဒ်ကို ကြည့်ရှုရာ အချို့သော ပညာရပ်များကိုသာသိ၍ အချို့သော ပညာရပ်များကို နားမလည်ပေ။

ရှင်နန္ဒသာရသည် ပုရပိုက်တွင် ပါသော ပညာရပ်များအနက် နားမလည်သည့် အကြောင်းအရာများကို သိနားလည်သူများထံ စုံစမ်းမေးမြန်းခြင်း ပြုခြင်းဖြင့် အချိန်တစ်နှစ်ကုန်လွန်ခဲ့သည်။

ထို့နောက် ဟံသာဝတီမြို့ရှေ့ရှိ လေးထပ်ကျောင်းဆရာတော်ထံတွင် ရဟန်းပြုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စာစ်ညဉ့်၌ ဗားမဲ့ဆရာတော် ဖြစ်လတ္တံ့သော ရှင်နန္ဒသာရအမည်ရှိသည့် ရဟန်းပျိုသည် အင်ကြင်းပင်အောက် ဆောက်အပ်သော ဝါးကျောင်းငယ်တွင် မိမိအားထုတ်နေကျဖြစ်သော "ဗုဒ္ဓါနုဿတိ"ကမ္မဋ္ဌာန်းကို ပွားများ၍ နေတော်မူ၏။

ထိုစဉ် ဒါယကာတစ်ဦးရောက်လာပြီး ရှိခိုးနေလေသည်။ ထိုဒါယကာထံမှ အထူးသင်းပျံ့မွှေးကြိုင်သော ရနံ့ရှိသဖြင့် ရှင်နန္ဒသာရက 'သင်အဘယ်သူနည်း'ဟု မေးတော်မူ၏။

"ထပည့်တော် ဝိဇ္ဇာဓိုရ်ယောက်ျားပါ"ဟု ပြန်ကြားလျှောက်ထားသည်။

"သင့်အမည်ကား မည်သို့ ခေါ်သနည်း"

"တပည့်တော်၏အမည်မှာ မဟာညသဒ္ဓိ ဖြစ်ပါသည် ဘုရား"

"သင့်ကိုယ်နံ့က ဘာကြောင့် မွှေးကြိုင်နေပြီး သင် ဘယ်အရပ်ကနေ ဒီကို ရောက်ရှိလာရခြင်း အကြောင်းရင်းကို ပြောပြပါဦး"

ရဟန်းတော်၏ အမေးစကားကို ဒကာသည် ဤသို့ ပြည့်စုံစွာ လျှောက်ထားဖြေကြားလေသည်။

"တပည့်တော်သည် ထူးဆန်းအံ့သြဖွယ်ကောင်းအောင် တန်ခိုးသတ္တိရှိသော ဆေးပင်များပေါက်ရာ သိရိရက္ခမည်သော တောင်၌နေပါကြောင်း၊ ထိုတောင်၏ အနီး၌





ကြီးမားသော ဓနမာဒနတောင်တည်ရှိကြောင်း၊ ထိုတောင်၌ ရွှေဂူ၊ ငွေဂူ စသည်လည်းရှိကြောင်း၊ ၎င်း၏အနီး၌ အနောတတ်ရေအိုင်ရှိပါသည်။

"အနောတတ်ရေအိုင်သည် ဥတုသုံးပါးလုံး၌ နေရောင်မရောက်ပါ၊ ထိုရေအိုင်တွင် တန်ခိုးကြီးသော နဂါးဝဠုန်မှစ၍ ဝိဇ္ဇာဓိုရ်ယောက်ျားများနှင့် အချို့နတ်များ ရေသုံးသပ်၍ ပျော်ပါးကြပါသည်။"

"တပည့်တော်တို့သည် အစာအဟာရ စားလိုသောအခါ ဗဗ္ဗူသပြေသီးနှင့် အဗ္ဘန္တရမည်သော သရက်သီးများကိုသာ စားသုံးကြပါသည်။

"ထိုအသီးများသည် အိုးသရည်းခန့် ကြီးမား၍ အနံ့အရသာများမှာ လွန်စွာကောင်းမွန်လှပါသည်၊ ထိုအသီးများကို စားသုံးရခြင်းကြောင့် တပည့်တော်၏ ကိုယ်နံ့များသည်း မွှေးကြိုင်ပါသည်၊ အလွန်ပေါ့သော ကိုယ်လည်း ရှိပါသည်"

ထိုအခါ ရဟန်းပျိုက. . .

"ဤအရပ်သို့ အဘယ်အကြောင်းဖြင့် လာဘိသနည်း"ဟု မေးမြန်းတော်မူ၏။

"အရှင်ဘုရားနှင့် တပည့်တော်တို့သည် လွန်ခဲ့သောဘဝက ညီအစ်ကိုအရင်း ဖြစ်ခဲ့ဖူး၍ ရွှေပေကို လှူဒါန်းရန် လာပါသည်၊ ဤစာပေ ပညာရပ်များကို လိုက်စားတော်မူ



www.burmeseclassic.com

www.burmeseclassic.com



ပါက အရှင်ဘုရား အလိုတော်ရှိသမျှ ပြည့်ဝစုံလင်တော် မူပါ လိမ့်မည် ဘုရား"

ဟု လျှောက်ထားလေ၏။

ထိုအခါ ရဟန်းတော်က မိကျောင်းပါးစပ်မှ ရယူထားသော ကြေးနီပုရပိုက်ကိုပြ၍ မသိသောအရာများကို မေးမြန်းရာ ဒကာက ဤသို့လျှောက်ထားသည်။

"တပည့်တော်မှာ ယခုအခါ အရှင်ဘုရားအား သင်ကြားဖို့ အချိန်မရနိုင်ပါ၊ ပုပ္ပါးတောင်၏ အရှေ့ဘက်တွင် ကျောက်ဂူရှိပါသည်၊ ထိုကျောက်ဂူတွင်နေသော အင်းဘီလူးထံ ကြွသွားသည့်အခါ အမဲသား အတုံးငယ်ကလေးများ ယူသွားပါ၊ ကျောက်ဂူသို့ရောက်လျှင် 'အင်းဘီလူးမင်း အမဲသားစားမည်လား'ဟု မေးပါ၊ 'စားမည်'ဟု ပြောပါလိမ့်မည်၊ 'စားချင်လျှင် ပါးစပ်ဟာ'ဟု ဆိုလျှင် ဟ,ပါလိမ့်မည်။ ခပ်လှမ်းလှမ်းမှနေ၍ အမဲသားကို ပစ်၍ပေးပါ၊ ဘီလူးပါးစပ်တွင်းသို့ရောက်၍ စားနေစဉ်မှာ အလိုတော်ရှိသမျှ မေးပါ၊ ပြောပါလိမ့်မည်၊ နောက်ဆုံး အမဲသားတုံးကြီးကြီးကို ပေးထားခဲ့ပြီးလျှင် အမြန်ပြန်ကြွတော်မူပါ"

ဟူ၍ဖြစ်သည်။ ထိုအခါ ရဟန်းတော်က ကျေးဇူးတင်ကြောင်း ပြောပြီးလျှင် ဆက်၍မိန့်တော်မူသည်မှာ ဤသို့ဖြစ်သည်။

"လွန်ခဲ့သောဘဝက သင်နှင့်ကျွန်ုပ် ညီအစ်ကိုတော်သည် ဆိုရာမှာ ကြာမြင့်လှလေပြီ၊ ယခုမှ ကျွန်ုပ်ကို လာရောက်တောက်ပံ့သည်မှာ သင်မေ့လျော့၍ နေဟန်ရှိသည်။"

ဤသို့ မိန့်တော်မူရာ ဝိဇ္ဇာဓိုရ်ယောက်ျားက ပြန်ကြားလျှောက်ထားပြန်သည်။

"အရှင်ဘုရားကို မေ့လျော့နေသည် မဟုတ်ပါ၊ ဤသို့နေရာသို့ လာရန်မှာ လွန်စွာ ဝန်လေးလှပါသည်၊ ဘုန်းတန်ခိုးကြီးမားသော လူများထံသို့ ဖြစ်စေ၊ သီလ၊ သမာဓိစသော ဂုဏ်ရှိသူများထံသို့ဖြစ်စေ၊ ဤလို ပုဂ္ဂိုလ်များထံသို့သာ လာရောက်လိုသောစိတ် ရှိပါသည်၊ အရှင်ဘုရားမှာ ယခုကဲ့သို့ သီလသိက္ခာ စင်ကြယ်စွာ နေခြင်းကြောင့်သာ လာရောက်လိုသော စိတ်ဆန္ဒအတိုင်း ရောက်ရှိလာခြင်း ဖြစ်ပါသည် ဘုရား"

စကားအလုံးစုံ လျှောက်ထားကာ ဝိဇ္ဇာဓိုရ်ယောက်ျားသည် ရဟန်းပျိုကို နှုတ်ဆက်၍ ပြန်သွားလေသည်။

ထိုသို့ အကြောင်းစုံ သိရှိရပြီးသောအခါ အရှင်မြတ်ဦးနန္ဒသာရသည် ရှင်မုန်ယိုဟု အမည်ရှိသော သာမဏေတစ်ပါးနှင့် ပုပ္ပါးတောင်သို့ သွားရောက်ခဲ့ကြသည်။ ဝိဇ္ဇာဓိုရ်ယောက်ျား ပြောသွားသည့်အတိုင်း ဆောင်ရွက်ကြရာ မကြာမီပင် လိုအင် ဆန္ဒပြည့်ဝစုံလင်တော် မူခဲ့လေသည်။

ထို့နောက် ပုပ္ပါးတောင်မှ ဟံသာဝတီမြို့သို့ ပြန်ရောက်ကြပြီးလျှင် ရဟန်းတော် အရှင်မြတ်သည် အရုပ်ရုပ်







www.burmeseclassic.com

www.burmeseclassic.com



သော လောကီပညာရပ်များကို လိုက်စားတော်မူလေ၏။

နေကြောက်အင်း၊ လကြောက်အင်း၊ သံပေါက်အင်း စသည်တို့ကိုလည်း စမ်းသပ်တော်မူ၏။

"ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ မနသိဒ္ဓိ စသော လမ်းများကိုလည်း ကြိုးပမ်းတော်မူ၏။

ရှိန်းဆဲာယာအတတ်၊ သက်ပြောင်းကိုယ်ခွာအတတ်မှစ၍ အရပ်ရပ်သော လောကီဖက်ဆိုင်ရာ အတတ်များကိုလည်း ထမြောက်အောင်မြင်တော်မူပြီး အလွန်ကျော်ကြားတော်မူလေ၏။

ဤကဲ့သို့ လောကီပညာရပ်များကိုသာ လိုက်စားတော်မူကြောင်းကို ငါးဆူဒါယကာ မင်းတရားကြီး ကြားသိတော်မူလေလျှင်. . .

"ဤရဟန်းတော်သည် ရဟန်းတော်တို့၏ ကျင့်ဝတ်သိက္ခာနှင့် မညီ"ဟု ဆို၍ ဦးနန္ဒသာရအရှင်မြတ်ကို ညောင်ရမ်းသို့ ပို့လေ၏။

သက္ကရာဇ်(၉၅၅)ခုနှစ်၌ ညောင်ရမ်းမြို့သို့ရောက်လျှင် မင်းရဲနန္ဒမိတ် အမည်ရှိသော ညောင်ရမ်းမင်းလည်း ရဟန်းတော် ဦးနန္ဒသာရ၏ အတ္ထုပတ္တိနှင့် ပညာများကို စုံစမ်းသိရှိတော်မူလေ၏။

ညောင်ရမ်းမင်းသည် နှစ်သက်ရွှင်လန်း ဝမ်းမြောက်တော်မူလှ၍ ရဟန်းတော် ဦးနန္ဒသာရအား "နန္ဒသာရကာဝိဓဇ" ဟူသော ဘွဲ့တံဆိပ်တော်ကို လှူဒါန်း၍ မင်းဆရာတော်အဖြစ် ကျောင်းဆောက်ကိုးကွယ်တော်မူ၏။





ထိုအခါမှစ၍ ရဟန်းတော် ဦးနန္ဒသာရသည် "ဗားမဲ့ဆရာတော်"ဟု ထင်ရှားတော် မူလေသည်။

တိုင်းရေးပြည်ရေး မငြိမ်မသက် ရှိလာသောအခါ ညောင်ရမ်းမင်းသည် ဗားမဲ့ဆရာတော်ကိုပင့်၍ ဤသို့ တိုင်ပင်တော်မူ၏။

"ယခု ဖနောင်တော် မင်းတရားကြီးသည် တိုင်းပြည်နိုင်ငံတို့ကို မသိမ်းမပိုက်နိုင်၊ တာရှည်လာသော် အရေးခက်ချိမ့်မည်၊ အဘယ်သို့ စီမံကြံစည်သော် သင့်ပါမည်နည်း၊ ဟံသာဝတီသို့ချီ၍ လုပ်ကြံရသော် သင့်မည်လော၊ နေရင်းညောင်ရမ်းတွင် နေရသော် သင့်မည်လော၊ ရတနာပုရ အင်းဝနေပြည်တော်သို့ ချီတက်လုပ်ကြံရသော် သင့်မည်လော"ဟု လျှောက်ထားသည်။

ဗားမဲ့ဆရာတော် မိန့်ဆိုသည်မှာ ဤသို့ဖြစ်သည်။

"တလိုင်းသုံးရပ်သည် စံနိမ့်သည်၊ ထောင်းထောင်းညက်ညက် ပျက်လိမ့်မည်၊ ညောင်ရမ်းမြို့လည်း မင်းတို့စံရာ ရာဇဌာနီမဟုတ်၊ သို့ဖြစ်သောကြောင့် အင်းဝမြို့သည် ရာဇဌာနီ မြန်မာတို့ ဦးစွန်းထွန်းရာဖြစ်သည်၊ တိုင်းခရိုင် နိုင်ငံလည်း အလွန်ကျယ်ဝန်းသည်၊ ရတနာပုရ အင်းဝပြည်ကြီးက နေ၍ အရပ်ရပ် သိမ်းယူတော်မူသော ထီးဆောင်းမင်းအပေါင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ကို စိုးမိုးပိုင်သတော်မူပြီးလျှင် သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့် လက်နက်နိုင်ငံတော်ဖြစ်၍ သာသနာတော် အလွန်ပွင့်လင်းစည်ပင်မည်၊ မြန်မာပြည်အလုံးကို လက်ရုံးဆန့်ကာ စိုးမိုးပိုင်သရန် အစီအစဉ်မှာ ဆရာတော်၏ တာဝန်ဖြစ်ပါစေ”

ဤသို့သော ဗားမဲ့ဆရာတော်၏ မိန့်ဆိုချက်တို့ မင်းတရားကြီးနှင့်တကွ မှူးတော်မတ်တော်တို့မှစ၍ ရဟန်းပညာရှိ လူပညာရှိအပေါင်းတို့ အကြိုက်ညီကြသဖြင့် အရပ်ရပ်သော လောကီပညာ စီရင်စရာ အင်းအိုင်ခါးလှဲ့ လက်ဖွဲ့ မန္တရား စသည်များကို ကိုယ်တော်၏ အဆောင်အရွက်နှင့်တကွ၊ သန်လျက်တော်၊ ရွှေယပ်၊ ခွေးသုတ်ပုဝါမှစ၍ အလံ ပုံ၊ မောင်း၊ ဆင်၊ မြင်း၊ တံခွန်၊ စည်ကြီး၊ ခွက်၊ ခွင်း စသည်တို့တွင် စီရင်တော်မူလေ၏။

မင်းတရားကြီးလည်း ညောင်ရမ်းမြို့မှာရှိသည့် အမှူ ထမ်း၊ အရာထမ်းတို့ကို အပါးတော်သို့ လာရောက်စေ၍ အရပ်ရပ်ကို သိမ်းကြုံးစည်းကြပ်ကာ ဗားမဲ့ဆရာတော်ထံသို့ အပ်လေ၏။

ဤတွင် ဗားမဲ့ဆရာတော်ကို ဆည်းကပ်ကိုးကွယ်ခဲ့ သည့် ညောင်ရမ်းမြို့စား မင်းရဲနန္ဒမိတ်အကြောင်းကို ဖော်ပြ ပါမည်။

ညောင်ရမ်းမြို့စား မင်းရဲနန္ဒမိတ်ခေါ် မောင်သစ္စာ





သည် ဘုရင့်နောင်(ခေါ်)ဟံသာဝတီ ဆင်ဖြူရှင် မင်းတရားကြီး၏ သားတော်အငယ်ဖြစ်သည်။ မောင်သစ္စာသည် ဗားမဲ့ဆရာတော်ကို ကိုးကွယ်ဆည်းကပ်ခွင့် ရခဲ့သောကြောင့် ကံဇာတာအရှိန်အဟုန် တက်လာရသည်ဟု ဆိုနိုင်ပေသည်။

ဗားမဲ့ဆရာတော်သည် မင်းရဲနန္ဒမိတ်(ခေါ်)မောင်သစ္စာအား လော်ကီအစီအရင်များကို သင်ကြားပေးတော်မူခဲ့သည်။

ထိုမန္တာန်များအနက် အစွမ်းထက်လှသော “အောင်ခြင်းရှစ်ပါး အချုပ်မန္တာန်”နှစ်ဂါထာလည်း ပါဝင်ပေသည်။

**“အောင်ခြင်းရှစ်ပါး အချုပ်မန္တာန်”**

(၁)
မာရံ ယက္ခံ၊ ဂဇံ စောရံ၊
စိဥ္စမာ့နဥ္စ သစ္စကံ၊
နာဂံဗကံ၊ ဇိနိဇိနော၊
ဟောတုမေ ဇယမင်္ဂလံ။

(၂)
မာရံ အာဠာဝကံ အတ္ထိ
အင်္ဂုလိမာလ စိဥ္စမော၊
ကုသ္တံ နာဂရာဇဥ္စ
ဗကံ၊ အဇိနိ တေဇသာ။ ။



www.burmeseclassic.com

www.burmeseclassic.com



မောင်သစ္စာသည် ဆရာတော် သင်ကြားပေးထားသော ယင်းမန္တာန် နှစ်ဂါထာကို နေ့စဉ် ယုံယုံကြည်ကြည် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရာ သက္ကရာဇ် (၉၅၉)ခုနှစ်တွင် မြို့စား ဘဝမှ မင်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ရန်အပေါင်းကို အောင်မြင်တော်မူခဲ့သည်။

မင်းရဲနန္ဒမိတ်သည် အင်းဝနေပြည်တော်ကြီးကို အသစ်တဖန် ပြန်လည်တည်ဆောက်နိုင်ခဲ့လေသည်။ မင်းရဲနန္ဒမိတ်သည် ညောင်ရမ်းမင်းတရားကြီး ဟူသောအမည်ဖြင့် သမိုင်း၌ ထင်ရှားခဲ့သည်။

သက္ကရာဇ် (၉၆၇)ခုနှစ်တွင် ညောင်ရမ်းမင်းတရားကြီး နတ်ရွာစံသောအခါ သားတော် အနောက်ဘက်လွန်မင်းတရား နန်းတက်လာသည်။ ထိုမင်းသည်လည်း ဖားမဲ့ဆရာတော်ကြီးကို ဆက်လက်ကိုးကွယ်ခဲ့သည်။

ဖားမဲ့ဆရာတော်သည် သက္ကရာဇ်(၉၇၂)ခုနှစ်၊ သက်တော်(၈၈)နှစ်အရွယ်၌ အင်းဝနေပြည်တော်၌ပင် ပျံလွန်တော်မူခဲ့ပေသည်။

ဦးဗန်ကောင်းက စကားဆုံးတော့ လက်ဘက်ရည်ကြမ်းကို မော့သောက်လိုက်လေသည်။

"အခု အဘ ဒီနေရာ ရောက်နေတာကြာပြီဆိုတော့ ဖားမဲ့ဆရာတော်ကြီးနဲ့ သက်ဆိုင်တဲ့ ပညာရပ်တွေ အတော်ကလေး ရပြီးရောပေါ့"





ကျော်စွာက ဝင်မေးလိုက်သည်။

"ရသင့်သလောက်တော့ အတော်ကလေး စုဆောင်းရထားပြီးပါပြီ၊ ဖားမဲ့ဆရာတော်ကြီးရဲ့ အင်းပညာ၊ အဂ္ဂိရတ်ပညာနဲ့ အစီအရင်ပညာ အတော်များများတော့ စုဆောင်းရထားပြီးပါပြီ"

"ဒါထက် ကျွန်တော့်ဆီ စာရေးလိုက်တဲ့ အကြောင်းလည်း ပြောပြပါဦး၊ စာထဲမှာ ရေးထားတာတော့ သိသင့်သလောက် သိပြီးပါပြီ"

ဟု ဒေါက်တာမင်းထင်ကျော်က ဝင်မေးလိုက်သည်။

"တခြားတော့ မဟုတ်ပါဘူး၊ အင်းဝကောင်းစားစဉ်က ရှိခဲ့တဲ့ သူဌေးကြီး ဘောဂဗလနဲ့ သက်ဆိုင်တဲ့အကြောင်းတွေ ဒီမှာရှိတယ်၊ သူဌေးကြီး နေသွားတဲ့ စံအိမ်တော်မှာ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးရာကျော်လောက်က စီရင်ထားခဲ့တဲ့ စက္ကောမ အတတ်ပညာတွေက အခုထိရှိနေသေးတယ်လို့ သိတင်းကြားတာနဲ့ စာရေးလိုက်တာပဲ"

ဦးဗန်ကောင်းက သူသိထားသော အကြောင်းများကို ပြန်ပြောပြလေသည်။

"အဲဒီမှာ စက္ကောမပညာရှင်တစ်ဦးက ဘူတာဝါဟနပညာနဲ့ တပ်ဆင်ပေးထားခဲ့တဲ့ စက်ယန္တယားတွေ ရှိတယ်၊ အခုထိ မပျက်စီးသေးပဲ အိမ်ထဲကို ဘယ်သူမှ ဝင်လို့မရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားစရာပါပဲ၊ ဒီပညာတွေက လွန်ခဲ့တဲ့ နှစ် ပေါင်းများစွာကတည်းက ရှိခဲ့ဖူးပါတယ်၊ မြတ်စွာဘုရား၏ ဓာတ်တော်တွေကို အဇာတသတ်မင်းကြီးက ဌာပနာတိုက် ထားတော့ စက္ကောမပညာရှင်တွေ တပ်ဆင်ပေးထားတဲ့ စက် ယန္တယားတွေဟာ သီရိဓမ္မာသောကမင်းကြီးလက်ထက် ရောက်တော့ ဖျက်ဆီးပြီး ယူလို့ရတယ်၊ စက္ကောမပညာရှင် တွေ တပ်ဆင်ထားခဲ့တဲ့ ယန္တယားတွေကို သာမန်လူတွေ ဘာမှလုပ်လို့မရဘူး၊ ဖျက်ဆီးလို့လည်း မရနိုင်ဘူး"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောသည်။

"ဒါဖြင့် အသောကမင်းကြီးက ဓာတ်တော်တွေယူ တော့ စက်ယန္တယားတွေကို ဘယ်လိုရပ်တံ့ခဲ့တာလဲ"

ကျော်စွာက ဝင်မေးသည်။

"စက္ကောမပညာရှင်တွေရဲ့ အဆက်အနွယ်တွေထဲ က တစ်ဦးက ရပ်တံ့ပေးခဲ့တာပါ၊ ဒါပေမယ့် သူလည်း သက် ဆိုးမရှည်ခဲ့ပါဘူး၊ ဒီအကြောင်းတွေကို ခေါမတိုင်းသားတွေ သိကြတော့ ဥပါတမျဉ်နဲ့ သတ်ခဲ့လို့ သေခဲ့ရတယ်"

"ဒါဖြင့် ဘောဂဗလစံအိမ်မှာ စက်ယန္တယားတွေ လာ ရောက်တပ်ဆင်ပေးသွားတဲ့ ပညာရှင်ဟာ အဲဒီကမနေ အ ဆက်ဆက် ဆင်းသက်လာတဲ့သူပဲ ဖြစ်မှာပေါ့"

"ဖြစ်နိုင်ပါတယ်"

"ဒီလိုဖြင့် အခုထိ ယန္တယားစက်တွေက ရှိနေသေး





တော့ ကျွန်တော်တို့ သွားတော့ရော ဝင်လို့ရပါ့မလား"

"သူတို့ကို ခွင့်တောင်းပြီး ဝင်ရင်တော့ ရမှာပါ"

"ဟင်. . ဒါဖြင့် အဲဒီအိမ်ကြီးမှာ လူမနေတော့တာ အတော်ကြာပြီဆို"

"လူတွေမနေကြတော့ပေမယ့် သက်ဆိုင်ရာ ဝိညာဉ် တွေတော့ ရှိကြမှာပါ။ သူတို့ဆီမှာ ခွင့်တောင်းလို့ရရင်တော့ ဝင်ကြည့်လို့ရမှာပါ"

ဟု ဒေါက်တာမင်းထင်ကျော်က စီးကရက်ဖွာရင်း အေးအေးဆေးဆေး ပြောပြလိုက်သည်။

ကျော်စွာကတော့ ဝိညာဉ်များနှင့် တွေ့ရတော့မည် ဖြစ်သဖြင့် များစွာစိတ်ဝင်စားသွားလေသည်။

"ဒါဖြင့် ကျွန်တော်တို့ အဲဒီနေရာ သွားကြမှာလား ဆရာ"

"သွားကြည့်ရမှာပေါ့ ကိုကျော်စွာရဲ့၊ ရန်ကုန်ကနေ ဒီနေရာကိုတောင် တကူးတက ရောက်လာကြပြီးမှတော့ ဒီ လောက် စိတ်ဝင်စားဖို့ ကောင်းတဲ့နေရာမျိုးကို မသွားလို့ ဘယ်ဖြစ်ပါ့မလဲ"

"ကောင်းတာပေါ့ဗျာ၊ ကျွန်တော့်အတွက်လည်း အ တွေ့အကြုံသစ်တွေ တွေ့ရတော့မှာပေါ့၊ ဒါထက် ကျွန်တော် တို့သွားရင် အဘရော လိုက်ခဲ့မယ် မဟုတ်လား"

ကျော်စွာက အနားမှာရှိနေသည့် ဦးဗန်ကောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်လေသည်။

"မောင်ကျော်စွာတို့သွားရင်တော့ လိုက်ခဲ့ပါ့မယ်၊ ကျုပ်လည်း အင်းဝရောက်နေတာ အတော်ကြာခဲ့ပေမယ့် ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာနဲ့ အဲဒီဘက်ကို မရောက်ဖြစ်သေးဘူး၊ အခုလို ကိုယ့်မိတ်ဆွေတွေ လရောက်လာကြတုန်း လိုက်ပြီး လှေ့လာကြည့်ရမယ်"

"အဘပါတော့ ပိုကောင်းတာပေါ့"

"ဟိုဘက်ကို မသွားခင် ရောက်တုန်း ဟိုနားဒီနား သွားပြီး လှေ့လာကြည့်ကြဦးပေါ့"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့လည်း ခေါင်းညိတ်ပြလိုက်ကြလေသည်။







# နန်းမတော်မယ်နု၏ နန်းစဉ်ရတနာများ

အချိန်မှာ ပြာသိုလဆန်းပိုင်း ရောက်လာပြီ ဖြစ်သောကြောင့် ဆောင်းရာသီသို့ ကူးပြောင်းလာပြီ ဖြစ်၏။ ထိုအချိန်မျိုးတွင် မြစ်ချောင်းများ၊ အင်းများ ပတ်လည်ဝန်းရံနေသည့် အင်းဝတစ်ပိုက်မှာ အအေးဓါတ်က ပိုများနေသကဲ့သို့ပင် ရှိပေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့သည် မြင်း



www.burmeseclassic.com

www.burmeseclassic.com



လှည်းတစ်စီး ငှားရမ်းကာ အင်းဝတစ်ဝိုက်တွင် နာမည်ကျော် ထင်ရှားသော နေရာများကို လှည့်လည်သွားလာကြလေသည်။

အင်းဝ၌ မြင်းလှည်းသည် ခရီးသွား ဧည့်သည်တို့အတွက် မရှိမဖြစ် ဖြစ်သောကြောင့် လမ်းပေါ်နေရာအနှံ့တွင် သွားလာနေကြသော မြင်းလှည်းတို့ကို တွေ့ကြရသည်။

မြင်းလှည်းမောင်းသူမှာ ဒေသခံတစ်ဦးဖြစ်သောကြောင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် သွားလိုသောနေရာများသို့ စိတ်ရှည်လက်ရှည်နှင့်ပင် လိုက်ပို့ပေးလေသည်။

မယ်နုအုတ်ကျောင်းကြီး၊ နန်းတော်ရာ၊ မျှော်စင်၊ စရည်းပင်၊ ဟံသာဝတီမင်း တည်ထားခဲ့သော ကြီးလေးကြီး ဟုခေါ်သည့် ကျောက်တော်ကြီးဘုရား၊ လေးထပ်ကြီးဘုရား၊ ရွှေကျောင်းကြီးတို့အပြင် သိမ်တော်ကြီးပါ ဝင်ရောက်ကြသည်။

ထို့ပြင် ဗားမဲ့ဆရာတော်ကြီး သီတင်းသုံးခဲ့သော ဗားမဲ့ကျောင်းကိုလည်း ရောက်ခဲ့ကြသည်။

အင်းဝမြို့ နယ်နိမိတ်အတွင်း၌ အခြားအဆောက်အဦများထက် ဘုရား၊ စေတီ၊ ကျောင်း စသည်တို့ကတော့ နေရာမလပ်၌ ရှိနေကြသည်။

နေရာအတော်များများကို စုံအောင် မသွားနိုင်ကြ





သော်လည်း ထူးခြားသော နေရာများသို့ ရောက်အောင်သွားခဲ့ကြလေသည်။

နံနက်ပိုင်း အချိန်ကျော်တော့ အကျည်းပင်ရိပ်များအောက်၌ ဖွင့်ထားသော စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်နားရင်း စားသောက်ကြလေသည်။

ဆိုင်က အတော်ကလေး ကျယ်ဝန်းပြီး သန့်ရှင်းသပ်ရပ်မှုလည်း ရှိသည်။ အစားအသောက်လည်း စုံလင်စွာရသည်။

လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ထမင်းကြော် စသည်တို့ရသည်။ ထမင်းကြော်တစ်ပွဲမှာလျှင် ကြက်ပေါင်ကြော်၊ ကြက်သားဟင်း၊ ဆိတ်သားဟင်း၊ အမဲသားငါးပွဲကြီးများဖြင့် ကြိုက်တာမှာစား၍ ရသည်။

မည်သည့်ဟင်းပွဲနှင့်စားစား တစ်ကျပ်ထက် ပိုမပေးရပေ။

လက်ဘက်ရည် ကော်ဖီဆိုလျှင် တစ်ခွက်တစ်မတ်လောက်သာ ပေးရလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့က သူတို့နှစ်ယောက်အပြင် မြင်းလှည်းမောင်းသူကိုပါ ခေါ်ကျွေးသဖြင့် များစွာအားနာသော အမူအယာဖြင့် ဝင်ရောက်စားသောက်လေသည်။

ဇင်းတို့ စားသောက်နေကြစဉ် ဘေးချင်းကပ်မှာရှိ



www.burmeseclassic.com

www.burmeseclassic.com



သော စားပွဲ၌ရှိသော လူနှစ်ယောက်က လက်ဘက်ရည် သောက်ရင်း နားစွင့်နေကြသည်။

ဘောဂဗလသိုက်ကုန်းအကြောင်း မေးမြန်းပြောဆိုနေကြသည်ကို နားစွင့်နေပြီးမှ မြင်းလှည်းသမား ပြန်ထသွားသောအခါ သူတို့စားပွဲသို့ ခွင့်တောင်းကာ ကူးပြောင်းလာကြသည်။

"ဆရာတို့ကြည့်ရတာ ဧည့်သည်တွေထင်ပါရဲ့၊ ကျွန်တော်တို့က ဒီနယ် ဒီအရပ်သားတွေပါပဲ၊ ကျွန်တော့်နာမည်က ကိုထွန်းလို့ ခေါ်ပါတယ်၊ သူက ကျော်ကြီးပါ"

ဒေါက်တာမင်းထင်ကျော်တို့ကလည်း မိမိတို့ အမည်များကို ပြောပြလိုက်လေသည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ဒါထက် ဆရာတို့က ဘောဂဗလသိုက်ကုန်းဘက်ကို စုံစမ်းနေသံ ကြားလို့ပါ၊ သွားကြမလို့ ထင်ပါရဲ့"

"လေ့လာဖို့ သက်သက်သွားကြမှာပါ၊ ကျွန်တော်တို့က သိုက်ဆရာတွေ မဟုတ်ကြတော့ လိုက်ရှာဖို့ သွားတာတော့ မဟုတ်ပါဘူး"

ထိုစကားကြားတော့ ကိုထွန်းနှင့် ကျော်ကြီးတို့ နှစ်ယောက်က သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

"ဒါထက် ခင်ဗျားတို့ရော ဘောဂဗလ သိုက်ကုန်းအကြောင်း သိကြသလား"





"ကျွန်တော်တို့က နယ်ခံတွေဆိုပေမယ့် အင်းဝမှာ နေကြတာ မဟုတ်တော့ အဲဒီဘက်က အကြောင်းတွေတော့ သိပ်မသိပါဘူး၊ ဒါပေမယ့် သတင်းတွေကြားတော့ အဲဒီနေရာအကြောင်းကိုတော့ စိတ်ဝင်စားသဗျ၊ ဒါကြောင့် ဆရာတို့များ ပြည့်ပြည့်စုံစုံ သိရမလားလို့ လာမေးကြည့်တာပါ"

ထိုစကားကြားတော့ တကူးတက စားပွဲထိုးလာပြီး လာရောက်မိတ်ဆွေဖွဲ့ရခြင်း အကြောင်းရင်းကို ရိပ်မိကြရတော့သည်။

သို့သော် မသိဟန်ပြုကာ ပြန်မေးလိုက်သည်။

"ကျွန်တော်တို့က နယ်ခံတွေဆိုပေမယ့် အင်းဝမှာ နေကြတာမဟုတ်တော့ အဲဒီဘက်က အကြောင်းတွေတော့ သိပ်မသိပါဘူး၊ ဒါပေမယ့် သတင်းတွေကြားတော့ အဲဒီနေရာအကြောင်းကိုတော့ စိတ်ဝင်စားသဗျ၊ ဒါကြောင့် ဆရာတို့များ ပြည့်ပြည့်စုံစုံ သိရမလားလို့ လာမေးကြည့်တာပါ"

ထိုစကားကြားတော့ တကူးတက စားပွဲကူးလာပြီး လာရောက်မိတ်ဆွေဖွဲ့ရခြင်း အကြောင်းရင်းကို ရိပ်မိကြရတော့သည်။

သို့သော် မသိဟန်ပြုကာ ပြန်မေးလိုက်သည်။

"ကျွန်တော်တို့က အခုမှရောက်ကြတဲ့ ဧည့်သည်တွေဆိုတော့ အဲဒီဘက်က အကြောင်းတွေ ဘာမှ မသိရသေးဘူးဗျ၊ နည်းနည်းပါးပါးလောက် ပြောပြနိုင်တဲ့သူကော မရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



လားဗျ”

“ရှိပါတယ်ဗျာ၊ မီးသွေးတိုက် တံခါးတောင်ဘက် အပြင်စံရာ အရပ်မှာရှိတဲ့ ဆရာကြီး ဦးစာည်ကတော့ တစ်သက်လုံး ဒီမှာမွေး၊ ဒီမှာ ကြီးခဲ့တဲ့သူဆိုတော့ ရှေ့မီနောက်မီပဲ၊ ဆရာတို့ သူ့ဆီသွားပြီး မေးမြန်းစုံစမ်းရင်တော့ သိချင်တာတွေ သိရနိုင်ပါတယ်”

“အခုလို ပြောပြပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ အချိန်ရှိတုန်း သွားလိုက်ပါဦးမယ်”

ဟု ပြောဆိုနှုတ်ဆက်ကာ ကျသင့်ငွေများကို ရှင်းပေးခဲ့ပြီး မြင်းလှည်းဖြင့် ခရီးဆက်ကြလေသည်။

မီးသွေးတိုက်တံခါးမှာ နန်းတော်ရာ တောင်ဘက်၌ ရှိသည်။

ထိုတစ်ဝိုက်မှာလည်း ရွှေစည်းခုံ မိစ္ဆာဘုရား စသည်တို့ရှိသည်။ လူနှစ်ယောက်ပြောလိုက်သော အပြင်စံရာ အရပ်မှာ ကလေးတံခါးရှိသောနေရာနှင့် မဝေးလှပေ။

ထိုနေရာရောက်တော့ ဦးစာည်နာမည်ကို မေးသည်နှင့်ပင် မသိသူမရှိကြပဲ အဆင့်ဆင့် လမ်းညွှန်ပေးကြရာ ချောချောမောမောနှင့်ပင် ရောက်သွားကြသည်။

နေအိမ်ရောက်တော့ အဘိုးကြီး ဖြစ်နေပြီဖြစ်သော ဦးစာည်နှင့် အဆင်သင့်ပင် တွေ့ရသည်။

အသက် (၇၀)ကျော် (၈၀)ခန့် ရှိနေသော်လည်း





ကျန်းကျန်းမာမာပင် တွေ့ရသည်။ ၎င်းမှာ တစ်ကိုယ်တည်း နေသူဖြစ်ပြီး ဖိုထိုးလိုက် ပုတီးစိပ်လိုက်နှင့် နေသူဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားတော့ ပုတီးစိပ်နေခြင်းကိုရပ်ပြီး နေရာထိုင်ခင်းပေးသည်။

“မောင်ရင်တို့က ဘယ်သူတွေများလဲ၊ ဘာကိစ္စ ရှိကြသလဲ”

“ကျွန်တော်တို့က ရန်ကုန်က လာကြတဲ့ ဧည့်သည်တွေပါ၊ အဘက ဦးစာည်လား”

ခေါင်းညိတ်ပြသည်။

“ဟုတ်ပါတယ်”

“ကျွန်တော် သိချင်တာလေးတွေ မေးချင်လို့ပါ”

“မေးပေါ့ကွယ်၊ သိသမျှတော့ ပြောပြပေးပါ့မယ်”

ဟု ပြောဆိုကာ အသင့်ကျိုထားသော လက်ဘက်ရည်ကြမ်းဖြင့် ဧည့်ခံရင်း စကားပြောကြလေသည်။

“တခြားတော့ မဟုတ်ပါဘူး၊ ဘောဂဗလ သူဌေးကြီးအကြောင်းနဲ့ သူ့ရဲ့စံအိမ်ဟောင်းရှိတဲ့ နေရာအကြောင်းကို သိချင်လို့ပါ”

ထိုသို့မေးသောအခါ အဘိုးကြီး ဦးစာည်က အင်းဝခေတ်ကောင်းစားစဉ်က သူဌေးကြီး ဘောဂဗလနှင့် သက်ဆိုင်သော အကြောင်းများကို မှတ်မိသလောက် ပြန်ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သမိုင်းမှတ်တမ်းများကဲ့သို့ နေ့စွဲ ရက်စွဲများဖြင့် ပြောကြားခြင်း မဟုတ်ပဲ မှတ်မိသမျှကို ပါးစပ် ရာဇဝင်ကဲ့သို့ ပြောပြခြင်း ဖြစ်ပေသည်။

"သူဌေးကြီး အသစ်တည်ဆောက်ပြီး နေခဲ့တဲ့ စံအိမ် ဟောင်းနေရာက အခုဆိုရင် မြစ်ငယ်မြစ်ရဲ့ အရှေ့ဘက် ကမ်းမှာရှိတဲ့ ကုလားရွာကလေးရဲ့ အနားမှာကွယ့်၊ အဲဒီရွာရဲ့ အရှေ့ဘက်က မနော်ရမ္မာ ဥယျာဉ်ဟောင်းနေရာ ရွာရဲ့အ နောက်ဘက်ကတော့ ဘောဂဗလသူဌေးကြီး တည်ခဲ့တဲ့ မဟာဗောဓိစေတီတော်ဟောင်း အဲဒီအနောက်ဘက်က တော့ စနေမင်း တည်ထားခဲ့တဲ့ ဘုရားပါပဲ"

ဟု ပြောပြသည်။

"ဒါထက် ဘောဂဗလသူဌေးကြီး တည်ခဲ့တဲ့ ဘုရား ဆိုတာ မနော်ရမ္မာ အရှေ့မြောက်နားက ဘုရားငုတ်တိုလေး ဖြစ်နိုင်တယ်ဆိုတာရော ဟုတ်သလား အဘ"

"မဟုတ်ပါဘူးကွယ်၊ အရင်ကတော့ မောင်ရင်ပြော တဲ့ ဘုရားငုတ်တိုလေးရှိတယ်၊ အခုတော့ ငလျှင်နှိပ်စက်လို့ မရှိရှာတော့ပါဘူး၊ စောစောကပြောတဲ့ မဟာဗောဓိဘုရား ကြီးတောင် စစ်ကိုင်းငလျှင်တုန်းက ရှာတော်ကလေး ပြိုပျက် သွားခဲ့သေးတယ်၊ အဲဒီ မဟာဗောဓိဘုရားကြီးကမှ သူဌေး ကြီး ဘောဂဗလ တည်ထားတဲ့ ဘုရားအစစ်ပါပဲ၊ သိုက်တူးတဲ့ သူတွေ နှိပ်စက်ပါများလို့ ပြိုကျသွားခဲ့တဲ့ ဘုရားငုတ်တိုလေး





က သူဌေးကြီးတည်ခဲ့တဲ့ ဘုရားမဟုတ်ပါဘူး"

"ဟုတ်ကဲ့.."

ဦးစာညံက လက်ဖက်ရည်သောက်လိုက်ပြီးမှ မေး သည်။

"ဒါထက် ဘောဂဗလအကြောင်းကို စိတ်ဝင်စား တယ်ဆိုတော့ လိုက်ရှာနေကြတဲ့သူတွေ များလားကွယ့်"

"ကျွန်တော်တို့က သိုက်ဆရာတွေလည်း မဟုတ် ပါဘူး၊ ဒီကိုလာတာ သိုက်တူးကြဖို့လည်း မဟုတ်ပါဘူး၊ ထူး ခြားဆန်းကြယ်တာတွေကို လေ့လာကြည့်ရှုဖို့ လာကြတာပါ။ ဒါထက် စကြ္ကာမ အတတ်ပညာတွေနဲ့ တည်ဆောက်ခဲ့တဲ့ ဘောဂဗလ စံအိမ်တော်ဟောင်းရော ရှိသေးလား အဘ"

"ရှိပါသော်ကောကွယ်၊ ဒါပေမယ့် ချုံနွယ်ပိတ်ပေါင်း တွေ ကိုင်းတောကြီးတွေ ဖုံးနေလို့ ကွယ်ပျောက်သလောက် တောင် ရှိနေပါပြီ၊ အဲဒီနေရာကတော့ အတော်ကြမ်းတယ်၊ သွားတဲ့လူတိုင်း သေကြလို့ မရဏာသိုက်ကုန်းလို့တောင် အမည်ပေးထားကြတယ်"

"ဘယ်လိုကြမ်းတာလည်း အဘ"

"သိုက်စောင့်တွေ တစ္ဆေသရဲတွေကြမ်းတဲ့နေရာမို့ ဒီလိုအမည်ပေးထားကြတာပါ။ မင်းတို့ကတော့ ခေတ်ပညာ တတ်တွေ ဖြစ်ပုံရတော့ ဒါမျိုးတွေ ယုံချင်မှယုံကြမယ်"

"ယုံကြည်ပါတယ်အဘ၊ အင်းဝမှာ ဒီလိုထူးခြားဆန်း



www.burmeseclassic.com

www.burmeseclassic.com



ကြယ်တဲ့နေရာတွေ အတော်များများ ရှိကြတယ် မဟုတ်လား"

"ရှိပါသော်ကောကွယ်၊ ဘောဂဗလ သူဌေးကြီး အကြောင်းတွေက စိတ်ဝင်စားဖို့ ကောင်းသလို နန်းမတော်မယ်နုနဲ့ ပတ်သက်တဲ့ ထူးဆန်းတာတွေလည်း ရှိပါသော်ကော"

"ပြောပြပါဦး . . အဘ"

ဦးစာညံက သောက်နေသော လက်ဘက်ရည်ပန်းကန်ကို ပြန်ချကာ ပြောပြသည်။

"နန်းမတော်မယ်နုဟာ အင်းဝရာဇဝင် သမိုင်းကြောင်းမှာတော့ ထင်ရှားတဲ့ မိန်းမတစ်ယောက်ပေါ့ကွယ်၊ သူ နန်းအရာကျတဲ့ အချိန်မှာ သူနဲ့သက်ဆိုင်တဲ့ ရွှေငွေ ရတနာတွေ နန်းစဉ်ရတနာတွေက နည်းတာမှ မဟုတ်တာ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သောအခါ ဦးစာညံက အောက်ပါအကြောင်းအရာတို့ကို အတိုချုပ်ကာ ပြောပြလေသည်။

အင်းဝရွှေနန်းတော်တွင် နန်းမတောမယ်နု တန်ခိုးတောက်ပနေစဉ်က ရွှေဘိုမင်းနှင့် မသင့်မြတ်ခဲ့ပေ။

နောက်တော့ ရွှေဘိုမင်း နောင်တော်ကို ပုန်ကန်ခြားနားပြီး ကုန်းဘောင်မင်းက ရွှေဘိုသို့ ထွက်တော်မူပြီး စစ်သည်ဗိုလ်ပါ စုဆောင်းလေသည်။





အင်းဝမှာလည်း နန်းမတော်မယ်နုကြောင့် နန်းတွင်းရေးများ မငြိမ်မသက် ဖြစ်နေပြီး အချင်းချင်းလည်း ညီညွတ်မှု မရှိကြပေ။

နန်းတွင်းမှာပင် ကုန်းဘောင်မင်းကို လိုလားကာ စောင့်မျှော်နေကြသူများ ရှိကြသည်။

စစ်သည်ဗိုလ်ပါ အင်အားများစွာနှင့် ကုန်းဘောင်မင်း ချီတက်လာသည်ကို ကြားသိရသောအခါ နန်းမတော်မယ်နုလည်း အခြေအနေမကောင်းကြောင်း သိသဖြင့် ၎င်းဝတ်ဆင်သော ရတနာပစ္စည်းများ နန်းစဉ်ရတနာများကို သိမ်းဆည်းပြီး တစ်နေရာ၌ သိုဝှက်ရန် အကြံထုတ်လေတော့သည်။

ထိုပစ္စည်းများမှာ စိန်ပန်းခိုင်၊ ပတ္တမြားပန်းခိုင်၊ ပတ္တမြားဖြင့် ပြုလုပ်ထားသည့် ရင်လွှမ်းတန်ဆာတွေ၊ လက်ဝတ်ရတနာတွေအပြင် ၎င်းအသုံးပြုသော ရွှေဖြင့် ပြုလုပ်ထားသော ရွှေငွေရတနာများကို သေတ္တာကြီးများဖြင့် ထည့်ကာ ၎င်း၏မွေးရပ်ဇာတိဖြစ်သော ဖလန်ခုန်ရွာသို့ပို့ရန် ကျွန်ယုံတော်လေးယောက်တို့အား စေလွှတ်လိုက်လေသည်။

ဖလန်ခုန်ရွာရဲ့ ဝန်းကျင်မှာ စေတီနှစ်ဆူတည်ပြီး အုတ်ကျောင်းကြီး တစ်ကျောင်းအပြင် အရွယ်အစားချင်းတူသော ရေကန်ကြီး သုံးကန်လည်း ရှိသည်။

ထိုရေကန်များမှာ ဘုရားတည်ရန် အုတ်ကျောင်းဆောက်ရန် အုတ်ဖုတ်ရန်အတွက် ရွံ့စေးမြေ တူးယူသော



www.burmeseclassic.com

www.burmeseclassic.com



ရေကန်သုံးကန်ဖြစ်သည်။

ရေကန်သုံးကန် အကျယ်အဝန်း၊ စောက်အနက် တစ်ညီတည်းတူသလို စေတီနှစ်ဆူနှင့် အုတ်ကျောင်းမှာ လည်း တညီတည်း ရှိလေသည်။

ထိုစေတီနှင့် ကျောင်းတို့မှာ နန်းမတော်မယ်နု ကောင်းမှုတော်ပင် ဖြစ်လေသည်။

ရတနာသေတ္တာတို့ကို သယ်ယူလာသော ကျွန်ယုံ လေးယောက်တို့က ထိုသေတ္တာများကို ရေကန်ထဲသို့ ပစ်ချ လိုက်လေသည်။

ကုန်းဘောင်မင်း နန်းတက်လာသောအခါ နန်းမ တော်မယ်နု အပါအဝင် အဆက်အနွယ်အားလုံးကို သုတ် သင်ပစ်လေသည်။

ထိုပပြင် မယ်နုရွာဖြစ်သော ဖလန့်ခုန်ရွာအပါအဝင် ဝက်မိုး၊ မြင်းပေါက်၊ မဲအိုးစတဲ့ ရွာများမှာ ရှိကြတဲ့ မယ်နု၏ ဆွေမျိုးသားချင်းတွေ အားလုံးကိုပါ သတ်ဖြတ်သုတ်သင်လေ သည်။

ထိုပပြင် ရတနာသေတ္တာများ သယ်ယူလာသော ကျွန်ယုံလေးယောက်ကိုလည်း သုတ်သင်သတ်ဖြတ်ရာ သရဲ ဘဝရောက်ကြရပြီး ၎င်းတို့ထားသော ရတနာပစ္စည်းတို့ကို စောင့်နေကြရလေသည်။

နောက်ပိုင်းကာလကြာတော့ ထိုနေရာတစ်ဝိုက်မှာ





နေထိုင်ကြသူများက ရေကန်ကြီးများအနီးတွင် ကျောင်းတစ် ကျောင်းဆောက်ကာ ကျောင်းထိုင်ဘုန်းကြီး ပင့်ထားလေ သည်။

သို့သော် သီတင်းသုံးသော ဘုန်းကြီးနှင့် ကိုရင်များ သေကြသဖြင့် ကျောင်းထိုင်ဝံ့သူ မရှိတော့ပေ။

နောက်တော့မှ တတ်ကျွမ်းသော ဆရာများကို ခေါ် ယူ၍ စစ်ဆေးကြည့်တော့ နန်းမတော်မယ်နု ရတနာပစ္စည်း တို့ စောင့်သောသရဲ၏ လက်ချက်မှန်း သိရပေတော့သည်။

ထိုရတနာပစ္စည်းများကို အခြားသိုက်ကြီး တစ်ခုအ တွင်းသို့ ရွှေ့ပြောင်းပြီး သရဲလေးယောက်ကို နှင်ပစ်လိုက် တော့မှ ကျောင်းတွင် ကျောင်းထိုင်ဘုန်းကြီး မြဲလေတော့ သည်။

"ဒါဖြင့် နန်းမတော်မယ်နုရဲ့ နန်းစဉ်ရတနာတွေက အခုတော်များမှာပေါ့နော်"

ဟု ဒေါက်တာမင်းထင်ကျော်ကမေးတော့ ဦးစည် တာ ခေါင်းညိတ်ပြသည်။

"များတာပေါ့ကွယ်၊ စိန်တွေနဲ့ချည်းလုပ်ထားတဲ့ နန်း စဉ်ရတနာတွေ၊ ပတ္တမြားတွေ၊ မြတွေ၊ ကျောက်စိမ်းတွေနဲ့ အတွဲလိုက် အစုံလိုက် လုပ်ထားတဲ့ ရတနာတွေဟာ ဆံထိုး တန်ဆာနဲ့ခြေဖျားအထိ ဝတ်ဆင်တာတွေဆိုတော့ ဘယ်လောက် များမယ် ဆိုတာတော့ ခန့်မှန်းသာကြည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အခုလို ပြောပြပေးတာ ကျေးဇူးတင်ပါတယ်အဘ ဒါထက် ဘောဂဗလ သိုက်ကုန်းသွားရင်ကော သူတို့နဲ့ တွေ့နိုင်ပါ့မလား"

"ဘယ်သူကကို ပြောတာလဲကွယ့်"

"ဘောဂဗလ သူဌေးကြီးနဲ့ သိုက်စောင့်တွေပေါ့"

"ဒါကတော့ သေသေချာချာ မပြောနိုင်ပေဘူး။ သူ့ နှစ်သက်လက်ခံမယ်ဆိုရင်တော့ တွေ့ခွင့်ရမှာပါ"

"ဘယ်လိုလုပ်သင့်သလဲ အဘ"

ထိုသို့ မေးလိုက်တော့ ဦးစာညံက တစ်ချက်ကြည့် သည်။

"ငါ့ဆီမှာတော့ သိုက်စောင့်တွေနဲ့ တွေ့ခွင့်ရနိုင်တဲ့ ဂါထာရှိတယ်၊ မင်းဆန္ဒရှိရင်တော့ ပေးလိုက်ပါ့မယ်၊ ဒါပေ မယ့် သွားရင်တော့ ဘယ်သူကကိုမှ အသိမပေးပဲ တစ် ယောက်တည်းသွား၊ မသွားခင် သတ်သတ်လွတ်စားပြီး သီလလေးဘာလေး ဆောက်တည်ပြီးတော့ သူတို့ကို ရည် မှန်းပြီး မေတ္တာပို့ပေး"

"ကောင်းပါပြီ"

ထို့နောက် ဦးစာညံက ခေါင်းရင်း ဘုရားစင်ပေါ်မှာ တင်ထားသော အထုပ်တစ်ထုပ်ထဲမှ ပေရွက်တစ်ရွက်ကို ထုတ်ယူလာပြီး ဒေါက်တာမင်းဒထင်ကျော်ကို ပေးသဖြင့် ကြည့်လိုက်ရာ ရှေးလက်ရေးဖြင့် ရေးထားသော ဂါထာမှာ





ကို တွေ့ရလေသည်။

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ် အဘ"

"ပေးထိုက်လို့ ပေးပြီး ရထိုက်လို့ ရတယ်လို့ပဲ သ ဘောထားပေါ့ကွယ်၊ မင်းကို တစ်ခါတည်း မှာလိုက်ရဦးမယ်၊ တကယ်လို့ သိုက်ထဲဝင်ခွင့်ရခဲ့ရင် မြင်တွေ့ရတဲ့ ရွှေငွေ ရတနာတွေကို စိတ်နဲ့တောင် မပြစ်မှားမိစေနဲ့၊ တကယ်လို့ ပြစ်မှားမိရင် မင်းတစ်သက်လုံး သိုက်ထဲက ပြန်ထွက်လို့ရမှာ မဟုတ်တော့ဘူး"

"ကောင်းပါပြီ အဘ၊ ကျွန်တော် သတိထားပြီးတော့ စောင့်ထိန်းပါ့မယ်"

ထို့နောက် ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့ သည် မြင်းလှည်းနှင့်ပင် တည်းခိုရာ နေအိမ်သို့ ပြန်လာခဲ့ကြ ပေသည်။



www.burmeseclassic.com

www.burmeseclassic.com







# မနော်ရမ္မာရွာသူ မြသင်းကြူ

နောက် တစ်နေ့ နံနက်စောစောအချိန်မှာတော့ ဒေါက်တာမင်းထင်ကျော်တစ်ယောက်တည်း မြစ်ငယ်မြစ်ဆိပ်ကမ်း ရှိရာဘက်သို့ မြင်းလှည်းဖြင့် ဆင်းလာခဲ့လေသည်။

နံနက်စောစောအချိန်ဖြစ်သောကြောင့် နှင်းမှုန်းက ကျဆင်းနေဆဲပင် ရှိသေးကာ အအေးဓါတ်ကလည်း မပြယ်



www.burmeseclassic.com

www.burmeseclassic.com



သေးပေ။ လမ်းများပေါ်မှာတော့ လူသွားလူလာများ ကျဲကျဲပါးပါး သွားလာနေကြပေပြီ။

ဒုတ္တာဝတီဟုခေါ်သော မြစ်ငယ်မြစ်မှာ အင်းဝ၏မြောက်ဖက်၌ ရှိပေသည်။

(၁၉၁၉)ခုနှစ်လောက်က ထိုမြစ်ကမ်းတစ်လျှောက်မှာ လူနေထိုင်မှု မများသေးပဲ စိုက်ခင်းပြုလုပ်ကာ အသက်မွေးကြသူ အချို့လောက်သာ ရှိပေသည်။

တကယ်တော့. . . မြစ်ငယ်မြစ်သည် အင်းဝမြို့ကိုမြောက်ဖက်က ကျူးသဖွယ် ကာရံထားသော မြစ်တစ်စင်းလည်း ဖြစ်ပေသည်။

မြစ်ကမ်းရောက်တော့ မြစ်ထဲတွင် မြူနှင်းများ ဆွေဆိုင်းနေသည်ကိုသာ တွေ့ရသည်။ မြစ်တွင်းမှာ သွားလာနေကြသည့် လှေအချို့တော့ ရှိနေပြီ။

ထိုနေရာရောက်တော့ အကြော်တဲတစ်တဲသို့ ဝင်ရောက်ပြီး မေးမြန်းစုံစမ်းကြည့်ရသည်။

"ဘောဂဗလ စံအိမ်ဟောင်း ရှိတဲ့နေရာကို သွားချင်လို့ပါ၊ လှေသမားများ မရနိုင်ဘူးလား"

"ဒီမှာတော့ ကူးတို့ခတ်တဲ့လှေ မရှိပါဘူး၊ အသွားအလာနည်းလို့ ဘယ်သူမှ ကူးတို့မခတ်ကြတော့ဘူး"

အကြော်တဲမှ မိန်းမကြီးက ပြောပြသည်။

"ဒါဖြင့် ဘယ်လိုသွားရင် ရောက်မလဲဗျာ"





"လှေသမားတစ်ယောက်ရှာပြီး သွားချင်သွား၊ ဒါမှမဟုတ် မနော်ရမ္မာရွာကို ရောက်အောင်သွားပြီး အဲဒီရွာကမှ တစ်ဆင့် သွားရင် ရောက်နိုင်ပါတယ်"

"အဲဒီရွာကိုရော ဘယ်လိုသွားရမလဲဗျာ၊ ကူးတို့လှေများ မရှိဘူးလား"

"ဒီနေရာမှာတော့ ကူးတို့လှေ မရှိဘူး၊ တစ်ခုတော့ရှိတယ်၊ မနော်မာရမ္မာရွာက ဈေးဝယ်လာတဲ့လှေနဲ့ လူကြုံလိုက်သွားရင်တော့ ရောက်ပါတယ်၊ ဟိုကမ်းစပ်မှာ လှေတွေရှိတယ်၊ အဲဒီမှာဆင်းပြီး စုံစမ်းကြည့်ပါလား"

ဟု လမ်းညွှန်ပေးသဖြင့် ကျေးဇူးတင်ကြောင်းပြောပြီး ဆိပ်ကမ်းဘက်သို့ ဆင်းလာခဲ့သည်။

ကမ်းစပ်မှာတော့ လှေအချို့ရပ်ထားသည်သာ တွေ့ရပြီး လူတော့မရှိပေ။ မလှမ်းမကမ်းမှာတော့ ငါးဖမ်းပြီး ပြန်လာသော လှေတစ်စင်းတွေ့သဖြင့် စုံစမ်းကြည့်ရာ. . .

"ဒီဆိပ်မှာတော့ မနော်ရမ္မာရွာဘက်ကလာတဲ့ လှေတွေများပါတယ်၊ ဒီနေရာကစောင့်ပြီး စီးရင် လှေကြုံတွေ့နိုင်ပါတယ်"

ဟုပြောက ငါးတွေကိုဆွဲကာ ကမ်းပေါ်တက်သွားလေသည်။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်လည်း လှေဆိပ်နှင့် မနီးမဝေးမှာရှိသည့် ကျောက်တုံးတစ်တုံးပေါ်မှာ အေး



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးဆေးပင် ထိုင်စောင့်နေတော့သည်။

နှင်းကွဲပြီး နေထွက်ချိန်ရောက်တော့ ကမ်းဘက်သို့ လူနှစ်ယောက် ဆင်းလာကြလေသည်။

အဘိုးကြီးတစ်ယောက်နှင့် မိန်းမပျို တစ်ယောက်တို့ ဖြစ်ကြလေသည်။

ဈေးဝယ်ပြီး ပြန်လာကြဟန်ဖြင့် အထုပ်အပိုးများ ပါလာကြသည်။

၎င်းတို့ ဆင်းလာတာမြင်တော့ ဒေါက်တာမင်းထင်ကျော်က ထိုင်နေရာမှ ထသွားပြီး မေးလိုက်သည်။

"အဘတို့က ဘယ်သွားကြမှာလဲဗျာ"

"ရွာကို ပြန်ကြမှာပါ၊ ဒါထက် မောင်က ဘယ်သွားချင်တာလဲ"

ဟု အဘိုးကြီးက ပြန်မေးသည်။

"မနော်ရမ္မာရွာကို သွားချင်လို့ လှေကြုံစောင့်နေတာပါ"

"ဘယ်ကတောင် လာရတာလဲ"

"ရန်ကုန်မြို့က လာခဲ့တာပါ၊ အင်းဝဘက်မှာ လှေလာပြီးတော့ အနီးပတ်ဝန်းကျင်က နေရာတွေကိုပါ လှေလာကြည့်ချင်လို့ပါ"

"ဒီလိုဆိုရင်တော့ လိုက်ခဲ့ပါမောင်၊ ကျုပ်တို့ မြေးအဖိုးက မနော်ရမ္မာရွာကပါပဲ၊ အဲဒီကို ပြန်မှာ"





"ကျေးဇူးတင်ပါတယ်၊ အဘရယ်"

ဟုပြောကာ လှေဆိပ်သို့ ဆင်းကြလေသည်။

လှေထဲရောက်တော့ မိန်းကလေးက ရှေ့မှလှော်ကာ အဘိုးကြီးက နောက်မှလှော်လေသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ လှေဝမ်းအလယ်မှ ထိုင်လိုက်ရလေသည်။

လမ်းတစ်နေရာ ရောက်တော့မှ အဘိုးကြီးက မေးသည်။

"ဒါထက် မနော်ရမ္မာရွာ သွားမှာဆိုတော့ ဟိုမှာ အသိမိတ်ဆွေတွေများ ရှိသလားကွယ့်"

"မရှိပါဘူး အဘ"

"ဘယ်နေရာတွေသွားဖို့ စိတ်ကူးထားတာလဲ"

"သူဌေးကြီး ဘောဂဗလ တည်ဆောက်ခဲ့တဲ့ စံအိမ်ဟောင်းကြီးကို လှေလာကြည့်ချင်လို့ပါ"

"အဲဒီကိုတော့ မကြာခဏ လူတွေလာကြပါတယ်"

"ဘာအတွက် လာကြတာလည်း အဘ"

"ထုံးစံအတိုင်း သူဌေးကြီး မြှုပ်နှံထားခဲ့တဲ့ ရွှေငွေရတနာတွေကို လာရှာကြတာပေါ့ကွယ်၊ ဒါထက် မောင်ကရော အဲဒါတွေ စိတ်ဝင်စားလို့ လာတာများလား"

"မဟုတ်ပါဘူး၊ ကျွန်တော်က ရွှေငွေရတနာတွေလည်း မရှာပါဘူး၊ စိတ်လည်း မဝင်စားပါဘူး၊ ကျွန်တော် စိတ်ဝင်စားတာက အဲဒီမှာရှိနေတဲ့ စက်ကြိုးယန္တယားတွေကို



www.burmeseclassic.com

www.burmeseclassic.com



လေ့လာချင်တာပါ"

"အန္တရာယ် များလှပါတယ်ကွယ်"

"မှန်ပါတယ်၊ လွယ်လွယ်နဲ့တော့ သိရမယ် မထင်ပါဘူး၊ သက်ဆိုင်သူတွေကို ခွင့်တောင်းပြီး သူတို့ခွင့်ပြုပေးမှ လေ့လာကြည့်မှာပါ"

ထိုစကားကြားတော့ အဘိုးကြီးက သဘောကျသွားဟန် တူလေသည်။

တစ်ချက် ပြုံးလိုက်သည်ကို တွေ့လိုက်ရသည်။

"သူတို့နဲ့ရော ဘယ်လိုတွေ့မှာလဲ"

"မေတ္တာပို့ပြီး မေတ္တာရပ်ခံကြည့်မှာပါ"

"အင်း. . ဒီလိုတွေးထားတယ် ဆိုရင်တော့ တွေ့ခွင့်ရနိုင်ပါလိမ့်မယ်၊ ကျုပ်တို့နေတဲ့ မနော်ရမ္မာရွာနဲ့တော့ ဘောဂဗလ စံအိမ်ပေါင်းရှိတဲ့နေရာက မဝေးလှပါဘူး၊ အဲဒီနေရာ သွားတဲ့လူတိုင်း သေကြတာများတော့ အခြောက်အလှန့်တွေတော့ ရှိတယ်",

ဒေါက်တာမင်းထင်ကျော်က သဘောပေါက်သည့် အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

စကားတပြောပြောနှင့် လျှောက်လာရာ တဖြည်းဖြည်းနှင့် အင်းဝနှင် အတော်ပင် ဝေးလာလေသည်။

မြူခိုးငွေ့များကြားမှာ ပိုးတဝါးလောက်သာ လှမ်းမြင်ရတော့သည်။ လမ်းတစ်လျှောက်လုံး အဘိုးကြီးနှင့်သာ





စကားပြောလာသော်လည်း လှေဦးမှထိုင်ကာ လှေလှော်နေသော အမျိုးသမီးကတော့ တစ်ချက်ကလေးမှ လှည့်မကြည့်ပဲ လှေကိုသာ မှန်မှန်လှော်နေလေသည်။

"ဟိုးရှေ့မှာ မြင်နေရတဲ့ ကိုင်းတောကြီးတွေရှိတဲ့နေရာကျော်ရင် မနော်ရမ္မာရွာ ရောက်ပါပြီ၊ အဲဒီကိုင်းတောကြီးတွေရဲ့ ဟိုးအနောက်ဘက်မှာ ဘောဂဗလ စံအိမ်ပေါင်းကြီးရှိတယ်၊ သစ်တောတွေ ကိုင်းတောတွေ ကွယ်နေလို့ မြစ်ဘက်က ကြည့်ရင်တော့ မမြင်ရပါဘူး"

"ဒါဖြင့် ကျွန်တော် အဲဒီမှာ ဆင်းနေခဲ့ရမလား အဘ"

"မင်း ဒီမှာ ဆင်းနေရင် စားစရာ သောက်စရာလည်း ဘာမှ ရမှာမဟုတ်ဘူး၊ နောက်တစ်ခုက ပြန်ချင်ရင် လှေကြုံရဖို့ ခက်လိမ့်မယ်၊ ဒီတော့ ကျုပ်တို့နဲ့ ရွာကိုလိုက်ခဲ့ပါ၊ ဟိုရောက်တော့ အိမ်မှာပဲ တည်းပေါ့"

"အားနာစရာ ကောင်းလှပြီ"

"တောဆိုတာ မြို့မှာလို မဟုတ်ပါဘူး၊ ဧည့်သည်လာလို့ မျက်နှာမငယ်ရပါဘူး၊ အိမ်မှာတည်းပြီးမှ သွားချင်တဲ့နေရာ သွားလေ့လာပေါ့"

"ကျေးဇူးတင်ပါတယ် အဘရယ်"

ဟု ပြောလိုက်ရသည်။

ထို့နောက် တဖြည်းဖြည်း လှော်သွားကြလေရာ နေ့



www.burmeseclassic.com

www.burmeseclassic.com



လည်ပိုင်း အချိန်ရောက်တော့ မနော်ရမ္မာရွာသို့ ရောက်သွားကြတော့သည်။

မနော်ရမ္မာရွာသည် ရွာကြီးတစ်ရွာ ဖြစ်သော်လည်း ကမ်းစပ်၌ တည်ထားသော ရွာမျိုးတော့ မဟုတ်ပေ။

ဟိုးအတွင်းပိုင်း၌ တည်ထားလေသည်။ လှေဆိုက်ပြီး ကမ်းပေါ်ရောက်တော့မှ သစ်ပင်ဥယျာဉ်တို့ဖြင့် မှိုင်းညို့နေသော ရွာတန်းရှည်ကို လှမ်းမြင်ရခြင်း ဖြစ်ပေသည်။

ရွာရောက်အောင် စပါးစိုက်သော လယ်ကွင်းများကို ဖြတ်ကျော်သွားရသေးသည်။

ရွာအတွင်းရောက်သွားတော့ အုန်းပင်၊ ကွမ်းသီးပင်၊ ဌက်ပျောပင်၊ အခြား အသီးအနှံပင်များက အပင်ချင်းယှက်တမျှရှိနေရာ နေပြောက်မထိုးသာအောင်ပင် ရှိလေသည်။

ရွာတွင်း၌ရှိသော အိမ်အတော်များများမှာ သစ်ဝါး သက်ကယ်တို့ဖြင့် သပ်ရပ်စွာ ဆောက်ထားသော အိမ်ကြီး အိမ်ကောင်းများ ဖြစ်ကြလေသည်။

လှေသမား မြေးအဖိုး နေသောအိမ်မှာ ရွာအစွန်ဘက်၌ရှိပြီး ပျဉ်ခင်း၊ ပျဉ်ကာ၊ သက်ကယ်မိုးထားသော အိမ်ကြီးတစ်လုံးပင် ဖြစ်လေသည်။

ရှေးအခါက ကျေးလက်တောရွာများ၏ ကြီးပွားတိုးတက်ခြင်း အခြေအနေကို သိစေရန် အသုံးပြုသော ပစ္စည်းသုံးမျိုး ရှိသည်။





သွပ်မိုးခြင်း အောက်လင်းဓါတ်မီးထွန်းခြင်းနှင့် ဓါတ်အိုးဟုခေါ်သော ဓါတ်စက်ဖွင့်နိုင်ခြင်းတို့ ဖြစ်သည်။

ကျေးလက်တောရွာများတွင် ငွေကြေးချောင်လည်သူတို့က မိမိနေအိမ်ကို သွပ်မိုးပြီး အောက်လင်းဓါတ်မီးထွန်းကာ ဓါတ်စက်များဖြင့် ဇာတ်ထုပ်ဇာတ်လမ်းများ ဖွင့်နိုင်ကြသည်။

ထိုအိမ်မှ ဇာတ်ထုပ်ဇာတ်လမ်းဖွင့်လျှင် တစ်ရွာလုံး ကလေးလူကြီးမကျန် သွားရောက်နားထောင်ကြလေ့ရှိသည်။

သွပ်ကိုတော့ အချို့ မြန်မာဆန်သော ကျေးလက်များတွင် မသုံးကြပေ။ မြန်မာ့ကျေးလက်အလှကို ဖျက်ဆီးသည့်အရာဟု သတ်မှတ်ကာ အိမ်ကြီးအိမ်ကောင်း ဆောက်သော်လည်း အမိုးကိုတော့ သက္ကလပ်ကိုသာ မိုးကြသည်။

သွပ်ကိုတော့ ဘုန်းကြီးကျောင်းဆောက်မှသာ အသုံးပြုလေ့ရှိကြသည်။

ဒေါက်တာမင်းထင်ကျော် ရောက်သွားသော အိမ်ကြီးမှာ ကျွန်း၊ ပျဉ်းကတိုးစသော သစ်ကောင်းများဖြင့် ဆောက်ထားသော်လည်း သက္ကလပ်ကိုသာ မိုးထားသည်။

ထိုအိမ်ရောက်တော့ ဒေါက်တာမင်းထင်ကျော်ကို တွမ်းဆေးလက်ဘက်တို့နှင့် ဧည့်ခံထားကာ ၎င်းတို့ကတော့ လုပ်စရာရှိတာ လုပ်နေကြသည်။

အမျိုးသမီးက ထမင်းဟင်းများ ချက်ပြုတ်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက အိမ်မှုဝေယျာဝစ္စများ လုပ်ကိုင်နေလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထူးခြားသော အကြောင်းအရာများနှင့် ခရီးစဉ်များကို မှတ်တမ်းရေးနေသည်။

နေ့လည်ဘက် ထမင်းစားချိန်ရောက်တော့ ထမင်းကျွေးသည်။

တစ်နေ့လုံး အေးအေးဆေးဆေးပင် နေခွင့်ရပြီး ညနေစောင်းရောက်သောအခါ အဘိုးကြီးနှင့် အမျိုးသမီးတို့ထံ သူရှိရာ ရောက်လာကြသည်။

ထိုသို့တွေ့တော့မှ သူတို့နာမည်များကို ပြောပြကြသည်။

"ကျုပ်နာမည်က ဦးသက္ကလို့ ခေါ်ပါတယ်၊ ကျုပ်မြေးလေးနာမည်ကတော့ မြသင်းကြူတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်"

"ဒီလိုပေါ့လေ၊ တစ်နေရာစီမှာ နေကြတယ် ဆိုသော်ငြားလည်း ပဋ္ဌာန်းဆက် ရေစက် ရှိကြတော့လည်း ဒီလိုပဲ တွေ့ကြဆုံကြရတာပေါ့၊ ဒါထက် မေးပါရစေဦး၊ ဒီည ဘောဂဗလသိုက်ကုန်းကို သွားမှာလား"

"ဟုတ်ကဲ့ သွားကြည့်ဖို့ စိတ်ကူးထားပါတယ်"

"ဒီညက လပြည့်ညဆိုတော့ သက်ဆိုင်သူတွေနဲ့ တွေ့မယ်ဆိုရင်လည်း တွေ့နိုင်ပါလိမ့်မယ်၊ ဒါပေမယ့် တစ်ခု





တော့ရှိတယ်၊ သူတို့ဆီ သွားမယ်ဆိုရင်တော့ အနှောက်အယှက်တွေနဲ့တော့ မုချတွေ့ရမှာပဲ အကာအကွယ်ပစ္စည်းတွေ ဘာတွေရော ပါရဲ့လား"

"ကျွန်တော်က အဲဒါတွေကို သိပ်မသိလို့ ဘာမှမပါခဲ့ပါဘူး"

ဒေါက်တာမင်းထင်ကျော်က ဦးတည်ပေးလိုက်သော သိုက်စောင့်များနှင့် တွေ့နိုင်စေသော ဂါထာအကြောင်းကိုတော့ မပြောတော့ပေ။

ထိုအခါ ဦးသက္ကက ဘုရားစင်ပေါ်မှာ တင်ထားသော ငွေအုပ်အတွင်းမှ ချည်ကြိုးအချို့ကို ယူလာပြီးပေးသည်။

"ကျုပ်ကလည်း ဆရာတစ်ယောက် မဟုတ်တော့ ဆေးဝါးတွေတော့ မရှိဘူး၊ ဒီပရိတ်ချည် ပရိတ်ကြိုးတွေကိုသာ လိုရမယ်ရဆောင်ထားပေါ့၊ မကောင်းဆိုးဝါးတွေနှောက်ယှက်တာလောက်တော့ အကာအကွယ် ပေးနိုင်ပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် အဘရယ်"

ဟုပြောပြီး လှမ်းယူထားလိုက်သည်။ အတန်ကြာတော့ ဦးသက္ကလာနေရာမှ ထသွားသောကြောင့် မြသင်းကြူသာ ကျန်ခဲ့တော့သည်။

ထိုအခါမှ မြသင်းကြူက အပြုံးရိပ်သန်းနေသော မျက်နှာမျိုးဖြင့် မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“အစ်ကိုက မရဏာသိုက်ကုန်းကို ညအချိန်မတော် ကြီးမှ တစ်ယောက်တည်း သွားမှာဆိုတော့ မကြောက်ဘူး လားဟင်”

“မရဏာသိုက်ကုန်းဆိုတာ”

“အစ်ကိုသွားမယ့် နေရာပဲလေ၊ ဘောဂဗလ စံအိမ် ရှိတဲ့ နေရာကိုပြောတာ၊ သွားတဲ့သူတိုင်း သေကြလို့ မရဏာ သိုက်ကုန်းလို့ အမည်တွင်နေကြတာ”

“ကျွန်တော်သွားမှာက သူများတွေသွားတာနဲ့ ရည် ရွယ်ချက်ချင်းမှ မတူတာ၊ တခြားလူတွေက သူဌေးကြီးရဲ့ ဥစ္စာပစ္စည်းတွေ ရှာဖွေချင်လို့ သွားကြတာ ဖြစ်ပါလိမ့်မယ် ကျွန်တော်သွားတဲ့ ရည်ရွယ်ချက်က အဲဒီလို မဟုတ်ဘူး”

ဒေါက်တာမင်းထင်ကျော် စကားကြားတော့ မြသင်း ကြူက မျက်လုံးအဝိုင်းသားနှင့် ကြည့်နေလေသည်။

“ကျွန်တော်သွားမယ့် ရည်ရွယ်ချက်က သူတို့နဲ့တွေ့ ဖို့ ရည်ရွယ်ချက် သက်သက်ပါပဲ၊ ဥစ္စာပစ္စည်းတွေကို မက် မောတဲ့စိတ်လည်း မရှိပါဘူး၊ တကယ်လို့ သူတို့ ခွင့်ပြုပေး မယ်ဆိုရင်တော့ အိမ်ကြီးမှာတပ်ဆင်ထားတဲ့ စက်ကျောမပညာ တွေကိုတော့ လေ့လာကြည့်ချင်ပါတယ်”

“ဒီလိုသွားမယ်ဆိုရင်တော့ အစ်ကို့ဆန္ဒ ပြည့်နိုင်ပါ လိမ့်မယ်”

“မင်းက ဘယ်လိုများ သိနေတာပါလိမ့်”





ဒေါက်တာမင်းထင်ကျော်ကမေးတော့ မြသင်းကြူ က ဘာမှပြန်မပြောဘဲ ရယ်နေသည်။

“စိတ်ထဲမှာ ထင်လို့ ပြောကြည့်တာပါ၊ ကျွန်မက ဒီရွာမှာသာ နေတယ်ဆိုပေမယ့် ဒီအကြောင်းတွေကိုတော့ သိပ်ပြီးမသိသေးပါဘူး”

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောတော့ ဘဲ သူမကို အကဲခတ်သလို တစ်ချက်ကြည့်ကာ နေရာမှ ထရပ်လိုက်လေသည်။

နေဝင်ချိန် ရောက်တော့မည်မို့ ဘောဂဗလ သိုက် ကုန်းသို့သွားရန် ပြင်ဆင်ရလေတော့သည်။

စိတ်ထဲမှာတော့ လျို့ဝှက်သော အပြုံးများနှင့် မနော် ရမ္မာရှာသူ မြသင်းကြူအကြောင်းကို တွေးနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com







# မရဏသိုက်ကုန်း

အချိန်က ညနေစောင်းသာ ရှိသေးသော် မြူနှင်းများ ကျဆင်းနေပြီ ဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ မှုန်မှိုင်းစပြုနေလေပြီ။ သို့သော် လပြည့်ညဖြစ်သောကြောင့် လရောင်ထွက်လာသည်နှင့် အလင်းရောင်ရလာလေသည်။

လရောင်က မြူနှင်းများ ဖြတ်သန်းကျလာရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မှုံဝါးဝါးသာ ရှိနေတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ ထွေထွေထူးထူး ပစ္စည်းမပါဘဲ ဦးဖန်ကောင်းအိမ်မှ ယူလာသော လွယ်အိတ်တစ်လုံးသာ လွယ်လာလေသည်။ ထိုလွယ်အိတ်ထဲမှာတော့ ဦးဖန်ကောင်း ထည့်ပေးလိုက်သည့် ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် မီးခြစ်ဗူး စသည်တို့အပြင် အခြားပစ္စည်းအချို့လည်း ပါလာလေသည်။

ထို့ပြင် ဦးစာညံပေးလိုက်သည့် သိုက်စောင့်များနှင့် တွေ့ခွင့်ရစေနိုင်သည့် ဂါထာမန္တာန်များ ရေးထားသော ပေရွက်လည်း ပါသည်။

ဦးသဏ္ဍ ပေးလိုက်သည့် ပရိတ်ကြိုး ပရိတ်ခြည်များကိုတော့ အပေါ်အိတ်အတွင်းမှာ ထည့်ထားလေသည်။

ပစ္စည်းများ စုံသောအခါ ရွာမှ ထွက်လာလေသည်။

မှောင်ရီသမ်းစအချိန် ရောက်နေပြီ ဖြစ်သောကြောင့် ရွာပတ်ဝန်းကျင်မှာတော့ လူသွားလူလာ မတွေ့ရသလောက်နည်းသွားပေပြီ။

သူသည် ဦးသဏ္ဍလမ်းညွှန်ပေးလိုက်သည့် လမ်းအတိုင်း ထွက်လာခဲ့လေသည်။

မြစ်ကမ်းနှင့် မဝေးလှသော လမ်းကလေးအတိုင်း အရှေ့ဘက်သို့လာရာ ပြိုကျနေပြီဖြစ်သော မဟာဗောဓိဘုရားကို အရင်တွေ့ရသည်။ ထိုနေရာမှ ကျော်ဖြတ်လာသောအခါ မနော်ရမ္မာ ဥယျာဉ်ဟောင်းနေရာသို့ ရောက်သည်။ ဥယျာဉ်ဟောင်းနေရာမှ ကျော်လာတော့ ကုလားရွာရှိသောနေရာသို့ ရောက်လာသည်။

ထိုနေရာမှ အရှေ့ဘက်သို့ တစ်ခေါ်လောက် လျှောက်လာသောအခါ ကြီးမားသော ထနောင်းပင်ကြီးတစ်ပင်ရှိသည့် နေရာသို့ ရောက်လာလေသည်။

သိုက်တူးသမားများက မဟာဗောဓိဘုရားကုန်း မနော်ရမ္မာဥယျာဉ်ဟောင်းနေရာ စသည်တို့တစ်ဝိုက်မှာ တူးဖော်ရှာခြင်းဖြစ်ရာ ယခု သူရောက်နေသောနေရာသို့ ရောက်ကြဟန်မတူပေ။

ထိုနေရာကိုတော့ ဦးသဏ္ဍက လမ်းညွှန်ပေးလိုက်ခြင်းပင် ဖြစ်တော့သည်။

ထိုနေရာရောက်တော့ ကျောက်ပြားတစ်ချပ် တွေ့ရသဖြင့် ဝင်ထိုင်ပြီး အခြေအနေကို ကြည့်သည်။

ညဦးပိုင်းအချိန် ရောက်လာပြီ ဖြစ်သဖြင့် လရောင်ရှိနေသော်လည်း မှုံဝါးဝါးလောက်သာ ပတ်ဝန်းကျင်ကို မြင်တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်က ကျောက်ပြားပေါ်ထိုင်တာ ပါလာသောရေကိုသောက်၍ အမောအပန်းဖြေသည်။

ပြီးမှ လုပ်စရာရှိတာ ဆက်လုပ်သည်။

ဦးစွာ သူထိုင်မည့်နေရာ ပတ်ဝန်းကျင်တစ်ဝိုက်ကို





www.burmeseclassic.com

www.burmeseclassic.com



ပရိတ်ကြိုးများဖြင့် ပတ်ဝိုင်းပြီး အရံအတားလုပ်သည်။

ထိုသို့ ပတ်ဝိုင်းနေစဉ်မှာ ထနောင်းပင်ပေါ်မှ အသံကြားသဖြင့် မော့ကြည့်ရာ မည်းမည်းသဏ္ဍာန်သာ မြင်ရသော မကောင်းဆိုးဝါးတစ်ကောင် သစ်ပင်ပေါ်သို့ ဆင်းလာလိုက်၊ ပြန်တက်လာလိုက်နှင့် ဂဏှာမငြိမ် ဖြစ်နေသည်။

ဒေါက်တာမင်းထင်ကျော်က ဂရုမစိုက်ပဲ ပရိတ်ကြိုးများ ပတ်ဝိုင်းနေရာ ကြိုးချင်းဆက်မိတော့မှ အသံကြားရသည်။

"ခဏနေပါဦး. . အပြင်ထွက်ပါရစေဦး၊ ဒီမှာ ပူလို့ မနေနိုင်တော့လို့ပါ"

ဟု ပြောသဖြင့် မဆက်သေးဘဲ ရပ်ပေးလိုက်သည်။

ထိုအခါမှ ပရိတ်ကြိုးစချင်း လွတ်နေသော နေရာမှ မည်းမည်းကြီးတစ်ကောင် ဒရောသောပါးနှင့် ပြေးထွက်သွားသည်ကို ဝိုးတဝါး လှမ်းမြင်လိုက်ရသည်။

နောက်ထပ် အသံမကြားရတော့မှ ပရိတ်ကြိုးစချင်း ဆက်ဝိုင်းလိုက်သည်။

ပြီးသည်နှင့် ကျောက်ပြားပေါ်မှာ အမွှေးတိုင်၊ ဖယောင်းတိုင်များထွန်းကာ ဘုရားကို အာရုံပြု၍ ကန်တော့သည်။ ပတ်ဝန်းကျင်၌ရှိသော မြင်အပ်သောပုဂ္ဂိုလ်၊ မမြင်အပ်သောပုဂ္ဂိုလ်တို့အား မေတ္တာပို့၍ အမျှအတန်းပေးဝေသည်။





ထို့နောက်မှာတော့ ဦးစံညွှန်ပေးလိုက်သည့် ပေစွက်ကို ထုတ်ကာ သိုက်စောင့်များနှင့် တွေ့စေနိုင်သည့် ဂါထာမန္တာန်တို့ ကို စတင်ရွတ်ဆိုလေသည်။

အချိန်အတော်ကြာသည်အထိတော့ ထူးထူးခြားခြား မရှိသေးပဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

ညဉ့်ဦးပိုင်း အချိန်လွန်တော့မှ အမှောင်ရိပ် အတွင်းဘက်မှ အသံအချို့ကို ကြားလာရသည်။ ခြေသံများ၊ တဟီးဟီး. . တဟဲဟဲဖြင့် မာန်ဖီလာသော အသံများ ဖြစ်သဖြင့် ကြည့်သောအခါ အမှောင်ထဲမှထွက်လာသော သရဲသဘက်များကို တွေ့ရလေသည်။

ပုံသဏ္ဍာန်မျိုးစုံ ဖြစ်သော်လည်း အားလုံးကတော့ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ စက်ဆုပ်ရွံရှာဖွယ်ရာကောင်းသော ပုံသဏ္ဍာန်များချည်း ဖြစ်ကြသည်။

အချို့လည်း သရဲသဘက်အသွင်နှင့် လာရောက်ခြောက်လှန့်ကြသည်။

အချို့ကျတော့ မြွေသဏ္ဍာန်၊ ကျားသဏ္ဍာန်များဖြင့် လာကြခြင်း ဖြစ်သည်။ နဂါးနှင့်တူသော မြွေကြီးများမှာ ထန်းလုံးပမာခန့်ကြီးပြီး စည်းအပြင်ဘက်မှ ပါးပျဉ်းထောင်လျက် မှိုးကြည့်ရာ ထနောင်းပင်ထက်ပင် ပိုမြင့်ကြသည်။

သို့သော် ပရလောကသားတို့မှာ စည်းအပြင်ကသာ ခြောက်လှန့်ကြပြီး စည်းအတွင်းတော့ မဝင်နိုင်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်, စိတ်ထဲမှာတော့ သိုက်စောင့်များနှင့် တွေ့နိုင်သည့် ဂါထာမန္တာန်များ ရွတ်ဆိုသောကြောင့် သိုက်စောင့်များရောက်လာကြသည်ဟုသာ သဘောထားလျက် ကိုယ့်အလုပ်ကိုသာ ဆက်လုပ်နေလေသည်။

ညသီးပိုင်း အချိန်ကျော်တော့ သရဲသဘက်များ၊ မြွေကျားစသော တိရစ္ဆာန်များ ကွယ်ပျောက်သွားပြီး လူသံသူသံများ ကြားလာရပြန်သည်။

"ဝိုင်းဟော့၊ ဝိုင်းဟ၊ မလွတ်စေနဲ့၊ ငါတို့ရွာ၊ ငါတို့နေရာကို လာပြီး အနှောက်အယှက် လာပေးတဲ့သူကို သတ်ကြဟ"

ထိုသို့သော အသံများကြားရပြီး လေးဘက်လေးတန်မှ လူအများ ထွက်လာကြသည်။ ရှမ်းဘောင်းဘီ အကျႌအနက်များ ဝတ်ထားကြပြီး ဓားလှံများကိုင်ကာ သူရှိသောနေရာသို့ ပတ်ဝိုင်းလာကြလေသည်။

ဒီတစ်ခါတော့ဖြင့် ရှင်းပြ၍ မရတော့ဘဲ ဒုက္ခတွေ့ပြီဟုသာ စိတ်ထဲမှတွေးပြီး မျက်စိမှိတ်ကာ ဘုရားကိုသာ အာရုံပြုထားလိုက်သည်။

ကြားရသော အသံများက တဖြည်းဖြည်းနီးလာသည်။

ခြေသံများက အနီးဝန်းကျင်သို့ ရောက်လာကြသည်။





"ငါတို့ကို အနှောက်အယှက် လာပေးသူကို သတ်ကြ"

ထိုသို့ကြားနေရသော အသံများမှာ အတော်နီးသောနေရာ ရောက်လာပြီးမှ မီးကို ရေနှင့် သတ်လိုက်သကဲ့သို့ ရုတ်ခြည်းတိတ်ဆိတ်ငြိမ်သက်သွားသောကြောင့် အံ့ဩသွားကာ မျက်စိပြန်ဖွင့်ကြည့်လိုက်သည်။

သူ့ပတ်ဝန်းကျင်တွင် အနှောက်အယှက်ပေးနေသော ပရလောကသားများ မရှိတော့ပေ။

မနီးမဝေးမှာတော့ မတ်တပ်နေသော မိန်းမပျိုတစ်ယောက်ကိုတော့ တွေ့ရလေသည်။

ရှေးနှစ်ပေါင်း လေးရာကျော်လောက်က အင်းဝသူတို့ဝတ်ဆင်သော အဝတ်အစားများ ဝတ်ဆင်ထားပြီး ရုပ်ဆင်းအင်္ဂါက အတော်ပင် ချောမောလှပပေသည်။ သူမ၏ မျက်နှာမှာ မနော်ရမ္မာရွှာမှ မြသင်းကြူမျက်နှာနှင့် အတော်ပင် ဆင်လှသည်။

သူမက ဒေါက်တာမင်းထင်ကျော် တားထားသော ပရိတ်ကြိုး စည်းနားအထိ ရောက်လာအောင်လာပြီးမှ ချိုသာသောအသံဖြင့် မေးလေသည်။

"မောင်ကြီးက ဘယ်သူလဲ"

"ကျွန်တော်က ခရီးသွားဧည့်သည် တစ်ယောက်ပါ။ သိုက်တူးဖို့လာတဲ့ သိုက်ဆရာ တစ်ယောက်တော့ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး"

သူမက တစ်ချက်ပြုံးလိုက်သည်။

"မြင်ရုံနဲ့ သိနိုင်ပါတယ်၊ ဒါဖြင့် ဘာကြောင့် သိုက်စောင့်တွေနဲ့ တွေ့နိုင်တဲ့ ဂါထာရွတ်နေတာပဲ"

"သိုက်စောင့်တွေနဲ့ တွေ့ချင်လို့ပါ"

"အင်းဝနယ်တကြောမှာ သိုက်တွေအများကြီး ရှိသလို သိုက်စောင့်တွေလည်း အများကြီး ရှိကြတယ်၊ ဘယ်သိုက်စောင့်ကို တွေ့ချင်တာလဲ"

"သူဌေးကြီး ဘောဂဗလနဲ့ သမီးမြလေးနွယ်နဲ့ တွေ့ချင်လို့ လာခဲ့တာပါ"

"ဘယ်လိုအကြောင်း ရှိလို့လဲ"

"သူတို့အကြောင်းတွေကို စိတ်ဝင်စားလို့ပါ၊ ကျွန်တော်တတ်နိုင်တဲ့ ကိစ္စရှိရင်လည်း အကူအညီ ပေးချင်လို့ပါ"

"ဒီစကား ကြားရတာ ဝမ်းသာလှပါတယ်၊ ကျွန်မက တခြားမဟုတ်ပါဘူး၊ သူဌေးကြီး ဘောဂဗလရဲ့သမီး မြလေးနွယ်ပါပဲ"

ဟု ပြောပြလေသည်။

ထိုသို့တွေ့ရသဖြင့် ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ကျေနပ်မှု ဖြစ်သွားလေသည်။

"တွေ့ချင်တဲ့သူတွေနဲ့ တွေ့ခွင့်ရတဲ့အတွက် ကျေနပ်မိပါတယ်"





"မောင်ကြီးအနေနဲ့ ဖေဖေနဲ့ တွေ့ချင်တယ်ဆိုရင်တော့ ကျွန်မနောက်က လိုက်ခဲ့ပါ"

ဟုခေါ်ရာ ဒေါက်တာမင်းထင်ကျော်မှာ စိတ်မချဖြစ်နေသောကြောင့်လည်း အတွင်းမှ အပြင်ဘက်သို့ ချက်ချင်းမထွက်ဝံ့သေးပဲ စဉ်းစားနေလေသည်။

ထိုအခြေအနေကို အပြင်ဘက်မှာ ရပ်နေသောအမျိုးသမီးက အကဲခတ်မိဟန်တူလေသည်။

"စိတ်မပူပါနဲ့ မောင်ကြီးရယ်၊ ကျွန်မက မောင်ကြီးကို အန္တရာယ်ပေးမယ့်သူ မဟုတ်ပါဘူး၊ ဘေးအန္တရာယ်တွေကိုဖယ်ရှားပေးဖို့ ဖေဖေကလွှတ်လိုက်လို့ လာခဲ့ရတာပါ၊ နောက်ပြီး ကျွန်မတို့ သားအဖနဲ့ တွေ့ချင်ရင် ဒီနေရာမှာ တွေ့ရမှာ မဟုတ်ပါဘူး၊ ဒီနေရာမှာက တခြားအစောင့်တွေပဲ ရှိပါတယ်"

"မင်းတို့နေတာက ဘယ်နေရာမှာလဲ"

"ကျွန်မတို့ နေတဲ့နေရာက မဟာဗောဓိဘုရားရှိတဲ့နေရာပါ၊ ကဲ. . ကျွန်မတို့ သွားကြရအောင်"

ဟုခေါ်သဖြင့် ဒေါက်တာမင်းထင်ကျော်လည်း ဘုရားတရားကို စိတ်ထဲက အာရုံပြုကာ စည်းအပြင်သို့ ထွက်လိုက်လေသည်။

စည်းအပြင်ရောက်တော့လည်း အခြေအနေက ပြောင်းမသွားပဲ မြလေးနွယ်ဆိုသော အမျိုးသမီးက နေရာ၌



www.burmeseclassic.com

www.burmeseclassic.com



ပင် ရပ်နေလေသည်။

သို့ကြောင့် စိတ်ချလက်ချနှင့်ပင် သူမခေါ်ရာနောက်သို့ လိုက်သွားလေသည်။

မဟာဗောဓိဘုရားရှိသော နေရာရောက်တော့ မြောက်ဘက်သို့သွားရာ ကိုင်းပင်များ၊ သစ်ပင်များကြား၌ ဆောက်ထားသော တိုက်ပျက်ကြီးတစ်လုံးကို တွေ့ရလေသည်။

တိုက်ပေါက်ဝမှာတော့ ပါးပျဉ်းထောင်နေသည့်ပင် လူနှစ်ရပ်ထက်မက ပိုမြင့်သော မြွေကြီးတစ်ကောင်ကို တွေ့ရသည်။ ၎င်းက နီရဲနေသော မျက်လုံးဖြင့် ဒေါက်တာမင်းထင်ကျော်ကိုကြည့်ကာ ပေါက်ချတော့မည် ဟန်တပြင်ပြင် ဖြစ်နေသောကြောင့် မြလေးနွယ်က ဟန့်တားလိုက်သည်။

"ဟဲ့. . ဖေသုံးက ငြိမ်ငြိမ်နေစမ်းဟဲ့၊ ဒါ ရန်မူရမယ့် ရန်သူမဟုတ်ဘူး၊ မိတ်ဆွေအဖြစ်နဲ့ လာတာဟဲ့"

ထိုသို့ပြောပြီး လက်ဖြင့်ဖေ့ယမ်းလိုက်တော့ ပါးပျဉ်းသိမ်းကာ ငြိမ်ကျသွားလေတော့သည်။

ထိုအခါမှ တိုက်ကြီးအတွင်းသို့ ဝင်သွားကြရသည်။

အတွင်းရောက်တော့မှ အပြင်နှင့် လုံးဝမတူပဲ ရွှေရောင်၊ ငွေရောင် မီးရောင်များနှင့် လင်းလက်တောက်ပနေသော ခမ်းနားထယ်ဝါမှုများကို တွေ့မြင်ရလေသည်။

ဧည့်ခန်းသို့ ရောက်တော့မှ အသင့်စောင့်နေကြ





သည့် နောက်ထပ်လူနှစ်ယောက်ကို ထပ်တွေ့ရလေသည်။

နှစ်ယောက်စလုံး ရှေးခေတ်အဝတ်အစားများကိုပင် ဝတ်ဆင်ထားကာ ပြုံးရွှင်သော အမူအယာဖြင့် ဆီးကြိုနေကြလေသည်။

"ဘောဂဗလ စံအိမ်ကြီးထဲကို နှစ်ပေါင်းလေးရာကျော်ကြာမှ ပထမဆုံးရောက်လာတဲ့ ဧည့်သည်တော်ကို ကျုပ်တို့ကလည်း ကြိုဆိုပါတယ်၊ ကျုပ်က တခြားသူ မဟုတ်ပါဘူး၊ မောင်ရင်တွေ့ချင်တဲ့ သူဌေးကြီး ဘောဂဗလပါပဲ၊ သူကတော့ မောင်ဒီပလို့ ခေါ်ပါတယ်"

သူဌေးကြီးကကိုယ်တိုင် မိတ်ဆက်ပေးသောအခါ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ အံ့ဩသွားလေသည်။

စက္ကောမပညာရှင် မောင်ဒီပကို သိုက်ထဲတွင် ပြန်တွေ့နေရသောကြောင့်ပင် ဖြစ်ပေသည်။

ထို့နောက် သူဌေးကြီးက ဧည့်ခန်းသို့ ခေါ်သွားလေသည်။ ရွှေဖြင့် ပြုလုပ်ထားသော အသုံးအဆောင် ပစ္စည်းများနှင့် ရွှေနန်းတော်ကြီးတမျှ ဝင်းလက်တောက်ပနေသော နေရာပင် ဖြစ်သည်။ ထိုနေရာရောက်တော့မှ အစေအပါးများကို ကောင်းမွန်သော အစားအသောက်များ ယူလာစေပြီး ကျွေးမွေးဧည့်ခံလေသည်။ များစွာအရသာရှိလှသည့် အစားအသောက်များပင် ဖြစ်ကြပေသည်။

"ကျုပ်တို့နဲ့ တွေ့ချင်တာ ဘယ်လိုကိစ္စထူးများ ရှိလို့



www.burmeseclassic.com

www.burmeseclassic.com



လည်းကွယ်”

“တခြားတော့ မရှိပါဘူး ခင်ဗျာ၊ ထူးခြားဆန်းကြယ်တဲ့ နေရာတွေကို လေ့လာကြည့်ချင်တာပါ၊ နောက်ပြီး ကျွန်တော်တို့ အကူအညီ ပေးနိုင်တာတွေ ရှိရင်လည်း တတ်နိုင်သမျှ အကူအညီ ပေးချင်ပါတယ်”

“ဒီစကားကြားရတာ ဝမ်းသာလှပေါ့မောင်ရယ်၊ ကျုပ်တို့ကလည်း လူတိုင်းနဲ့ တွေ့ခွင့်မရကြဘူး၊ ဒီလို သဟာဇာတဖြစ်တဲ့ လူမျိုးနဲ့ တွေ့ရဆုံရတာ ကုသိုလ်ကံထူးတယ်လို့ ဆိုရတော့မှာပဲ၊ ကဲ. . ကဲ. . ကျုပ်လည်း ဘုရားဝတ်ပြုချိန်နီးနေလို့ သွားလိုက်ဦးမယ်၊ သူတို့နဲ့ နေနှင့်ဦးပေါ့”

ဟု ပြောဆိုကာ သူဌေးကြီးက နေရာမှ ထသွားလေသည်။ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ သူ့ရှေ့မှာရှိနေသော မောင်ဒီပနှင့် မြလေးနွယ်တို့မှာ နေနှင့်လပမာ လိုက်ဖက်လှသည်ဟု ထင်မိလေသည်။

“ကျွန်တော် သိချင်တာက ကိုဒီပက ဒီသိုက်ထဲကို ဘယ်လိုပြန်ရောက်နေတာလဲ”

“မှန်တာပြောရရင်တော့ သူ့ကို စွဲလန်းတဲ့ စိတ်နဲ့သေပြီးတဲ့နောက် ရောက်ခဲ့ရတာပါပဲ”

“အခုလိုရောက်လာတော့ လူ့ဘဝကရှိခဲ့တဲ့ အာဃာတ တရားတွေ မရှိတော့ဘူးလား”

“ဘဝခြားခဲ့ပြီဆိုတော့ ဒါတွေလည်း မရှိတော့ပါဘူး





ဗျာ၊ အခုတော့ ဘဝသစ်မျိုးနဲ့ပဲ နေပါတော့တယ်”

“ဒါထက် ဘောဂဗလ စံအိမ်ဟောင်းကြီးမှာ ရှေးဟောင်းမပညာနဲ့ ကိုဒီပ စီရင်ထားတာတွေ ရှိသေးသလား”

“ရှိပါသေးတယ်၊ ဒါတွေက ဖျက်ဆီးမပစ်ရင် ဘယ်တော့မှ မပျက်ပါဘူး၊ ခင်ဗျား လေ့လာကြည့်ချင်တယ် ဆိုရင်တော့ အခြေအနေပေးတဲ့နေ့မှာ ကျွန်တော်ကိုယ်တိုင် ပြပေးပါ့မယ်”

“ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီလိုဆိုရင်တော့. . ကျွန်တော် ပြန်ပါတော့မယ်”

ထိုအခါ မြလေးနွယ်က ဝင်ရောက်ဟန့်တားလေသည်။

“အခုမှ သန်းခေါင်ယံအချိန်ပဲရှိသေးတော့ မောင်ကြီးပြန်လို့ မသင့်သေးဘူး၊ ဒီအချိန်ပြန်ရင် မကောင်းဆိုးဝါး အနှောက်အယှက်တွေနဲ့ တွေ့ရလိမ့်မယ်၊ အရုဏ်တက်ချိန်မှပြန်ရင် အားလုံးရှင်းပါလိမ့်မယ်၊ အချိန်ရှိသေးတုန်း၊ ကျွန်မတို့ပိုင်ဆိုင်တဲ့ ဥစ္စာရတနာတွေကို လိုက်ပြပေးပါ့မယ်”

ဟု ပြောဆိုကာ ခေါ်သဖြင့် ဒေါက်တာမင်းထင်ကျော်လည်း ထလိုက်သွားလေသည်။

စံအိမ်ကြီး အတွင်းပိုင်းရောက်တော့ လျှို့ဝှက်စွာ တပ်ဆင်ထားသော ယန္တယားများကို တွေ့မြင်ရလေသည်။ အန္တရာယ်ရှိသောနေရာရောက်လျှင် မောင်ဒီပက ပြောပြပေး



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ တစ်နေရာရောက်တော့ မြေအောက်ဆင်းသော လှေခါးထစ်များတွေ့သဖြင့် ဆင်းသွားကြလေသည်။

မြေအောက်ခန်းရောက်တော့ စက်ယန္တယားများ အထပ်ထပ်တပ်ဆင်ထားသော တံခါးများကို ဖြတ်ကျော်သွားပြီးတော့မှ ရတနာ့ပစ္စည်းများထားသော အခန်းသို့ ရောက်သွားလေသည်။

ထိုအခန်းတွင်းမှာတော့ မီးရောင်များ လင်းထိန်နေသဖြင့် တောင်ပုံရာပုံဖြစ်နေသော ရွှေငွေကျောက်မျက်ရတနာတို့ကို တွေ့ရသည်။

ကြီးမားသောရွှေဖြင့် ပြုလုပ်ထားသော ရွှေအုတ်ပုံကြီးလည်း တွေ့ရသည်။ ရွှေမန်ကျည်းတောင့်များ၊ ပတ္တမြားစိန်မြတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်တန်ဆာ အမြောက်အများကိုလည်း တွေ့ရသည်။

မြလေးနွယ် ပြောပြချက်အရ နန်းမတော်မယ်နု ပိုင်ဆိုင်သော နန်းစဉ်ရတနာတို့ပင် ထိုသိုက်ထဲသို့ ရောက်နေကြောင်း သိရသည်။

ထိုမျှများပြားသော ရွှေငွေရတနာပစ္စည်းများကို မြင်တွေ့နေရသော်လည်း ဦးစာညီနှင့် တွေ့စဉ်က အတန်တန်မှာလိုက်သဖြင့် စိတ်နှင့်ပင် မပစ်မှားဝံ့ပေ။

မောင်ဒီပနှင့် မြလေးနွယ်တို့က ဘောဂဗလသိုက်ကြီးအတွင်း နေရာအနှံ့ လိုက်ပြပြီးတော့မှ ပြန်ပို့ပေးကြလေသည်။ အပြင်သို့ ပြန်ရောက်ပြီး ကြည့်လိုက်သောအခါ အရုဏ်တက်ချိန် ရောက်နေပြီမို့ အရှေ့ဘက်ကောင်းကင်၌ အလင်းရောင်များ ရှိနေပေပြီ။





သူရောက်နေသော နေရာမှာလည်း အခြားမဟုတ်ပဲ ဦးသတ္တနှင့် မြသင်းကြူတို့နေသော အိမ်ရှေ့သို့ပင် ပြန်ရောက်နေသည်ကို တွေ့ရပေတော့သည်။

လောကတွင် သာမန်လူတို့ ဉာဏ်တစ်ထွာတစ်မိုက်လောက်နှင့် လိုက်မမီနိုင်သော ထူးခြားဆန်းကြယ်သော အကြောင်းအရာများစွာ ရှိပေရာ 'မရဏသိုက်ကုန်း'ဟုခေါ်ဝေါ်ကြသော ဘောဂဗလသိုက်ကုန်းလည်း တစ်နေရာ အပါအဝင် ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မရဏသိုက်ကုန်း)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးတမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိယာဟောတု သမ္မီအတ္တာနံ ပရိဟရန္တု



ကျိုးချိန်။ ။၂၀၁၅ခုနှစ်၊ နိုဝင်ဘာ(၇)ရက် စနေနေ့၊ နံနက်(၁၁)နာရီ။



www.burmeseclassic.com